http://www.dhammadownload.com

- ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏အထင်ကရတစ်ဘဝသာသနာ
- သုံးသပ်ဝေဖန်ဉာဏ်ပဋိဘာန်
- ယူသာနေးစီးယားပြဿနာနှင့်မဟာစည်ဆရာတော်အဆုံးအဖြတ်
- သေခြင်းဆိုင်ရာအမေးပုစ္ဆာများ
- နာနာဘာဝဝိနာဘာဝအဆုံးအဖြတ်
- သူ့ကြွေးရှိရင်ဆပ်ရတယ်
- ဝိပဿနာအားထုတ်ခြင်းဖြင့် ရောဂါဆိုးများပျောက်ကင်းခြင်း
- မေတ္တာအင်အားနှင့်ထူးခြားသောသာကေများ
- နတ်ရထားများဆိုက်ရောက်လာခြင်း
- အံ့ဖွယ်သပိတ်ထူးနှင့်သရဏဂုံရကျင့်စဉ်
- အင်ဒိုနီးရှားမှာ ဗုဒ္ဓဘာသာ သာသနာပြန်လည်ရှင်သန်စေခဲ့ပြီ
- ကမ္ဘောဒီးယားသာသနာပြုခရီးမှ အမေးပုစ္ဆာရှင်းလင်းချက်များ
- သာသနာငါးထောင်ရှင်းတမ်း

(2010) GRAPHIC DESING : NYEIN CHAN THA

မဟာစည်ဆရာတော်ဘုရားကြီး၏သာသနာငါးထောင်ရှင်းတမ်း - မောင်သွေးချွန် (စုစည်းပူဇော်သည်)

နမောတဿဗုဒ္ဓဝိရဋ္ဌ။

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး၏


အထင်ကရတစ်ဘဝသာသနာမိတ်ဆက်နိဒါန်းပူဇော်လွှာနှင့်

# သာသနာငါးထောင်ရှင်းတမ်း



မောင်သွေးချွန် (စုစည်းပူဇော်သည်)

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂါယနာပုစ္ဆက နိုင်ငံတော်ဩဝါဒစရိယ၊ ကမ္ဘာ့သာသနာပြု

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

အဓိဋ္ဌာန်

အဖကိုယ်စား။ သာသနာထား၍
အမိကိုယ်စား။ နိုင်ငံထား၍
ချစ်သားပြုစု၊ လုပ်ကျွေးမှုဖြင့်
နရာမှုရင့်၊ ရင့်ပြီးပွင့်အောင်
ငွဲ့ဖြင့်နှောင်
ကျင့်ဆောင်အားသစ်ရပါစေ။

မောင်သွေးချွန်

အမှတ်(၇၄)၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၆၀၆၇၀၊ ၀၉၅၀၅၆၃၆၉

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်
ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးရည်မှန်းချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးရည်မှန်းချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးရည်မှန်းချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရတ္ထု

ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး၏

# အထင်ကရတစ်ဘဝသာသနာ မိတ်ဆက်နိဒါန်းပူဇော်လွှာနှင့် သာသနာ့ငါးထောင်ရှင်းတမ်း

မောင်သွေးချွန်
စုစည်းပူဇော်သည်

http://www.dhammadownload.com

၂၉၄.၃
သွေးရွှန်း၊ မောင်
အထင်ကရ တစ်ဘဝသာသနာ စိတ်ဆက်နိဒါန်းပဓော်လှာနှင့်
သာသနာ၀င်ထောင်ရှင်းတမ်း/မောင်သွေးရွှန်း၊ - ရန်ကုန်၊
သုဝဏ္ဏသျှမ်စာပေ၊ ၂၀၀၉၊
၁၅၀ - တ၊ ၁၂.၅ × ၁၈ စင်တီ၊
(၁) အထင်ကရ တစ်ဘဝသာသနာ စိတ်ဆက်နိဒါန်းပဓော်လှာနှင့်
သာသနာ၀င်ထောင်ရှင်းတမ်း

ပထမအကြိမ်
၁၃၇၁ ခု၊ တပို့တွဲ
၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

| | | |
|---|---|---|
| တမူခွင့်ပြုချက်အမှတ် | - | ၃၂၅၈၀၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၅၄၁၁၀၀၉ |
| အုပ်ရေ | - | ၁၀၀၀အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| တစ် | - | ပန်းချောင်းစာပေ |
| အတွင်းဇလင် | - | AZ |

ထုတ်ဝေသူ
ဦးစိန်မြင့်၊ သုဝဏ္ဏသျှမ်စာစဉ်
၇၄ - သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်သင်းသင်း၊ ရွှေမြို့တော်ပုံနှိပ်တိုက်
အမှတ်(၁၉) E၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား၊ (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

တန်ဖိုး - ၁၂၅၀ကျပ်

ပွပ်းမံဝန်တီးပူ - ငြိမ်းချမ်းသာ၊ ဝင်းဇော်ဦး

http://www.dhammadownload.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ကျေးဌူးရှင် မဟာစည်ဆရာတော်ကြီး၏ အထင်ကရတစ်ဘဝသာသနာ(၁) | --- | ၇ |
| ၂။ | ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ အထင်ကရ တစ်ဘဝသာသနာ(၂) | --- | ၂၅ |
| ၃။ | သုံးသပ်ဝေဖန်ဉာဏ်ပဋိဘာန် | --- | ၅၁ |
| ၄။ | ယူသာနေးစီးယားပြဿနာနှင့်မဟာစည်ဆရာတော် အဆုံးအဖြတ် | --- | ၆၃ |
| ၅။ | သေခြင်းဆိုင်ရာအမေးပုစ္ဆာများ | --- | ၇၁ |
| ၆။ | နာနာဘာဝဝိနာဘာဝအဆုံးအဖြတ် | --- | ၇၉ |
| ၇။ | သူ့ကြွေးရှိရင်ဆပ်ရတယ် | --- | ၈၅ |

http://www.dhammadownload.com


၈။ ဝိပဿနာအားထုတ်ခြင်းဖြင့် ရောဂါဆိုးများ ပျောက်ကင်းခြင်း --- ၇၉

၉။ မေတ္တာအင်အားနှင့်ထူးခြားသောသာဓကများ --- ၁၀၁

၁၀။ နတ်ရထားများဆိုက်ရောက်လာခြင်း --- ၁၀၇

၁၁။ အဲ့ဖွယ်သပိတ်ထူးနှင့်သရဏဂုံရကျင့်စဉ် --- ၁၁၃

၁၂။ ဝိပဿနာအတုနှင့်ဒါနပြုခြင်း --- ၁၁၇

၁၃။ ဘဝအကျိုးပေးနှင့်ဝိပဿနာအမြင် --- ၁၂၇

၁၄။ အင်ဒိုနီးရှားမှာဗုဒ္ဓသာသနာပြန်လည်ရှင်သန်စေခဲ့ပြီ --- ၁၃၃

၁၅။ ကမ္ဘာ့သာသနာပြုခရီးမှ အမေးပုစ္ဆာရှင်းလင်းချက်များ --- ၁၃၉

၁၆။ သာသနာ့ငါးထောင်ရှင်းတမ်း ---- ၁၄၅

http://www.dhammadownload.com

### မဟာစည်ဆရာတော်ဘုရားကြီး၏

# တစ်ဘဝသာသနာ မိတ်ဆက်နိဒါန်းပူဇော်လွှာ

ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်မြတ်ကြီးအား နေလိုလလိုထွန်းလင်း အောင်စွမ်းဆောင်ခဲ့သော ဆရာတော်ကြီးများတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးလည်း တစ်ပါးအပါအဝင်ဖြစ်ပါသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဖူးခွင့်မကြုံလိုက်သော်လည်း ဆရာတော်ကြီး၏ ဓမ္မအမွေဟုဆိုအပ်သော ဓမ္မစာပေများကိုကား လက်လှမ်းမီသမျှ ဖတ်မှတ်ကြည့်ညှိခွင့်ရခဲ့ပါသည်။ မဟာစည်တည်းဟူသောပင်စည်ကြီးမှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ပဋိဝေဓတည်းဟူသော အကိုင်းကြီး သုံးကိုင်းသည် ဖြာထွက်နေလျှက် အရွက်အဖူးအပွင့် အသီးတို့ဖြင့် သူ့နေရာနှင့်သူ လှပဝေဆာတင့်တင့် တယ်တယ် အေးရိပ်ကြွယ်လျက်ရှိသည်ဟု ခံစားခဲ့ရပါသည်။

ကျွန်တော်တို့၏ ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည်လည်း ယောဂီဦးငြိမ်းဘဝဖြင့် မဟာစည်ရိပ်သာကြီးတွင် အားထုတ်ခဲ့ဖူးလေရာ အကြောင်းတိုက်ဆိုင်တိုင်း မဟာစည်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများကို

http://www.dhammadownload.com



အထူးတလေ ပြောပြတတ်ပါသည်။ အခြားအခြားသော ဆရာတော်ကြီးများ ထံမှလည်း မဟာစည်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်အနန္တကိုကြားနာ ကြည်ညိုခဲ့ရဖူးပါသည်။ ကျွန်တော့်မှာ ဆရာတော်ကြီးဘာသာပြန်သော "ဝိသုဒ္ဓိမဂ်" တစ်ကျမ်းတည်းဖြင့်ပင် ဆရာတော်ကြီး၏ဉာဏ်တော်ကို အံ့သြကြည်ညို၍ မဆုံးနိုင်အောင် ရှိခဲ့ရပါသည်။

ဤသို့ဖြင့် ၂၀၀၄ ခုနှစ် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့်မွေးနေ့ပူဇော ရာပြည့်ပွဲတော်ကြီးအကြိုကာလသို့ ရောက်ခဲ့ပါသည်။ တစ်ခုသော နံနက်ခင်းတွင် မဟာစည်အလုပ်အမှုဆောင် ဦးသိန်းထိုက်ဦးနှင့် ဆရာမြသန်းစံတို့က ကျွန်တော့်အားအရေးတကြီး ဆက်သွယ်လာပါသည်။

ဆရာမြသန်းစံက ...

"ကိုသွေးချွန် ...ကူညီဦး ... ကျွန်တော်ရိုပ်သာဝင်မှာမို့ရေးလက်စ ဇာတ်ညွှန်းက လေးမျက်နှာလောက်ပဲပြီးသေးတယ်၊ အဲဒါ ကိုသွေးချွန်ဆက် ရေးပေးဦး" ဟု အလောတကြီးပြောလာပါသည်။

"ဘာအကြောင်းအရာလဲဆိုတာ ပြောပါဦး"

"မဟာစည်ဆရာတော်ကြီး ရာပြည့်ပူဇော်ပွဲအတွက် ထေရုပ္ပတ္တိအကျဉ်း ကို ရုပ်ရှင်ရိုက်ပြီးပူဇော်မှာ၊ အချိန်ကသိပ်မရတော့ဘူး၊ ကျွန်တော်လည်း မအားတော့ဘူး၊ ကူညီနိုင်မယ့်သူဆိုလို့ ကိုသွေးချွန်ကိုပဲ ကျွန်တော်မြင်လိုက်တယ်"

ကျွန်တော့်မှာ ရုပ်ရှင်ဇာတ်ညွှန်းတစ်ခါမှ မရေးဖူးပါ။ သို့သော် ဆရာမြသန်းစံက ရေးလက်စ လေးမျက်နှာနမူနာပို့လိုက်ပါသည်။ ထိုလေးမျက်နှာမှာလည်း သင်္ဂါယနာတင်သမိုင်းကိုပျိုးထားခြင်းဖြစ်ပြီး အဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် မဟာစည်ဆရာတော်ဟူ၍ ထင်ပေါ်လာပုံမိတ်ဆက်ပေးရုံမျှသာ ရှိပါသည်။ ကျန်တာတွေ ကျွန်တော်ဆက်ရေးရတော့မှာ ဖြစ်ပါသည်။

http://www.dhammadownload.com



"အချိန်ဘယ်လောက်ရမလဲ" ဟု ကျွန်တော် မေးလိုက်ပါသည်။

"တစ်ပတ်"

ဘုရား ...ဘုရား ...တစ်ပတ်ဟူသောအချိန်တိုလေးအတွင်းမှာ မဟာစည် ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာကို ကျွန်တော်ဖတ်စုံခင်းရတော့မှာ ပါလား။

"ကျွန်တော် စာဖတ်ရမယ်ဗျ။ မဟာစည်ဆရာတော်ကြီးရေးသမျှ စာအုပ်တွေ ကျွန်တော့်မှာ အကုန်မရှိဘူး"

ဤတွင် ဆရာမြသန်းစံရော ဦးသိန်းထိုက်ဦးရော နှစ်ဦးလုံးက စာအုပ်တွေ ကားနှင့်တိုက်ပြီး ကျွန်တော့်အိမ်အရောက်လာပို့ပေးပါတော့သည်။ အချို့ကပ် သီးကပ်သတ်လိုနေသောစာအုပ်များကို မဟာစည်ရိပ်သာကြီးသို့သွားပြီး ရှာယူခဲ့ ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် သုံးလေးရက်အတွင်း နေ့မှန်းမသိ ညမှန်း မသိ နေ့မအိပ်ညမအိပ်ဆိုသလို မဟာစည်ဆရာတော်ကြီး၏ မွေစာပေများကို ကုန်းကြုံး ပြီး ဖတ်မှတ်ခဲ့ရပါတော့သည်။ ထူးခြားသော အရေးကြီးသောဖြစ်စဉ်များ မွေ အကြောင်းအရာများကို မျဉ်းသား၍ ကျွန်တော်၏ ဖတ်ညွှန်းအတွက် ထေးမှတ် ထားရပါသည်။

စာအုပ်တွေဖတ်ပြီးသောအခါ စာကိုသုံးလေးရက်အတွင်း နေ့မအိပ် ညမအိပ် ရေးခဲ့ရပြန်ပါသည်။ ကျွန်တော့်မှာ အလွန်ပင်ပန်းလှသော်လည်း ဤကဲ့သို့မအိပ် မနေရေးနေရသည်ကိုပင် စိတ်ပျော်ရွှင်တက်ကြွလျက် ရှိလေသည်။ ရေးနေရင်း ရံဖန်ရံခါ ဒေါမနဿစိတ်ဖြစ်ပေါ်ခဲ့သည်ကိုလည်း ဝန်ခံရပါမည်။ ဤသို့ဖြင့် ဖတ်ညွှန်းစာမူကို အဆုံးသတ်လိုက်သောအချိန် ပြက္ခဒိန်ကိုကြည့်လိုက်ရာ "ကဆုန်လပြည့်ဗုဒ္ဓနေ့" နှင့်အထူးတိုက်ဆိုင်နေသည်ကို တအံ့တဩတွေ့လိုက်ရ ပါသည်။ ကဆုန်လပြည့်ဗုဒ္ဓနေ့ကဲ့သို့သော အလွန်ထူးမြတ်သောအချိန်အခါ

http://www.dhammadownload.com



သမယကြီးတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ ဇာတ်ညွှန်းကို အပြီးသတ်ရေးနိုင်ခဲ့ခြင်းအတွက် ကျွန်တော်အလွန်ဂုဏ်ယူဝမ်းမြောက်လျက် ရှိခဲ့လေသည်။

တာဝန်ကြီးတစ်ရပ်ကို သတ်မှတ်ထားသော အချိန်တစ်ပတ်အတွင်း လှလှပပ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ကျွန်တော်သည် တစ်ယောက်တည်း ပီတိဖြစ်လျက်ရှိခဲ့၏။ တစ်ပတ်အတွင်းပြီးအောင် ဖတ်မှတ်ရေးသားနေခဲ့စဉ်က ပင်ပန်းလွန်းသဖြင့်ဖြစ်ပေါ်ခဲ့သော ဒေါမနဿစိတ်များလည်း ပိန်းကြာဖက်တွင် ရေမတင်ဆိုသကဲ့သို့ တစ်ခါတည်း လွင့်စင်သွားကာ ပီတိဖြင့်ချမ်းသာနေ၏။ မဟာစည် ရာပြည့်မော်ကွန်းတွင် မရေးဘဲချန်ထားခဲ့သော အကြောင်းအရာများကိုလည်း နေလဂျာနယ်တွင် ဆောင်းပါးများ အပတ်စဉ်ရေးဖြစ်သွားတော့၏။ မဟာစည် ဆရာတော်ကြီး၏ စာပေလက်ရာများနှင့် ပတ်သတ်လာလျှင် ကျွန်တော်သည် "အတော်နှံ့စပ်ခဲ့လေပြီ" ဟုလည်း မိမိကိုယ်ကိုကျေနပ်ဂုဏ်ယူခဲ့ပါ၏။ နေလဂျာနယ်တွင် ရေးသားခဲ့သော

- ယူသာနေးစီးယားပြဿနာ
- ဝိပဿနာအတုနှင့်ဒါနပြုခြင်း
- နတ်ရထားများဆိုက်ရောက်လာခြင်း

စသော အကြောင်းအရာများသည် ဝိပဿနာတည်းဟူသော လေးနက်သော ပင်စည်ပင်မကြီးတွင် သီးပွင့်နေသော အဖူးအပွင့်များပမာ တန်ဖိုးရှိရှိ တင့်တင့်တယ်နေသော အကြောင်းအရာများဟု ထင်ပါသည်။ ၂၀၀၉ ဧပြီလ ထုတ်ဝိဇ္ဇာမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့သော "သာသနာငါးထောင်ရှင်းတမ်း" ဆောင်းပါးသည်လည်း မဟာစည်ဆရာတော်ဘုရားကြီး၏လေးနက်သော ရှင်းလင်းချက်များဖြစ်ပါသည်။

သုသဏ္ဌာသျှမ်စာစဉ်

http://www.dhammadownload.com



မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစာပေလက်ရာများသည် သာသနာတော်ကြီး နှင့်အတူ တည်တံ့ရှင်သန်ပြန့်ပွားနေမည်ဟု ယုံကြည်ပါသည်။ ကျွန်တော်ရှာဖွေရေးသားခဲ့သောအကြောင်းအရာများမှာမဟာစည်တည်းဟူသော မိုးကောင်းကင်ကြီးမှ ကြယ်တစ်ပွင့်စာ ထွန်းလင်းရုံမျှသာ ရှိပါလိမ့်မည်။ မဟာစည်ရာပြည့်မော်ကွန်းအတွက် ကျွန်တော်ရေးပေးခဲ့သော "မဟာစည်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ(အကျဉ်း)" မိတ်ဆက်စာမှုကိုသူရဋ္ဌမဂ္ဂဇင်း(၂၀၀၄ ခုနှစ် ဇူလိုင်နှင့်ဩဂုတ်)တွင်လည်းကောင်း ဝိဇ္ဇာမဂ္ဂဇင်း(၂၀၀၈ခုနှစ် ဇွန်နှင့်ဇူလိုင်)လများတွင်လည်းကောင်း နစ်ကြိမ်ဖော်ပြခဲ့ပြီးဖြစ်ကြောင်း ဝန်ခံပါရစေ။

မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစာပေများကို ကောက်နုတ်ပူဇော်ခွင့်ရခဲ့သည့်အတွက် မဟာစည်သာသနာ့ရိပ်သာကြီး၏ အမှုဆောင်လူကြီး ဦးသိန်းထိုက်ဦး၊ ဆရာမြသန်းစံနှင့် ကျွန်တော်ရေးခဲ့သမျှ ဖော်ပြခဲ့သော မဂ္ဂဇင်းဂျာနယ်များကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ....။

သတ္တဝါများကျန်းမာချမ်းသာကြပါစေ

မောင်သွေးချွန်

၂၂.၈.၂၀၀၉

http://www.dhammadownload.com

http://www.dhammadownload.com

# ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏
# အထင်ကရတစ်ဘဝသာသနာ

## ဆဋ္ဌမသင်္ဂါယနာနှင့်မဟာစည်ဆရာတော်

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားဖို့အတွက် သင်္ဂါယနာတင်ခြင်းဟာ အင်မတန်အရေးပါလှပါတယ်၊ သင်္ဂါယနာတင်နိုင်ဖို့ ပဏ္ဍိယာနုဂ္ဂဟာဆိုတဲ့ အကြောင်းအထောက်အပံ့ တရားနှစ်ပါးဟာ လူ့ခန္ဓာကိုယ်ထဲက သွေးပြန်ကြောနဲ့ သွေးလွှတ်ကြောကြီးနှစ်ခုပမာ အရေးပါလှပါသည်၊ ဘယ်လောက်ချမ်းသာတဲ့ နိုင်ငံဖြစ်ဖြစ် ပဏ္ဍိယာနုဂ္ဂဟာ ဓမ္မာနုဂ္ဂဟာနဲ့ပြည့်စုံဖို့ မလွယ်ပါဘူး။ လွတ်လပ်ပြီးစ ပြာပုံထဲက ရုန်းထလာစ မြန်မာနိုင်ငံကတော့ တိုင်းပြည်ဆင်းရဲသည့်တိုင်အောင် စေတနာသဒ္ဓါတရားနဲ့ ပြည့်စုံချမ်းသာလှပါတယ်။

ဗုဒ္ဓဘာသာသမိုင်းမှာ သင်္ဂါယနာခြောက်ကြိမ်တင်ခဲ့တဲ့အနက် ပဉ္စမနဲ့ ဆဋ္ဌမအကြိမ်များဟာ မြန်မာနိုင်ငံမှာတင်ခဲ့ခြင်းပါတယ်။ ပဉ္စမသင်္ဂါယနာ တင်ပွဲကြီးကို မင်းတုန်းမင်းလက်ထက် မန္တလေးရတနာပုံနေပြည်တော်မှာ သာသနာနှစ် ၂၄၁၅ - ခုနှစ်က ကျင်းပပူဇော်နိုင်ခဲ့ပါတယ်။ ပဉ္စမသင်္ဂါယနာတင်ပြီး ၈၃ နှစ်အကြာ

http://www.dhammadownload.com



မြန်မာနိုင်ငံမှာပဲ ဆဋ္ဌမသင်္ဂါယနာတင်ပွဲကြီး ခြိမ့်ခြိမ့် သဲသဲကျင်းပပူဇော်နိုင်ခဲ့ ပြန်ပါတယ်။ ပဥ္စမသင်္ဂါယနာတင်ပြီးတဲ့နောက် သီပေါမင်းလက်ထက်မှာ မြန်မာနိုင်ငံဟာ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ကိုလိုနီ၊ သူ့ကျွန်ဘဝ ကျရောက်ခဲ့ပါတယ်။ သူ့ကျွန်ဘဝ မြန်မာ့မြေပေါ်မှာ ဗုဒ္ဓသာသနာတော်ဟာမှေးမှိန်ခဲ့ပါတယ်။ ဆုတ်ယုတ်ခဲ့ရပါတယ်။ ညှိုးနွမ်းခဲ့ရပါတယ်။ ဒါကြောင့် တိုင်းပြည်လွတ်လပ်ရေးရပြီး ရှစ်နှစ်အကြာ ရောင်စုံသူပုန်တွေ ထကြွဆူပူနေတဲ့ကြားထဲကပဲ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပ နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

သူ့ကျွန်ဘဝ မှေးမှိန်ညှိုးနွမ်းခဲ့တဲ့ ဘုရားသာသနာ မြန်မာ့လွတ်လပ်ရေးနဲ့ အတူပွင့်လန်းတင့်ဆန်းပြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေဖို့ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ ခြင်း ဖြစ်ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဟာ သာသနာ ၂၅၀၀ ဗုဒ္ဓဇယန္တိ ပွဲတော်ကြီးရဲ့ အထိမ်းအမှတ်- မဟာအောင်ပွဲလည်း ဖြစ်ပါတယ်။ ဆဋ္ဌသင်္ဂါ ယနာတင်ပွဲကြီး ကို သာသနာတော်နှစ် ၂၄၉၈ ခုနှစ်မှာ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းတော် မဟာပါသဏလိုဏ်ဂူတော်မှာ ထေရဝါဒဗုဒ္ဓဘာသာ(၅)နိုင်ငံ(မြန်မာ၊ ယိုးဒယား၊ လာအို၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား)က ရဟန်းသံဃာတော်ပေါင်း ၂၅၀၀ နဲ့ ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။

ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးရဲ့ခေါင်းဆောင် သံဃာသုံးပါးကတော့ -

၁။ ညောင်ရမ်းဆရာတော် ဘုရားကြီး အရှင်ရေဝတ

၂။ မဟာစည်ဆရာတော် ဦးသောဘန

၃။ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့ ဖြစ်ပါတယ်။

ညောင်ရမ်း ဆရာတော်ဘုရားကြီးဟာ ဗုဒ္ဓဘာသာဝင်များ မှီခိုအားထားရတဲ့ ထေရ်ကြီးဝါကြီးဖြစ်ပြီး မဟာစည်ဆရာတော်မှာ ဆဋ္ဌသင်္ဂါယနာတင်ချိန်က သက်တော် ၅၀ မျှသာ ရှိပါသေးတယ်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရှင်ဖြစ်ပြီး ဆဋ္ဌမ

http://www.dhammadownload.com



သင်္ဂါယနာတင်ပွဲကြီးမှာ အမေး(ပုစ္ဆက)ဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့ပါတယ်။ မင်းကွန်းဆရာတော်ကတော့ ဆဋ္ဌသင်္ဂါယနာတင်ချိန်မှာ သက်တော်(၄၃)နှစ်မျှသာ ရှိပါသေးတယ်။ ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋက ဓမ္မ ဘဏ္ဍာဂါရိကဘွဲ့ရှင်ဖြစ်ပြီး အဖြေ(ဝိသဇ္ဇက)ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါတယ်။

မဟာစည်ဆရာတော်ဟာ ဆဋ္ဌသင်္ဂါယနာတင်ခြင်းဆိုတဲ့ မိုးကောင်းကင်မှာ နေမင်းလမင်းပမာ ထင်ရှားလာပါတော့တယ်။ အစပထမတော့ ကမ္မဋ္ဌာန်းဘုန်းကြီးလေး ဖြစ်ပုံမလားရယ်လို့ သံသယဝင်ရှိကြပါသေးတယ်။ ဟုတ်ပါတယ်၊ ဆဋ္ဌသင်္ဂါယနာပွဲကြီးမတိုင်မီက မဟာစည်ဆရာတော်ဟာ ကမ္မဋ္ဌာန်းဘုန်းကြီး(ဝါ)ကမ္မဋ္ဌာနစရိယ ဝိပဿနာတရားပြဆရာတော်အဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာတော့ စာပေပရိယတ္တိဘက်ကလည်း သက်သေပြနိုင်ခဲ့ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်များကို စာအုပ်အဖြစ် စက်တင်ပုံနှိပ်ရာမှာလည်း မဟာစည်ဆရာတော်ကပဲ ကြီးကြပ်တည်းဖြတ်ပေးခဲ့ ရပါတယ်။

ရွှေဘိုနယ်မှာ ကမ္မဋ္ဌာန်းဘုန်းကြီးလေးအဖြစ် နာမည်ကျော်နေတဲ့ မဟာစည်ဆရာတော်ဟာ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးနဲ့အတူ မြန်မာ ကမ္ဘာ ဗုဒ္ဓဘာသာလောကမှာ အထူးထင်ပေါ်ကျော်ကြားသွားပါတော့တယ်။

**ငယ်စဉ်ဘဝ ဇီဝပါရမီ**

အလောင်းမင်းတရား ဦးအောင်ဇေယျရဲ့ရာဇအောင်မြေ မွေးအောင် မြေဖြစ်တဲ့ ရွှေဘိုမြို့နဲ့ (၇)မိုင်အကွာ ဆိပ်ခွန်ရွာမှာ မဟာစည်လောင်းလျာကို ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်အုပ်တို့မှ ကောဇာနှစ် ၁၂၆၆ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် (၂၉ ဇူလိုင်၊ ၁၉၀၄) သောကြာနေ့မှာ မွေးဖွားခဲ့ပါတယ်။ ဆရာတော်

http://www.dhammadownload.com



လောင်းလျာဖွားမြင်တဲ့နှစ်က ရွှေဘိုတစ်ခရိုင်လုံး မိုးကောင်းခဲ့ပြီး စပါး၊ ပဲ၊ ပြောင်း သီးနှံတွေ မကြုံစဖူး၊ အထူးအထွက်တိုးခဲ့ပါတယ်။ ဆရာတော်လောင်းလျာရဲ့ ဖွားမြင်ခြင်းဟာ လောကကမ္ဘာ စည်ပင်ချမ်းသာစေမယ့် ပုဗ္ဗနိမိတ်ပါပဲ။ ဒါကြောင့် လည်း ဆိပ်ခွန်တစ်ရွာလုံးက အမျိုးသမီးတွေ မယ်တော်ကြီးရဲ့ မီးနေစခန်းထဲ ရောက်လာကြပြီး ကလေးငယ် ဆရာတော်လောင်းလျာကို ဝိုင်းအုံကြည့်ကြ၊ မင်္ဂလာစကားပြောကြ၊ ချီးကျူးကြနဲ့ လောကကိုကျော် ထင်ပေါ်မယ့်နိမိတ်ဆောင် ခဲ့ပါတယ်။

ဆရာတော်လောင်းလျာမှာ မွေးချင်းခုနစ်ယောက်ရှိခဲ့ပြီး ဆရာတော် လောင်းလျာဟာ ဒုတိယမြောက်သားရတနာဖြစ်ပါတယ်။ ငယ်နာမည် မောင်သွင် ဖြစ်ပြီး အသက် ၁၂ နှစ်အရွယ်မှာ အရှင်အာဒိစ္စထေရ်ကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေ ဖြစ်ခဲ့ပါတယ်။ အသံနဲ့ ဥပဓိရုပ်ကောင်းခြင်းတို့ကြောင့် ဘွဲ့တော် "ရှင်သောဘန" လို့ ဖွဲ့ချည်ခဲ့ပါတယ်။

ရှင်သာမဏေ ဘဝမှာပင် ဇာတ်ကြီးဆယ်ဘွဲ့၊ ဝိနည်းပါဠိတော်၊ ဝိနည်းအဋ္ဌ ကထာ၊ ကစ္စည်းသဒ္ဒါကြီး၊ အဘိ မွှောသင်္ဂြိုဟ်ကျမ်း၊ ပဒရူပသိဒ္ဓိကျမ်း၊ မုခမတ္တ ဒီပနီတို့ကို သိန္ဓောမြင်းစိုင်းနှင်သကဲ့သို့ လျင်မြန်ပေါက်မြောက် ခရီးရောက်အောင် သင်ကြားလေ့ကျင့်တော်မူခဲ့ပါတယ်။ ဋီကာကျော်ကျမ်းကိုတော့ အရေကျက် အာဂုံ ဆောင်တော်မူခဲ့ပါတယ်။ အရှင်အာစာရ၊ အရှင်ပရမ စာချဆရာတော်များထံ တော်မှာ စာဝါများသင်ယူတတ်မြောက်ခဲ့ပါတယ်။ အရှင်စန္ဒိမာထံမှာ အင်္ဂလိပ်စာကို အတော်အသင့် သင်ယူခဲ့ပါတယ်။ ဝိဘင်းပါဠိ၊ အဋ္ဌကထာ၊ မူလဋီကာများ သင်ယူတတ်မြောက်ပြီး အသက် ၁၉ နှစ် ၄ လရှိချိန် ၁၂၈၅ – ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၄)ရက်၊ တနင်္လာနေ့မှာ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော် မူခဲ့ပါတယ်။

http://www.dhammadownload.com



ရဟန်းဒါယကာ ဦးအောင်ဘော် + ရဟန်းဒါယိကာမ ဒေါ်သစ်တို့ရဲ့ ပစ္စယာနုဂ္ဂဟဖြင့် အင်ကြင်းတောရတိုက် ဗုဒ္ဓသိမ်တော်မှာ ဂိုဏ်းချုပ်သုမေဓာ ဆရာတော်ကြီးအရှင်နိမ္မလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အရှင်ပရမမဟာထေရ် စသော ကမ္မဝါဆရာတော်များနဲ့ ၃၅ ပါးသော ကာရကသံဃာတော်တို့ရဲ့ ချီးမြှောက်မှုနဲ့ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

မဟာစည်လောင်းလျာ အရှင်သောဘနဟာ အရှင်ပရမထံမှာ ပါဠိအဋ္ဌကထာများ ဆက်လက်သင်ယူရင်း သီလတည်းဟူသော အောက်ခြေကျောက်ဖြေကို ခိုင်မာစေတော်မူခဲ့ပါတယ်။ မချွတ်မယွင်း၊ မကွဲအက်၊ မကျိုးပဲ့အောင် စောင့်ရှောက်တော်မူခဲ့ပါတယ်။ အရှင်သောဘနဟာ ရဟန်းပြုပြီး ၄ လအကြာမှာပင် ဓုတင်အကျင့်ကို ဆောင်တော်မူခဲ့ပါတယ်။ ဓုတင်အကျင့်ဟူသည် ပင်ပန်းဆင်းရဲသည် မှန်သော်လည်း ကိလေသာတို့ကို ခေါင်းပါးငြိမ်သက်စေပါတယ်။ ဆရာတော်လောင်းလျာဟာ ဆွမ်းမခံမီ စာသင်စာချခြင်း၊ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ် စသည်တို့ကို ပြုတော်မူပြီးမှ မြတ်စွာဘုရားရုပ်ပွားတော်ကို ထိခြင်းကြီးငါးပါးနဲ့ ကန်တော့လျက် –

"အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင် သမာဒိယာမိ"

"ဆွမ်းခံ၍ရသော ဆွမ်းထက် အပို အလွန်ဖြစ်သော လာဘ်များကို ပယ်ပါ၏။ ဆွမ်းအကျိုးငှာ လှည့်လည်ခြင်း အလေ့ရှိသော ရဟန်း၏အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏" လို့ အာမဘာသန္တေခံကြီး စကျွန်ကန္တေရျလျက် ဆွမ်းခံကြွလေ့ရှိခဲ့ပါတယ်။ ရဟန်းဖြစ်တော်မူစကပင် ကြည်ညိုဖွယ်ပုံရိပ်သွင်နဲ့ ပြည့်စုံတော်မူခဲ့ပါတယ်။

မဟာစည်လောင်းလျာ ဆရာတော်ဟာ ပတ္တပိဏ်ဓုတင်(တစ်ခွက်တည်း(ဝါ) သပိတ်တစ်လုံးတည်းဖြင့် ရောင့်ရဲစွာဆွမ်းဘုဉ်းပေးခြင်း၊ ရက္ခမူဓုတင်( သစ်ပင်

http://www.dhammadownload.com



အောက်၌သာသီတင်းသုံးခြင်း)၊ ကောသနိက်ဓုတင် (တစ်ထပ်တည်းသာ ဆွမ်းဘုဉ်းပေးခြင်း) စတဲ့ဓုတင်များကို ငယ်စဉ်ကပင် ဆောင်ခဲ့တာမို့ လူတွင်မကနတ်များကပါ ကြည်ညိုခဲ့ရတဲ့ ရဟန်းတော် ဖြစ်ပါတယ်။

အရှင်သောဘနဟာ ရဟန်းတစ်ဝါမရမီမှာပင် အစိုးရပထမငယ်တန်းကို ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ပါတယ်။ ပထမငယ်တန်းဆိုင်ရာ ဘိက္ခုပါတိမောက်၊ သဒ္ဒါသင်္ဂြိုဟ်၊ ကခ်၊ ရူပ သိဒ္ဓိ၊ ဋီကာကျော်၊ မာတိကာ ဓာတုကထာများကို အရဆောင်အောင်တော်မူခဲ့ခြင်းပါပဲ။ ရဟန်းတစ်ဝါအရမှာ ကျေးရွာရှင်မိခင်ကြီးဒေါ်အုပ် ကွယ်လွန်တော်မူတဲ့အခါ သောကထူးထွေ မရောက်ပေမယ့် အိုနာသေဘေးတို့အပေါ် သံဝေဉာဏ်မြင် ဆင်ခြင်တော်မူနိုင်ခဲ့ပါတယ်။

အရှင်သောဘနဟာ စာပေပရိယတ္တိဘက်မှာ ဆက်လက်ကြိုးပမ်းအားသစ်တော်မူခဲ့ရာ ၁၂၈၈ – ခုနှစ်မှာ ပထမလတ်တန်းကို ရန်ကုန်မြို့၌လည်းကောင်း၊ ပထမကြီးတန်းကို ရွှေဘိုမြို့၌လည်းကောင်း ဖြေဆိုအောင်မြင်တော်မူခဲ့ပါတယ်။ ဆိပ်ခွန်ရွာမှာ ကျင်းပတဲ့ဝိနည်းစာပြန်ပွဲမှာလည်း ဝိနည်းငယ်လေးစောင်ပါဠိကို အလွတ်ပြန်ဆို အောင်မြင်တော်မူခဲ့ပြန်ပါတယ်။

မဟာစည်လောင်းလျာ အရှင်သောဘနဟာ ရဟန်းသိက္ခာ ၄ ဝါအရ ၁၂၉၀ ပြည့်နှစ်မှာ မန္တလေးအနောက်ပြင် ခင်မကန်တိုက်မှာ ရောက်ရှိသီတင်းသုံးရင်း တိုက်သစ်ဆရာတော်အရှင်ဣန္ဒသာဘိဝံသ၊ ချမ်းသာကြီးတိုက် စာချဆရာတော် အရှင်လက္ခဏာတို့ထံတော်မှာ စာပေပညာများ ဆည်းပူးသင်ယူခဲ့ပါတယ်။ တစ်နှစ်ကျော် ပညာသင်ယူခဲ့ပြီး ဇာတိဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူခဲ့ကာ ခမည်းတော်ဦးကံတော်နှင့် ဆွေမျိုးဉာတိတို့အား တရားဓမ္မ သွန်သင်ဟောပြတော် မူခဲ့ပါတယ်။

http://www.dhammadownload.com



## မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ထံတော်မှ သတိပဋ္ဌာန်နည်းစံ ကျင့်ဆောင်တော်မူခြင်း

မဟာစည်လောင်းလျာ အရှင်သောဘနဟာ ရဟန်းငါးဝါအရ ၁၂၉၁ မှာ မော်လမြိုင်မြို့တောင်ဘက် ၄ မိုင်အကွာ တောင်ဝိုင်းကလေးကျောင်းတိုက်သို့ ပြောင်းကြွသီတင်းသုံးတော်မူခဲ့ပါတယ်။ တောင်ဝိုင်းကလေး ကျောင်းတိုက်ရဲ့ နာယကဆရာတော်ကြီးဟာ ဆိပ်ခွန်ရွာဇာတိဖြစ်ပြီး ဇရာဘက်ရောက်လာပြီဖြစ်လို့ စာသင်စာချမလုပ်နိုင်ရှာတော့ပါဘူး။ ဒါကြောင့် အရှင်သောဘနဟာ တောင်ဝိုင်းကလေးကျောင်းတိုက်မှ သံဃာ(၁၅)ပါးကို စာချပေးရင်း "မဟာသတိပဋ္ဌာနသုတ်" ကို အဋ္ဌကထာဋီကာ တွဲဖက်လေ့လာလျက် ပဋိပတ္တိအကျင့်စခန်းဘက်သို့ မျှော်ကြည့် ရည်မှန်းခဲ့ပေပြီ။

တောင်ဝိုင်းကလေးမှာ သုံးနှစ်စာဝါဝိုချတော်မူခဲ့ပြီး ၁၂၉၃ – ခုနှစ်၊ ပြာသိုလပြည့်ကျော်(၇)ရက်၊ သောကြာနေ့မှာ မိမိနှင့်စိတ်တူသဘောတူ ရဟန်းတော် ဦးတေဇဝန္တနှင့်အတူ တောင်ဝိုင်းကလေးကျောင်းမှ ထွက်ကြွတော်မူခဲ့ပါတယ်။ ဒီတစ်ခါ ကြွတော်မူခြင်းဟာ ဝိပဿနာရာပုံတော်ခရီးရဲ့အစ၊ ဒီနေ့ဟာ စာတွေမှ လက်တွေ့ကိုယ်တွေ့သို့ ကူးပြောင်းရန်စတင်တဲ့နေ့လည်းဖြစ်ပါတယ်။

ထီးဖိနပ်မပါ၊ နဝကမ္မ ငွေတစ်ပြား တစ်ကျပ်မှမပါ၊ သပိတ်တစ်လုံး သင်္ကန်းသုံးထည်၊ ပရိက္ခရာအချို့ဖြင့်သာ ထွက်ခွာလာခဲ့ခြင်း၊ ကပ္ပိယဒကာတစ်ဦးက ဇင်းကျိုက်အထိ ရထားလက်မှတ်ယူပေးလိုက်ပါတယ်။ ဇင်းကျိုက်ရောက်တော့ ရေတံခွန်တောင်ဝှမ်းမှာ စောင်မပါ ချမ်းချမ်းစီးစီးကျိန်းစက်ရ၊ ဆွမ်းခံစားပြီး ဇင်းကျိုက်မှ ကတွန်၊ ကတွန်မှ ရင်းငြိမ်း၊ ရင်းငြိမ်းမှ သထုံသို့အဆင့်ဆင့် ရောက်ခဲ့ကြပါတယ်။

သထုံမှာ (၆)ရက်၊ တောင်ခွန်း ကော့ကဒွတ်ကျောင်းမှာ (၇)ရက်၊ နားနေစဉ်

http://www.dhammadownload.com



အတွင်း ပဋိပတ် အကျင့်စခန်းများကို လေ့လာစုံစမ်းကြပါတယ်၊ ကေလာသ တောင်၊ မြသပိတ်တောင်များသို့လည်း ဘုရားဖူးရောက်ခဲ့ကြပါတယ်။ ဝေပုလ္လ တောင်မှာ ဝေပုလ္လဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ပြီး ဆရာတော်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ ကျိုက်ထိုမြို့သို့ ဖြတ်လမ်းမှ ခြေလျင်ကြွတော်မူခဲ့ကြပါတယ်။ ကျိုက်ထို မေယာဝန်ကျောင်းမှာ နှစ်ညတည်းခို၊ ဝိနည်းတော်ဩဝါဒများ နာယူ ခဲ့ကြပြီး ကျိုက်ထီးရိုးဘက် ခရီးဆက်ခဲ့ကြပြန်ပါတယ်။

လမ်းမှာကားကြုံကတင်ခေါ်သဖြင့် ကင်ပွန်းစခန်းသို့ညနေမှာ ဆိုက်ရောက်ပါ တယ်။ ခေတ္တနားပြီး ကျိုက်ထီးရိုးဘုရားဖူး တောင်တက်လမ်းကို မှောင်ရိပ်သန်းချိန် မှာ ဖိနပ်မပါဘဲ တက်ခဲ့ကြခြင်းဖြစ်ပါတယ်။ တပို့တွဲလ ပေါမန္တရဲ့အအေးဆုံး အချိန် မှာ လေရိုင်းတွေ တဟူးဟူးတိုက်နေတဲ့ကြားက အခါမဲ့မိုး ကြီးရွာချလိုက်လေရာ နီးရာဇရပ်ထဲ မိုးဝင်ခိုခဲ့ပါတယ်။ အကျင့်ခရီးရဲ့အစကား ကြမ်းတမ်းလေစွ။

ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်သို့ ညဉ့်သန်းခေါင်မှာ ရောက်ခဲ့ပြီး ခဏနား ပြီးတာနဲ့ ဘုရားဖူး၊ တရားထိုင်ကြပါတယ်။ ဆံတော်ရှင် ကျိုက်ထီးရိုးကို အားပါး တရ ဖူးမြော်ကြပြီး အပြန်လမ်းမှာတော့ ရဟန်းတော်နှစ်ပါး လမ်းခွဲသွားကြပြီ ဖြစ်ပါတယ်။ ဦးတေဇဝန္တ သထုံသို့ ဆက်ကြွသွားချိန်မှာ မဟာစည်လောင်းလျာ ဆရာတော်က ဒုံဝန်းဘူတာမှာ ဆင်းကျန်နေခဲ့ပါတယ်။ ဒုံဝန်းဘူတာမှ ၅ မိုင် ခန့်ဝေးတဲ့ ရွှေရောင်ပြတောင်ခြေရှိ ဘုန်းကြီးဦးအုန်းခိုင် ကျောင်းသို့ ဆက်ကြွ တော်မူခဲ့ပါတယ်၊

ဘုန်းကြီးဦးအုန်းခိုင်ဟာ သုသာန်ဓုတင်ဆောင်ရဟန်းဖြစ်လို့ ကျင့်နည်း တောင်းခံရာ "ခန္ဓာအာယတနဓာတ်များကို နှလုံးသွင်းပြီး ဒါတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပဲ" လို့ ဆင်ခြင်ရကြောင်း အမိန့်ရှိပါတယ်။

၁၂၉၃ - ခု၊ တပို့တွဲလဆုတ် ၁၁ ရက်မှာ အရှင်သောဘန သုသာန်ဓုတင် စတင်ဆောက်တည်ပါတယ်။ ဒီနေ့မှ ကြိုးဆွဲချသေတဲ့မိန်းမ (အစိမ်းသေ)ရဲ့

http://www.dhammadownload.com



မြေပုံခေါင်းရင်း သုံးတောင်ခန့် အကွာမှာထိုင်ပြီး အသုဘကမ္မဋ္ဌာန်းရှုပါတယ်။ အရုဏ်တက်လို့ ဆွမ်းခံချိန် ရောက်တဲ့အထိ တစ်ညလုံးပဲ သုသာန်ဓုတင်ဆောင်တော်မူခဲ့ပါတယ်။ သုသာန်ဓုတင်လေးည ကျင့်ပြီးတာနဲ့ ဘုန်းကြီးဦးအုန်းခိုင်ကို ခွင့်ပန်ပြီး သထုံဘက်သို့ ခြေလျင်ခရီး ဆက်ခဲ့ပြန်ပါတယ်။ လမ်းခရီး ကျိုက်ကော်ရွာ သုခိတာရုံကျောင်းမှာ ခေတ္တနားနေပြီး ခရီးဆက်ခဲ့ရာ ၁၂၉၃ – ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့မှာ သထုံမြို့ မူလမင်းကွန်း ဇေတဝန်ကျောင်းတိုက်ကြီးသို့ ဆိုက်ရောက်ခဲ့ပါတယ်။ အရှင်သောဘနဟာ ရောက်မဆိုက်ဆိုသလိုပဲ ကမ္မဋ္ဌာန်း (တရားကျင့်နည်း) တောင်းခံလေရာ ကျေးဇူးတော်ရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးဦးနာရဒက နေတ္တိပါဠိတော်ကြီးကိုမူတည်လျက် ရှုမှတ်ပုံ ကမ္မဋ္ဌာန်း ပေးသနားတော်မူပါတယ်။

တရားရှုမှတ်ရာ၌ သွားလျှင်၊ ရပ်လျှင်၊ လျောင်းလျှင်၊ နိုးလျှင်၊ အိပ်လျှင်၊ စားလျှင်၊ ကျင်ငယ်စွန့်လျှင်စသည့် စိတ်အမူအရာ ကိုယ်အမူအရာဖြစ် ပေါ်တိုင်း ရုပ်နာမ်ဟူသမျှကို သတိမလွတ်အောင် ရှုမှတ်နေအပ်ပုံကို မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက ရှင်းလင်းမိန့်ကြားပါတယ်။ မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးဟာ အဌကထာကျမ်းပြုဆရာတော်ကြီး ဖြစ်သည့်အတိုင်း စာပေ ပရိယတ္တိဘက်မှာအထူးကျွမ်းကျင်နှံ့စပ်တော်မူပါတယ်။ သတိပဋ္ဌာန်တရားလမ်းစဉ်ကို သီးလုံးဆရာတော်ကြီးနဲ့စစ်ကိုင်းတောင်ရိုး မင်းကွန်းအလယ်တောရ ဆရာတော်ကြီးများထံမှ နည်းခံကျင့်သုံးခဲ့ပြီး ကိုယ်တော်တိုင် အားရကျေနပ်တဲ့ တရားအဆင့်ဆင့်ကို သိမြင်တော်မူခဲ့ပြီး ဖြစ်ပါတယ်။ ဒီမှာဘက် ခေတ်တစ်လျှောက် ကွယ်ပျောက်လုနီးပါး သတိပဋ္ဌာန်တရားတော်ကြီးကို ပြန်လည်ဖော်ထုတ်တော်မူခဲ့သူဟာ မင်းကွန်းဇေတဝန်ဆရာတော်ကြီးပဲ ဖြစ်ပါတယ်။

မဟာစည်လောင်းလျာ အရှင်သောဘနဟာ ဆရာတော်ကြီးချီးမြှင့်လိုက်တဲ့

http://www.dhammadownload.com



နည်းအတိုင်း ရှိရှိသေသေ အားထုတ်ပါတယ်။ သွားခြင်း၊ ထိုင်ခြင်း၊ ဆန့်ခြင်း၊ ကွေးခြင်းစသည့် ရုပ်နာမ်တို့ ဖြစ်ပေါ်တိုင်း ရှုမှတ်ရတာ ဝိပဿနာရဲ့ အခြေခံ အစပိုင်းပဲဖြစ်မယ်လို့ ယူဆခဲ့ပါတယ်။ အတော်အသင့် အားထုတ်ပြီးတဲ့အချိန်မှာ ဒီရှုမှတ်နည်းဟာ ဝိပဿနာရဲ့ အစ အလယ် အဆုံး သုံးပါးစလုံးဖြစ်ကြောင်း မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက ဆုံးဖြတ်ပေးခဲ့ပါတယ်။

အရှင်သောဘနဟာ နေ့ရောညရော စကားမပြောဘဲ သဲသဲမဲမဲ အားထုတ်လေရာ လေးလအကြာမှာပဲ ဆရာသမားကျေနပ်လောက်တဲ့ တရားအဆင့်သို့ ရောက်တော်မူခဲ့ပါတယ်။

၁၂၉၄ – ခုနှစ်၊ ဂါဆိုလဆန်း (၈) ရက်နေ့မှာ တောင်ဝိုင်းကလေးကျောင်းသို့ ပြန်ကြွရောက်တော်မူခဲ့ရပါတယ်။ အကြောင်းကတော့ တိုက်ကျောင်းဆရာတော်ကြီး နာမကျန်းဖြစ်တော်မူလို့ ပြုစုရအောင် ပြန်ကြွခဲ့ရခြင်းပါပဲ။ သို့သော် ဆရာတော်ကြီး ပျံလွန်တော်မူလေရာ တောင်ဝိုင်းကလေးကျောင်းကို စောင့်ရှောက်ရင်း ပရိယတ္တိစာပေပို့ချခြင်း ပြုတော်မူခဲ့ပါတယ်။ ၁၃၀၃ – ခုနှစ်၊ နယုန်လမှာ ရန်ကုန်မှာကျင်းပတဲ့ အစိုးရဓမ္မာစရိယ စာချတန်းကို ကျမ်းရင်းသုံးကျမ်းနဲ့ ဂုဏ်ထူးဆောင်ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော်မူတဲ့အတွက် "သာသနဓဇသိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ဒုတိယကမ္ဘာစစ်ကြီးရဲ့ စစ်မီးလျှံတွေဟာ မော်လမြိုင် ဘက်ဆီ ဦးတည်လာနေပြီမို့ အရှင်သောဘနဟာ ဇာတိရပ်ရွာ ရွှေဘိုနယ် ဆိပ်ခွန်ရွာသို့ တစ်ဖန် ပြန်ကြွတော်မူခဲ့ရပါတယ်။

"ရွှေဗဟိုစည်သံများကိုလ မကြားရကြာချေပြီ– လေးလရာသီ" အစရှိတဲ့ ခွန်းထောက်သံဟာ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်တိုင်းပြည် ကိုယ့်လွတ်လပ်ရေးကို မျှော်တွေးလွမ်းတမ်းနေသလို ရှိပါတော့တယ်။ နန်းတွင်းက ဗဟိုစည်သံ မကြားရ

http://www.dhammadownload.com



တော့ပေမယ့် ရွှေဘိုနယ် ဆိပ်ခွန်ရွာက မဟာစည်မြည်သံဟိန်း လိုက်ပုံကဖြင့် ဘောရန်ကပြီးလို့ ဆိုရပါတော့မယ်။ သံသရာဘေး အပါယ်ဘေး ဘေးရန်ဟူသမျှ ငြိမ်းစေဖို့ မဟာစည်မြည်သံဟိန်းခဲ့ပါချေပြီ။

ဆိပ်ခွန်ရွာ အနောက်ဘက်မှာ အင်ကြင်းတောစေတီနဲ့ အင်ကြင်းတော ကျောင်းတိုက်ရှိပါတယ်။ ကျောင်းတိုက်ရှေ့မှာ ဇရပ်မကုဋ္ဌိပင်ကြီးက လေဒဏ် ကြောင့်လဲကျခဲ့ရာ မဟာစည်လောင်းလျှာ အရှင်သောဘနကိုကြို့နေတဲ့အလား ရှိပါတော့တယ်။ ထူးဆန်းတာကတော့ ကုဋ္ဌိပင်ကြီးရဲ့အရင်းပိုင်းဟာ အခေါင်း ပေါက်ကြီး ဖြစ်နေတာပါပဲ။ စည်ထွင်းဖို့ အလိုအလျောက် ဖြစ်နေတာဟာ နတ်တို့ ဖန်ဆင်းထားသည့်နှယ် ရှိပါတယ်။ အရင်းအဖျားဘက်က သားရေကြက်လိုက်ရုံဖြင့် အံ့ဖွယ်မဟာစည်တော်ကြီး ပေါ်ပေါက်လာခဲ့ပါတော့တယ်။

မဟာစည်တော်ကြီးဟာ အလျား (၉)ပေနီးပါး (၁၀၅ လက်မ)၊ မျက်နှာဝ အကြီးဘက်က အချင်း (၄၀)လက်မ၊ အငယ်ဘက်က (ဝါ) အဖျားဘက် မျက်နှာဝါ အချင်း (၃၆)လက်မ၊ လုံးပတ် (၁၂၆)လက်မ ပမာဏရှိပါတယ်။ စည်ကြီး ဒါယကာမှာ ဆိပ်ခွန်ရွာမှ ဦးဖိုးတင် ဒေါ်ခတို့ဖြစ်ပြီး ၁၂၉၅-ခုနှစ်ကပင်ပြု လုပ်ခဲ့ကြောင်း သိရပါတယ်။ ဒီစည်တော်ကြီးရှိရာ ကျောင်းတိုက်ကို "မဟာ စည်ကျောင်းတိုက်" လို့ ခေါ်တွင်ပြီး ဒီကျောင်းတိုက်မှာ လာရောက်သီတင်းသုံးတဲ့ အရှင်သောဘနကို "မဟာစည် ဆရာတော်" လို့ ခေါ်ဝေါ်ထင်ပေါ်လာခဲ့ပါတော့ တယ်။

မဟာစည်ဆရာတော်ဟာ ကိုယ်တိုင်အားထုတ်ခဲ့ပြီးသော သတိပဋ္ဌာန် တရားကိုစတင်ဟောကြားပြသတော်မူပါတယ်။ ဦးထွန်းအေး၊ ဦးဖိုးချုံနဲ့ ဆရာကြံတို့ သုံးယောက်ဟာ မဟာစည်ရဲ့ပထမဆုံးသော ယောဂီများ ဖြစ်ပါတယ်။ ယခင်က မကြားမနာဘူးတဲ့ ထူးခြားတဲ့ သတိပဋ္ဌာန် တရားအပေါ်မှာ လူတွေတိမ်းညွှတ်

http://www.dhammadownload.com



စိတ်ပါလာပြီး "ဝိပဿနာရှုနည်းကျမ်း" ရေးပေးဖို့ တောင်းပန်တဲ့အတွက် ၁၃၀၅ - ခုနှစ်၊ တပို့တွဲ လပြည့်နေ့ (၁၉၄၂)မှာ "ဝိပဿနာရှု နည်းကျမ်းကြီး" (ပထမတွဲ၊ ဒုတိယတွဲ) ကို စီရင်ရေးသားတော်မူခဲ့ပါတယ်။ ရွှေစေတီဆရာတော်ရဲ့အကူအညီနဲ့ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ယနေ့တိုင် အကြိမ်ကြိမ် ပုံနှိပ်နေရဆဲ ယောဂီလက်စွဲကျမ်းကြီး လို့ ဆိုနိုင်ပါတယ်။

ရွှေဘိုနယ်မှာ ဝိပဿနာတရားမိုးကြီးစတင် သွန်းဖြိုးနေပြီ ဖြစ်ပေမယ့် မြို့တော်ရန်ကုန်နဲ့ အခြားဒေသများမှာ ဝိပဿနာမိုးခေါင်ရာ ရပ်ဝန်းပမာဖြစ်ခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်တို့ လက်အောက်မှာ အမျိုး၊ ဘာသာ၊ သာသနာ မှေးမှိန်ညှိုးနွမ်းခဲ့ပါတယ်၊ ဒါကြောင့် သာသနာကြီးရဲ့ဘုန်းဂုဏ်ကို အမှီပြုပြီး အမျိုးဂုဏ်မြှင့်တင်ဖို့အတွက် ဆာဦးသွင်၊ ဟသ်ာတ ဦးမြ၊ ဦးနု၊ ဦးတင်၊ ဦးဝင်း၊ ဦးစံသိမ်း၊ ဦးလှကျော် အစရှိတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးများ ဦးဆောင်ပြီး ၁၃၀၉ – ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်၊ (၁၃.၁၁.၄၇)မှာ "ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီး" ကိုစတင် တည်ထောင်ခဲ့ကြပါတယ်။

အဖွဲ့ကြီးရဲ့ရည်ရွယ်ချက်အရ ပရိယတ်၊ ပဋိပတ်သာသနာတော်နှစ်ရပ်လုံး ကို ချီးမြှင့်ထောက်ပံ့ဖို့ ပရိယတ်၊ ပဋိပတ် စွယ်စုံထူးချွန်တဲ့ ဦးဆောင်ဆရာ တော်တစ်ပါး လိုအပ်ပါတယ်။ဦးဆောင်ဆရာတော် ရှာပုံတော်ဖွင့်ကြရာမှာ သူဌေးကြီး ဆာဦးသွင် ဟာ စစ်ကိုင်းတောင်ရိုးသို့ ရောက်ခဲ့ပါတယ်။ စစ်ကိုင်းတောင်ရိုးမှာ ရွှေကြာဆန်စက် သူဌေးဦးဘသင်နဲ့ ဆုံကြတဲ့အခါ မဟာစည် ဆရာတော်ရဲ့ သတင်းကောင်းများကို သူဌေးကြီးဆာဦးသွင် ကြားနာကြည်ညို ခဲ့ပါတယ်။

ဒါကြောင့် မဟာစည်ဆရာတော်ကို စစ်ကိုင်းတောင်ရိုးသို့ပင့်ပြီး တရား နာလိုကြောင်း တည်းခိုရာကျောင်းက ဆရာတော်ကို လျှောက်ထားပါတယ်။ ကျောင်းထိုင်ဆရာတော်က စစ်ကိုင်းတောင်ရိုး တရားနာပရိသတ် နားဝင်အောင်

http://www.dhammadownload.com



(ဝါ) တရားနာချင်လာအောင် ဟောနိုင်စွမ်းရင် ပင့်သင့်ပါတယ်လို့ မိန့်ကြား ခွင့်ပြုပါတယ်။ ဒီလို မိန့်ကြားရတဲ့ အကြောင်းရင်းကတော့ သမိဒ္ဓေါဒယချောင်ရှိ ဒေါ်မာလာရီ၏ သီလရှင်ဆရာကြီးဟာ စာလည်းတတ်ဝိပဿနာလည်း ပြနိုင် တဲ့ဆရာကြီး ဖြစ်ပါတယ်။ တပည့်သီလရှင်ပေါင်း ၅၀၀ ခြံရံပြီး စာသင်တရားပြ လုပ်နေပါတယ်။ ဘယ်ဆရာတော်လာလာ ပညာစမ်းလေ့ရှိ ပါတယ်။ ဆရာကြီး ဒေါ်မာလာရီနဲ့ နောက်လိုက်သီလရှင်တွေ မေးတဲ့မေးခွန်းကို တော်ရုံတန်ရုံ ဆရာတော်တွေ မဖြေရှင်းနိုင်ပါဘူး။ ဆရာတော်တွေမှာ စီစဉ်ထားတဲ့ တရားပွဲ သုံးလေးပွဲဆုံးအောင်မဟောရ၊ တစ်ပွဲနှစ်ပွဲနဲ့ ရပ်သွားလေ့ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မဟာစည်ဆရာတော်အတွက်စိုးရိမ်လို့ အမိန့်ရှိတာပါတဲ့။ ဒေါ်မာလာရီ တို့ကို နိုင်အောင်ဟောနိုင်မယ်ဆိုရင် ပင့်သင့်ပါတယ်လို့ ဆိုပါတယ်။

မဟာစည်ဆရာတော်ကြွလာ တရားဟောတဲ့အခါမှာတော့ ပညာရှိ ဆရာ ကြီးဒေါ်မာလာရီနှင့် သီလရှင်များ ဘာမေးခွန်းမှ မမေးဖြစ်ကြ၊ သူတို့ မေးလိုသမျှ သူတို့သိလိုသမျှ မဟာစည်ဆရာတော်က တရားဟောရင်း ထည့်ဖြေသွားလေပြီ။ မဟာစည်ဆရာတော်ကို ရက်တိုးပြီးတရားဟောဖို့တောင် တောင်းပန်ကြရပါ တယ်။ ဒီမျှသာမက ဒေါ်မာလာရီတို့ဟာ ဆိပ်ခွန်ရွာသို့ လိုက်သွားပြီး မဟာစည် ဆရာတော်ထံပါး တရားအားထုတ်ကြတဲ့အထိ ဖြစ်လာပါတယ်။

မဟာစည်ဆရာတော်ရဲ့ပရိယတ်ပဋိပတ်စွမ်းရည်ကို သူဌေးကြီးဆာဦးသွင် မျက်မြင်ဒိဋ္ဌိကြုံတွေ့ခဲ့ရပေပြီ။ မဟာစည်ဆရာတော်ကိုပင့်ပြီး ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ကြီးကို ဦးဆောင်ဖို့ပင့်လျှောက်ပေးပါရန် အဖွဲ့ချုပ်အစည်းအဝေးမှာ ဆာ ဦးသွင်တင်ပြခဲ့ပါတယ်။ ဒါ့ကြောင့် (အဲဒီခေတ်)နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ရွှေဘိုသို့သွားရောက်ပြီး မဟာစည်ဆရာတော်ကို ရန်ကုန်သို့ ပင့်ဆောင်ခဲ့ ပါတယ်။ အဲဒီနေ့ဟာ ၁၃၁၁ – ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက် (၁၀.၁၁.၄၉)နေ့

http://www.dhammadownload.com



မဟာစည်ဆရာတော်ဘုရားကြီး ရန်ကုန်သာသနာ့ရိပ်သာ ရောက်တဲ့နေ့ ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရန်ကုန်ရောက်ပြီး တစ်လမပြည့်မီ ၁၃၁၁-ခုနှစ်၊ နတ်တော်လ ပြည့်နေ့ (၄.၁၂.၄၉) မှာ စတင်တရားပြပါတယ်။ ယောဂီ ၂၅ ဦးနဲ့သာ စတင်ခဲ့ခြင်း ဖြစ်ပါတယ်။ မကြာခင်မှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သီလသမာဓိပညာဂုဏ်သတင်းတို့ ပျံ့သင်းလာလေရာ တရားအားထုတ်လိုသူ ယောဂီများလည်း တစ်စတစ်စ တိုးတက်များပြား လာခဲ့ပါတယ်။ ၁၃၂၀ပြည့်တန်ဆောင်မုန်းလသို့ ရောက်တဲ့အခါ -

ရဟန်းယောဂီ ၂၄၁၉ ပါး

အမျိုးသားယောဂီ ၂၀၄၆ ပါး

အမျိုးသမီးနှင့် သီလရှင် ၅၃၃၅ ဦး စုစုပေါင်း ယောဂီ ၉၈၀၀ ဦးအား ထုတ်ပြီးဖြစ်နေတာ တွေ့ရပါတယ်။ ဒါဟာ ပထမကိုးနှစ်အတွင်း အောင်မြင်တိုးတက်မှု ဖြစ်ပါတယ်။ မြန်မာပြည် အရပ်ရပ်မှာလည်း မဟာစည်သြဝါဒခံ ကမ္မဋ္ဌာန်းဌာနခွဲပေါင်း ၁၅၀ ကျော်ရှိလာခဲ့ပြီး ယောဂီပေါင်း တစ်သိန်းခွဲကျော် တရားအားထုတ်ပြီး ဖြစ်လာခဲ့ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ "ကောယနော မဂ္ဂေါ" တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောလမ်း၊ သတိပဋ္ဌာန်လမ်းမကြီး ပေါ်သို့ ယောဂီပေါင်းများစွာကို ပို့ဆောင်ပေးတော်မူခဲ့လေပြီ။ မဟာစည်ဆရာတော်ဘုရားကြီးဟာ တရားဟော တရားပြရင်း ကျမ်းစာအုပ်များလည်း ရေးသားချီးမြှင့်တော်မူခဲ့ရာ ၁၃၁၄-ခုနှစ်၊ သက်တော် ၄၇ နှစ်၊ သိက္ခာတော် ၂၈ ဝါအရမှာ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူပြန်ပါတယ်။ အဲဒီနောက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးအတွက် မနားမနေကြိုးပမ်းပြင်ဆင်တော်မူ

http://www.dhammadownload.com



ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ သူကျွန်ဘဝ ကိုလိုနီဖြစ်ခဲ့ဖူးလို့ ဆဋ္ဌသင်္ဂါယနာမတင် ထိုက်လို့ ယိုးဒယားက ကန့်ကွက်ခဲ့တဲ့အတွက် ညောင်ရမ်းဆရာတော်ဘုရားကြီးနဲ့ အတူ ယိုးဒယားသို့ကြွရောက်ပြီး သဘောတူအောင် စည်းရုံးသိမ်းသွင်းခဲ့ရပါတယ်။ သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ အရှင်မဟာကဿပကိုယ်တော်ကြီးကဲ့ သို့ ဆဋ္ဌသင်္ဂီတိပုစ္ဆက ဆရာတော်အဖြစ် ဆောင်ရွက်တော် မူခဲ့ပါတယ်။

ပရိယတ်၊ ပဋိပတ်ပေါင်းကူးဆက်စပ်ပြီး သာသနာပြုတော်မူလျက်ရှိတဲ့ မဟာစည်ဆရာတော်အပေါ် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရား ကြီးက.. "မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်။ တို့များမ မြင်နိုင်တဲ့ စာများပေများကို မြင်အောင် ကြည့်နိုင်တယ်။ အရှင်အနုရုဒ္ဓါတို့ ငှါကာ ကျော်ဆရာ ဆရာတို့ အခြားကျမ်း ဆရာတို့ မမြင်နိုင်တဲ့ အမှားများကို တောင် မြင်အောင်ကြည့်နိုင်တယ်။ ဒီကရှေ့မဟာစည်ဆရာတော်ထက်သာသူကို မပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့မလွယ်ဘူး၊ မဟာစည်ဆရာတော်ရဲ့စွမ်းရည် သတ္တိကို နိုင်ငံသူပြုစုဖို့ တို့များက တိုက်တွန်းရတယ်"

မဟာစည်ဆရာတော်ဘုရားကြီးဟာ သာသနာ့မော်ကွန်းဝင် ဝိသုဒ္ဓိမဂ် မြန်မာပြန် ၄ တွဲ အပါအဝင် ကျမ်း ပေါင်း (၈၀)ကျော်ကို ပြုစုနိုင်ခဲ့တဲ့အထိ ပရိယတ္တိ သာသနာ့တာဝန် ကျေပွန်တော်မူခဲ့ပါတယ်။

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အပါအဝင် ရဟန်း ရှင်လူပညာရှိများက ချီးကျူးကြသကဲ့သို့ ကဲ့ရဲ့ဝေဖန်ခံရတာတွေလည်း ရှိခဲ့ပါတယ်။ ဘုရားသော်မှ ဝေဖန်တိုက် ခိုက်ခံရခြင်းမှ မလွတ်ခဲ့လေရာ မဟာစည် ဆရာတော် မှာလည်း ဖောင်းပိန်ကမ္မဋ္ဌာန်းနည်းအဆန်းဟူ၍ ခေါ်ဝေါ်သမုတ်ပုတ်ခတ်ခံခဲ့ ရပါတယ်။ ဝေဖန်ရေး စာအုပ်ကြီးတစ်အုပ်ပင် ပေါ်ထွက်ခဲ့ဖူး ပါတယ်။

မဟာစည်ဆရာတော်ရဲ့ကမ္မဋ္ဌာန်းနည်းလမ်းမှာ မြန်မာ့နယ်နိမိတ်ကို ကျော်၍

http://www.dhammadownload.com



ကမ္ဘာမှာပင် တစ်ခေတ်ဆန်းခဲ့လေရာ ကမ္ဘာမှာလည်း ဝေဖန်ရေးလှိုင်းလုံးတွေ တဝုန်းဝုန်း ရိုက်ခတ်ဆူညံသွားခဲ့ပါတယ်။ သီရိလင်္ကာမှာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့သတင်းစာတွေမှာ မဟာစည်ဆရာတော်ရဲ့ ကမ္မဋ္ဌာန်းနည်းကို အကြီးအကျယ် ဝေဖန်ပြစ်တင်ခဲ့ကြပါတယ်။

ဆရာတော်ကား မတုန်လှုပ်ခဲ့တဲ့အပြင် သီရိလင်္ကာသို့ ကမ္မဋ္ဌာနစရိယ တရားပြဆရာတော်များစေလွှတ်၍ လက်တွေ့တရား ပြသပေးခြင်းဖြင့် ဝေဖန်တိုက်ခိုက်မှုများကို ငြိမ်းအေးသွားစေခဲ့ပါတယ်။ အောင်မြင်ကျော်ကြားမှုကြောင့် မထောင်လွှား၊ မဟာစည်ဆရာတော်ရဲ့ စိတ္တနှလုံးသားကတရားနဲ့ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ပညာစရိုက်ပေမို့အစဉ် အမြဲ ရဲရင့်တည်ကြည်တော်မူလှပါတယ်။ ယောနိသောမနသိကာရ အရာမှာလည်း စံပြဖြစ်တော်မူခဲ့ပါတယ်။ ဆရာတော် စင်္ကြံလျှောက်ပြီး တရားမှတ်တဲ့ လမ်းကြောင်း ပေါ်မှာ နာရီအကောင်းစားလေး တစ်လုံးတင်ထားလေ့ရှိပါတယ်။ စင်္ကြံလျှောက်ရင်း နာရီလှမ်း ကြည့်လေ့ရှိပါတယ်။ တစ်ရက်မှာ အဲဒီ နာရီလေး မသမာသူတစ်ဦး လက်ချက်နဲ့ ပျောက်သွားပါလေရော။ ရိပ်သာလူကြီးတစ်ဦးက အကျယ်အကျယ် မငြိမ်းဖွယ်လုပ်တော့ ဆရာတော်ကြီးက မလုပ်ဖို့တားမြစ်ရင်း "နာရီမရှိတော့ ကြည့်ရတဲ့ ဒုက္ခငြိမ်းတာပေါ့" လို့ မှတ်ချက်ချပါတယ်။ လောကီထဲက ရှိဒုက္ခကို မြင်အောင်ပြခဲ့ပါတယ်။

နာရီပျောက်ခြင်းလို ကိစ္စမျိုးမှာ အသာတကြည် နှလုံးသွင်းခဲ့သော်လည်း တရားစစ်တရားမှန် ပျောက်မည့်ကိစ္စမျိုးကိုကား ဆရာတော်ဘုရားကြီး ပြတ်ပြတ်သားသား ဖြေရှင်းတော်မူခဲ့ပါတယ်။

"သုခ ဒုက္ခကို မရှုရ၊ ဉပေက္ခာကို ရှုရမည်" စသည် ရေးသားဟောပြော

http://www.dhammadownload.com



နေသူမှာ "ဦးကြည်" ဆိုသူ ဖြစ်သည်။ သူထင်ရာ ဉာဏ်ကွန့်၍ ရေးသားဟော ပြောချက်များသာ ဖြစ်သည်။ ဘုရားစကားတော်နှင့် ဆန့်ကျင်သောနည်းလမ်း များဖြစ်သည်" လို့ မှတ်ချက်ပေး ရေးသားတော်မူခဲ့ပါတယ်။

မဟာစည်ဆရာတော် ဘုရားကြီးဟာ ဂုဏ်အာဂါစည်းစိမ်ရှိသူ၊ တပည့်ရင်း၊ ဒကာရင်းဆိုတဲ့ လောကီတန်ဖိုးတွေအပေါ်မှာ မျက်နှာမလိုက်၊ သာသနာ့မျက်နှာ တစ်ခုတည်းကိုသာကြည့်ပြီး မနေမနား အလုပ်လုပ်တော်မူပါတယ်။ တရားဟော တရားပြအပြင် ကျမ်းစာပြုစုခြင်းဟာလည်း မဟာစည်ဆရာတော် ဘုရားကြီးရဲ့ တိကျခိုင်မာတဲ့ သာသနာပြုလုပ်ငန်းကြီးတစ်ခု ဖြစ်ပါတယ်။ အချိန်နဲ့အမျှ အလုပ်လုပ်တော်မူလေရာ ဘယ်သူ့အတွက်နဲ့မှ အချိန်ပုပ်မခံခဲ့ပါ။ တစ်ခါက ဝန်ကြီး ချုပ်ဦးနုက အာလာပ၊ သလ္လာပပြောဖို့ ငံလင့် နေစဉ်မှာပဲ "ဒကာကြီး ကိစ္စပြီးရင်ပြန် တော့" လို့ ယတိပြတ် အမိန့်ရှိလိုက်ပါတယ်။ ဆရာတော်ကြီးအဖို့အချိန်သာ တန်ဖိုး မဟုတ်ပါလား။

အဲဒီခေတ် နိုင်ငံတော်ဝန်ကြီးချုပ်ကိုတောင် အချိန်မပေးခဲ့တဲ့ မဟာစည် ဆရာတော်ကြီးဟာ သာမန်လုပ်သား ပြည်သူများအရေးကိုတော့ အချိန်ပေး စောင့်ရှောက်တော်မူခဲ့ပါတယ်။ လာပင့်တဲ့ဒကာကို ဘယ်သူမှန်းမသိဘဲ ပင့် ဖိတ်တဲ့ဆေးရုံသို့ ကြွသွားပြီးတော့ ပရိတ်ရွတ်ခြင်း၊ ဗောဇ္ဈင်သုတ်ရွတ်ခြင်းတို့ကို ဆောင်ရွက်ပေးတော်မူခဲ့ပါတယ်။ လူနာတွေကိုလည်း လှည့်လည်ကြည့်ရှု အား ပေးတော်မူခဲ့ပါတယ်။ အဆင့်မခွဲ အစွဲကင်းစွာနဲ့ သာသနာသည် အားလုံးအ တွက်ဆိုတာ မဟာစည်ဆရာတော်ဘုရားကြီးက စံပြကျင့်သုံးပြသွားတယ်လို့ ဆိုနိုင်ပါတယ်။

(၁၃၆၆၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့ ဓမ္မပူဇာ)

http://www.dhammadownload.com



ကိုးကား

၁။ ၁၉၆၇၊ ပြေလထုတ် ဦးဘသန်း ၏ မဟာစည်ထေရ်မြတ် အတ္ထုပ္ပတ္တိ

၂။ ၁၉၈၆၊ မေလထုတ်၊ အရှင်ကေလာသ၏
မဟာစည်တောရ ဝုတ္တန္တ ဝိလာသိနီ (ပ-၃)

၃။ ၁၉၇၉၊ မဟာစည် ကမ္ဘာ့သာသနာပြု ခရီးစာတမ်း

၄။ ၁၉၄၉ - ၁၉၉၉ မဟာစည်နှစ် ၅၀ ပြည့် စာစောင်

၅။ ၁၃၀၉ - ၁၃၅၉ မဟာစည် သာသနာ့ရိပ်သာသမိုင်းမှတ်တမ်း

၆။ မဟာစည်ဆရာတော်ဘုရားကြီး၏ကျမ်းစာအုပ်များ

http://www.dhammadownload.com

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အထင်ကရ တစ်ဘဝသာသနာ(၂)

ကမ္ဘာ့အတိုင်းအတာနဲ့ ထင်ပေါ်ကျော်ကြားနေသည့်တိုင်အောင်လည်း မဟာစည်ဆရာတော်ဘုရားကြီးဟာ ပကာသန၊ အဆောင်အယောင် အခမ်းအနားတွေကို မက်မောတွယ်တာအရေးလုပ်ခြင်းမရှိပါ။

ဆရာတော်ဘုရားကြီးဟာ မာယာသာဌေယျကင်းပြီး ရိုးဖြောင့်ခြင်း၊ နှိမ့်ချခြင်း ဂုဏ်အပေါင်းနဲ့ အထူးပြည့်စုံတော်မူပါတယ်။

ရွှေတိဂုံဝေယျာဝစ္စအဖွဲ့ငယ်တစ်ခုက ဆရာတော်ကြီးကို လာပင့်တဲ့အခါမှာလည်း စုံစမ်းစစ်ဆေးမနေတော့ဘဲ တစ်ခါတည်းလိုက်ကြွသွားတော်မူခဲ့ပါတယ်။

ရွှေတိဂုံအနောက်ဘက်မုခ် လူ(၅၀)လောက်သာဆံ့တဲ့ ဇရပ်ဟောင်းကလေးမှာ ဆရာတော်ကြီး သီလပေး တရားဟောရပါတယ်။ ဆရာတော်ကြီးအတွက် တရားဟောပလ္လင်မှာ ကုလားထိုင်အဟောင်းကြီး တစ်လုံးမျှသာ၊ တရားဟောဖို့အသံချဲ့စက် တပ်ဆင်ပေးထားခြင်း မရှိပါ။ အနီးက မွှောရုံကြီး တစ်ခုမှာတော့ အသံကောင်းကောင်း မွှေကထိက ဆရာတော်ကြီးတစ်ပါးက ပရိသတ်လေးငါးရာ

http://www.dhammadownload.com



ကို အသံရှဲ့ခက်ကြီးနဲ့ တရားဟောနေပါတယ်။ လက်ဝဲဘက်က တိုက်ခွေ့မှာရုံ ကြီးဆီကလည်း အသံရှဲ့ခက်နဲ့ ဟောနေသံဟိန်းညံ့ ထွက်နေပါတယ်။

အသံရှဲ့ခက် နှစ်လုံးကြား ညှပ်မိနေရာ ဆရာတော်ကြီးဟာ အသံမြှင့်ပြီးဟော ပါသော်လည်း မကြားတကြားမျှသာ အသံပေါ်လာတော့တယ်။

တရားပွဲ လူနည်းတာနဲ့ ပတ်သက်လို့ ဆရာတော်ဘုရားကြီးဟာ စိုးစဉ်းမျှ မတုန်လှုပ်ခဲ့ပါ။

"မြတ်စွာဘုရား တရားဦးဟောစဉ် ပဉ္စဝဂ္ဂီငါးဦးသာ ရှိခဲ့တာ" လို့ အမိန့်ရှိပါ တယ်။

ပြီးတော့ လာပင့်တဲ့ကား အချိန်မပြေတာနဲ့ပတ်သက်ပြီး အမှုဆောင် လူကြီး တွေက မကျေမနပ်ဝေဖန်တဲ့အခါ -

"ဘုန်းကြီးတို့က ယခု ကားစီးနေရသေးတယ်၊ မြတ်စွာဘုရားရှင်က ကုန်း ကြောင်းလျှောက်သွားတာပဲ" လို့ အမိန့် ရှိပါတယ်။

ယောနိသော မနသိကာရ အရာမှာ မဟာစည်ဆရာတော်ဘုရားကြီး ဟာ စံပြပါပဲ။

ပညာဉာဏ်ကြီးတဲ့နေရာမှာလည်း မဟာစည်ဆရာတော်ဘုရားကြီး ဟာ သမထ၊ ဝိပဿနာ အမေးပုစ္ဆာ ပြဿနာများကို ရောက်လေရာမှာ ဖြေရှင်းပေး တော်မူခဲ့ပါတယ်။

ပညာကြီးမားသော်လည်း ပညာကြောင့် ဖြစ်ပေါ်တတ်သော မာန်မာန ထောင်လွှားခြင်းကား မဖြစ်၊ ဂါရဝေါစ နိဝါတမင်္ဂလာကို ဆောင်ထားတော်မူ လေ့ရှိပါတယ်။

၁၃၂၉-ခု နှစ်ဦးတန်ခူးလတွင် တောင်ပုလုဆရာတော်ဘုရားကြီးဟာ ရန်ကုန်သို့ကြွတော်မူလာစဉ် မဟာစည်ရိပ်သာပင့်ဖိတ်၍ မဟာစည်ဆရာ တော်ဘုရားကြီး ကိုယ်တော်တိုင် ရှေးဦးကန်တော့ပါတယ်။ အဲဒီနောက်မှာ

http://www.dhammadownload.com



မဟာစည်ယောဂီများ ကန်တော့ကြပြီး တောင်ပုလုဆရာတော်ဘုရားကြီးထံမှ ဩဝါဒခံယူကြပါတယ်။

မဟာစည်ယောဂီများဟာ ဆရာကောင်းနဲ့ကြုံတုန်း ကြိုးစားအားထုတ်ကြဖို့ တောင်ပုလုဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့ပါတယ်။

အဲဒီနောက် သုံးရက်အကြာမှာ တောင်ပုလုဆရာတော်နဲ့ မဟာစည်ဆရာတော်တို့ဟာ ဒေါက်တာဆာကားအိမ်မှာ တံခါးပိတ်ဆွေးနွေးခဲ့ကြကြောင်း မှတ်တမ်းများအရ သိရပါတယ်။

တောင်ပုလု ဆရာတော်ဘုရား ကြီးကို ရဟန်းရှင်လူများက "ရဟန္တာကြီး" လို့ ထင်မှတ်ကြည်ညိုနေကြပါကြောင်း လျှောက်ထားတဲ့အခါ မဟာစည်ဆရာတော်ကြီးက "ဘုရားဆုပန် ပုဂ္ဂိုလ်ထူးကြီး" လို့ အဖြေပေးခဲ့ပါတယ်။

ဘုရားဆုပန် တောင်ပုလုဆရာတော်ဘုရားကြီးအတွက် သဗ္ဗညုတဉာဏ်တော်နဲ့ ပတ်သက်တဲ့ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ရှင်းလင်းချက်ဟာလည်း အံ့မခန်း မှတ်တမ်းတင်လောက်ပါပေတယ်။

*ယံတံ လောကဇ္ဇရဲ့ ဉာဏ် ဟူသောစကားကို အလုံးစုံသော လောကကို ကျော်လွန်၍ လွှမ်းမိုး၍ တည်သည်အဖြစ်ကြောင့် ဆိုအပ်ပေသည်။ (မဂ် ဖိုလ် နိဗ္ဗာန်ကဲ့သို့) လောကုတ္တရာဘုံ၌ အတွင်းဝင်သည်၏ အဖြစ်ကြောင့်ဆိုအပ်သည်ကား မဟုတ်ပေ။*

*သဗ္ဗကာလေ ပဝတ္တတိဟူသော စကားကိုလည်း ဆင်ခြင်ခြင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် (ဆင်ခြင်တိုင်း ဖြတ်တတ်ပေသော ကြောင့်) ဆိုအပ်ပေသည်။ (မိနစ်၊စက္ကန့်မခြား) အခါခပ်သိမ်း အမြဲတမ်းဖြစ်နေသည်ဟူသော ဤအကြောင်းကြောင့် ဆိုအပ်သည်ကား မဟုတ်ပေ။*

*အကြောင်းမှုကား သဗ္ဗညုတဉာဏ်သည် မြတ်စွာဘုရားမှာ မိနစ်၊ စက္ကန့်မခြား*

http://www.dhammadownload.com



*အခါခပ်သိမ်းသာလျှင် မပြတ်ဖြစ်နေသည်ဟုဆိုရန် မစွမ်းနိုင် ပါ။ (မဆိုနိုင်ပါ။) ဤကား အကြောင်းတည်း။*

*(၄ - မြန်မာပြန်)*

အထက်ပါ နေတ္တိပါဠိဂါထာတော်ကို နိကာယ်ကြီးလေးရပ် ပါဠိတော်တို့၌ မတွေ့ရပါဟူ၍ ၁၃၂၉၊ တန်ခူးလ ဆုတ် ၁ ရက်နေ့စွဲနဲ့ ရှင်းလင်းပေးတော်မူခဲ့ပါတယ်။

အဲဒီလို ကြီးမားသောဉာဏ်ပညာ၊ ကြီးမားသော လုံ့လဝီရိယ၊ ဓမ္မကာယ ဓမ္မဉာဏအပြည့်ဖြင့် မဟာစည်ဆရာတော်ဘုရားကြီးဟာ ပြည်တွင်းပြည်ပ သာသနာပြုတော်မူခဲ့ပါတယ်။

အထူးသဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားတော်မြတ်ကြီးကို မြန်မာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့လွှမ်းမိုးစေတော်မူခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကာလမှာ ယောဂီသုံးယောက်၊ ၁၉၄၉ ရန်ကုန် သာသနာ့ ရိပ်သာကြီးမှာ ယောဂီ(၂၅)ယောက်နဲ့ စခဲ့တဲ့ မဟာစည် သတိပဋ္ဌာန်တရား တော်မြတ်ကြီးဟာ ၁၉၉၉ - ခုနှစ်သို့ ရောက်တဲ့အခါ တရားအားထုတ်ပြီးသော ယောဂီအပေါင်း တစ်သန်းသုံးသိန်းကျော် ရှိခဲ့ပေပြီ။

ဒါဟာ အရေအတွက်မျှလောက်သာမဟုတ်ပါ။ မဟာစည်ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ထုတ်ဖော်မိန့်ကြားခဲ့တာ ဖြစ်ပါတယ်။

- *ဝိပဿနာ ဉာဏ်ထူး၊ မဂ်ဖိုလ်တရားထူးတွေကို ကိုယ်တိုင်တွေ့ရပြီး အား ရကျေနပ်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်သိန်းမက များလှပါပြီ။*

*(ကမ္ဘာ့သာသနာ့ပြုတရားတော် စာ - ၃၃)*

*မြတ်စွာဘုရား ဝန်ခံမိန့်ကြားချက်အရ အနာဂါမ်အထိ မဖြစ်သေးတောင်မှ သောတာပန်ဖြစ်ဖို့ကတော့ သေချာပါတယ်။*

*တစ်လ နှစ်လခန့်မျှ အားထုတ်သူတွေ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်တွေ့*

http://www.dhammadownload.com



*မြင်သွားကြရတာများစွာပင် ရှိနေပါပြီ။*

*(၄င်းစာ - ၅၀)*

မဟာစည် သာသနာ ကမ္ဘာအနှံ့ ဖြန့်ကျက်ခဲ့ရာ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂျပန်၊ ယိုးဒယား၊ သီရိလင်္ကာ၊ နီပေါ၊ ကိုရီးယားတို့မှာ မဟာစည်ရိပ်သာခွဲ ပေါင်း (၁၈) ခု တည်ထောင်ပေးနိုင်ခဲ့ပေပြီ။

ပြည်တွင်းမှာ တိုင်းနှင့်ပြည်နယ်အနှံ့ မဟာစည်သာသနာ ဖြန့်ကျက်တော်မူခဲ့လေရာ -

| စဉ် | တိုင်းပြည်နယ် | ဌာန | အားထုတ်ပြီးပေါင်းယောဂီ |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်း | ၃၃ | ၂၅၄၂၂၄ |
| ၂ | ပဲခူးတိုင်း | ၄၅ | ၁၁၀၇၇၀ |
| ၃ | ဧရာဝတီတိုင်း | ၄၂ | ၇၉၅၈၀ |
| ၄ | မကွေးတိုင်း | ၄၂ | ၇၁၈၁၉ |
| ၅ | မန္တလေးတိုင်း | ၄၆ | ၁၆၇၀၈၇ |
| ၆ | စစ်ကိုင်းတိုင်း | ၇၉ | ၂၅၄၄၄၂ |
| ၇ | တနင်္သာရီတိုင်း | ၇ | ၂၀၅၇၉ |
| ၈ | မွန်ပြည်နယ် | ၁၈ | ၆၃၉၁၉ |
| ၉ | ရခိုင်ပြည်နယ် | ၄၄ | ၁၈၄၈ |
| ၁၀ | ရှမ်းပြည်နယ် | ၂၈ | ၁၀၇၄၂၀ |
| ၁၁ | ကချင်ပြည်နယ် | ၈ | ၃၀၃၁၈ |
| ၁၂ | ကရင်ပြည်နယ် | ၅ | ၇၇၁၇ |
| ၁၃ | ကယားပြည်နယ် | ၁ | ၄၅၅၂ |

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ခရီးလမ်းပန်းကြမ်း

http://www.dhammadownload.com



တမ်းခက်ခဲတဲ့နေရာတွေအထိ အသက်ကို မငဲ့ကွက်ဘဲ ကြွရောက်သာသနာပြုခဲ့လို့ ယခုလိုအောင်မြင်ခြင်း ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးကို အနားယူဖို့ တောင်းပန်တဲ့အခါ "ဒီက မပင်ပန်းပါဘူး" လို့ အမိန့်ရှိတော်မူပါတယ်။ ကျန်းမာရေးမကောင်းရင် ဆေးထိုးပြီး အလုပ်လုပ်ပါတယ်။

"အရှင်ဘုရား အသားစားတဲ့လို နေပါတယ်" လို့ ဆရာဝန်က လျှောက်တဲ့အခါ

"သက်သတ်လွတ်စားလာတာ ကြာပြီ၊ အခုမှ အသားစားတဲ့လိုရသလား" လို့ ပြန်မိန့်တတ်ပါတယ်။

နိုင်ငံခြားဟိုတယ်တစ်ခုမှာ ကြက်ဥကြော်နဲ့ ဆွမ်းကပ်တဲ့အခါ မစားပါဘူး။ ရန်ကုန်သာသနာ့ရိပ်သာမှာ ကြက်ဥပြုတ်(လေဥ)ဆိုပြီး လာကပ်တော့လည်း မစားပါဘူး။

"ဘုန်းကြီး သက်သတ်လွတ်စားပါတယ်" လို့ အမိန့်ရှိပါတယ်။

ပညာရှိ သူတော်ကောင်းကြီးများဟာ အခြေအနေ အချိန်အခါပေါ်မူတည်ပြီး မူပြောင်းတာမျိုး လုပ်လေ့မရှိပါ။ မိမိရဲ့ နိုင်မြဲတဲ့ဆုံးဖြတ်ချက်အပေါ်မှာ ရဲရဲရင့်ရင့် ရပ်တည်တော်မူလေ့ရှိကြပါတယ်။

မဟာစည်ဆရာတော်ဘုရားကြီးဟာ မိမိကိုယ်တိုင် သက်သတ်လွတ်စားသော်လည်း အခြားသံဃာတော်များ အသားငါးစားခြင်းအပေါ် ဘယ်လိုမှ မှတ်ချက်မပေးခဲ့ပါ။ မိမိသက်သတ်လွတ်စားရခြင်းဟာလည်း နှင်းရှုနာရှိခဲ့ဖူးလို့လို့ သာအကြောင်းပြခဲ့ကြောင်း သိရပါတယ်။

– x – x –

## ပြည်တွင်းသာသနာ နိုင်မာစေဖို့

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ၁၉၅၂ – ခုနှစ်က စပြီး အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ)၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဂျပန်

http://www.dhammadownload.com



စတဲ့နိုင်ငံများသို့ ကြွချီ သာသနာပြုတော်မူခဲ့ပါတယ်။

ပြည်ပခရီးစဉ်တွေထဲမှာ ဗီယက်နမ်မှာ ကြုံတွေ့ခဲ့ရပုံဟာ ထူးခြားတယ်လို့ ဆိုနိုင်ပါတယ်။

ဗီယက်နမ်မှာ မြင်ကွန်းမင်းသားကြီးရဲ့သမီး ဒေါ်ဖြူဆိုတာ ရှိပါတယ်။ ဒေါ်ဖြူ ဟာ ပရုတ်ဆီလုပ်ငန်းနဲ့ ဗီယက်နမ်မှာ ချမ်းသာနေပါတယ်။ မြင်ကွန်းမင်းသားကြီး ဟာ ကုန်းဘောင်ခေတ်မှာ အင်မတန်ထင်ရှားတဲ့ နယ်ချဲ့ဆန့်ကျင်ရေးသမားကြီး ဖြစ်ပါတယ်။ ပြင်သစ်အကူအညီနဲ့ဗီယက်နမ်ကိုရောက်သွားပြီး ဗြိတိသျှကို တော်လှန်ရင်း ဆိုင်ဂုံမှာ ခေါင်းချသွားသူပါ။ မဟာစည်ဆရာတော် ဘုရားကြီးဟာ ညောင်ရမ်းဆရာတော်ဘုရားကြီးနဲ့တကွ ဆိုင်ဂုံသုသာန်သို့ကြွပြီး မြင်ကွန်းမင်းသား ကြီးရဲ့အုတ်ဂူမှာ သရဏဂုံတင် ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်းတွေ ပြုခဲ့ပါတယ်။

အမျိုးဘာသာ သာသနာရဲ့လေးနက်တဲ့ ဆက်သွယ်မှုကို မဟာစည်ဆရာ တော်ဘုရားကြီး အထူးဂရုပြု ဆောင်ရွက်ပေးတော်မူခဲ့ပါတယ်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ၁၉၆၀ မှ ၁၉၇၈ – ခုနှစ်အတွင်း ပြည်ပသို့ကြွမြန်းခြင်း အလျဉ်းမပြုဘဲ ပြည်တွင်းမှာသာ သာသနာတော် နိုင်မြဲ၊ စည်ပင်ပြန့်ပွားရေးတွေကို ဖောက်ချဆောင်ရွက်တော်မူခဲ့ပါတယ်။

အဲဒီ(၁၈)နှစ်ကာလဟာ ဝိသုဒ္ဓိမဂ် အပါအဝင် ကျမ်းပေါင်းများစွာ ပြုစုတော် မူခဲ့တဲ့ နှစ်ကာလများ ဖြစ်ပါတယ်။ မြန်မာနှစ် ၁၃၀၀ ပြည့်ကစပြီး မဟာ စည်ဆရာတော်ဘုရားကြီးဟာ ဝိပဿနာလမ်းညွှန်ကျမ်းကို စတင်ပြုစုတော်မူ ခဲ့ရာ ၁၃၅၈ – ခုနှစ်အထိ (၅၈)နှစ် အတွင်း စာအုပ်စာစဉ်ပေါင်း (၈၇)အုပ် ရေးသား တော်မူခဲ့ပါတယ်။

၁၉၇၈ မှာ ဆရာတော်ဘုရားကြီး ရဲ့ဝိပဿနာ အလုပ်ပေးတရားတော် ကစပြီး အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ရာ ၁၉၈၅ – ခုနှစ်မှာ ပြန်ဆိုတဲ့ ဖြပ္ပဒ္ဒဝိဟာရ

http://www.dhammadownload.com



တရားတော်အထိ အင်္ဂလိပ်ဘာသာပြန် စာအုပ်ပေါင်း (၂၉)အုပ် ရှိခဲ့ပါတယ်။

အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးခဲ့တဲ့ ပညာရှင်များကတော့ ဦးညီညီ၊ ဦးသာနိုး၊ မြန်အောင်ဦးတင်၊ ဦးမင်းဆွေ၊ ဒေါ်ကေမြရီ၊ ဦးအေးမောင်၊ မန္တလေးဦးကိုလေး၊ ဒေါက်တာကိုကိုကြီး ဦးထင်ဖတ်၊ ဦးအဂ္ဂဓမ္မ၊ ဦးအုန်းဖေ စတဲ့ပညာရှင်များ ဖြစ်ပါတယ်။

အချို့အင်္ဂလိပ်ဘာသာပြန်မှုများကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြည့်ရှုတည်းဖြတ်ပေးခဲ့ပါတယ်။

မဟာစည်ယောဂီများ ကျန်းမာချမ်းသာစွာဖြင့် မကြောင့်မကြ တရားအားထုတ်နိုင်အောင် ၁၃၂၇-ခု၊ တန်ခူး လပြည့် (၅.၄.၆၆) မှာ ဦးဘညိန် ခေါင်းဆောင်ပြီး ဟိတေသီအဖွဲ့ တည်ထောင်ခဲ့ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒခံယူဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ အကျိုးကိုဆောင်တတ်သောကြောင့် ဟိတေသီမည်၏လို့ ဆရာတော်ကြီးက အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့ပါတယ်။

အဖွဲ့ဝင်တို့ဟာ အခက်အခဲကြုံခဲ့လျှင် စိတ်မပျက်ရ၊ စိတ်ဓာတ်မကျရ၊ အောင်မြင်မှုနှင့် ကြုံရရလျှင်လည်း မာန်မာန မထောင်လွှားရ၊ ချွတ်ယွင်းမှုဖြစ်ပေါ်လျှင် တစ်ဦးနှင့်တစ်ဦး အပြစ်တင်ခြင်းအစား သည်းခံခြင်းဖြင့်ဆောင်ရွက်ရမည် စသည်ဖြင့် မဟာစည်ဆရာတော်ကြီးက ဩဝါဒပေးခဲ့ပါတယ်။

သာသနာပြုလုပ်ငန်းများ ပိုမိုတွင်ကျယ်စည်းလုံးစွာ လုပ်ဆောင်နိုင်ရေးအတွက် အမျိုးသမီးအဖွဲ့တစ်ရပ် ဖွဲ့စည်းသင့်ကြောင်း မဟာစည်သာသနာ့ ရိပ်သာနာယကဆရာတော် ဦးဇဝနက ဆရာတော်ကြီးကို လျှောက်ထားတဲ့အခါ ခွင့်ပြုတဲ့အတွက် ၁၃၄၀ ပြည့်၊ ကဆုန်လပြည့် (၂၁.၅.၇၈)မှာ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ ပေါ်ပေါက်လာခဲ့ပါတယ်။

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့က ယောဂီများ လက်ခံနေရာချထား

http://www.dhammadownload.com



ရေးနှင့် ပြန်ကြားရေး၊ လမ်းညွှန်ကူညီရေး၊ ကျန်းမာသန့်ရှင်းရေး၊ ဘဏ္ဍာငွေရှာဖွေရေးနဲ့ ဆွမ်းကွမ်းဝေယျာဝစ္စ စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်ကူညီနိုင်ခဲ့ပါတယ်။

၁၃၃၂-ခုနှစ်မှာ မဟာစည်နယ်လှည့်မွေကထိကအဖွဲ့ချုပ်ကြီး ဟူ၍ ထူးထူးခြားခြား ပေါ်ပေါက်ချဲ့ပြန်ပါတယ်။ အဲဒီနှစ် ရိပ်သာဝင် ယောဂီတွေထဲက တိုင်းမင်းကြီးဝဏ္ဏကျော်ထင်စည်သူ ဦးညီပုဟာ ဉာဏ်စဉ်တရား နာခွင့်ရ ပြီး သဒ္ဓါတရားများထူးခြားစွာ ဖြစ်ပေါ် လာခဲ့ပါတယ်။

သတိပဋ္ဌာန် ဝိပဿနာတရားကို နိုင်ငံအနှံ့ လှည့်လည် ဟောကြားနိုင်အောင် မွေကထိကနစ်ပါးပေးသနားပါ ရန် ဦးညီပုက မဟာစည်ဆရာတော်ဘုရားကြီးထံ ပန်ကြားလျှောက်ထားခဲ့ ပါတယ်။

ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာနာစရိယ ဆရာတော်နစ်ပါးဖြစ်တဲ့ ဦးသံဝရနဲ့ ဦးဣန္ဒကတို့ကို နယ်လှည့်မွေကထိကများအဖြစ် စတင် ခွင့်ပြုတော်မူပါတယ်။

၁၃၃၂-ခုနှစ်၊ တစ်နှစ်တည်းမှာ ရွှေဘို၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ထမံသီ၊ ဟူမွလင်း၊ မော်လိုက်၊ ကလော၊ ကလေးဝ စတဲ့မြို့ကြီးများမှာ တရားပွဲ (၈၀)ကျော် မြိုင်မြိုင်သဲ အောင်ပွဲခံနိုင်ခဲ့ပါတယ်။

၁၃၃၃-ခုနှစ်သို့ ရောက်တဲ့အခါ နယ်လှည့်မွေကထိက (၁၈)ပါးအထိ တိုးတက်ဖွဲ့စည်းကာ နိုင်ငံအနှံ့ မွေဒူတခရီးနှင်စေခဲ့ပါတယ်။ မဟာစည် မွေကထိက ဖြစ်နိုင်ဖို့ အခြေခံအရည်အချင်းတွေက -

ဉာဏ်စဉ်နာပြီး ဖြစ်ရမယ်၊ ပထမကြီးတန်းအောင်ရမယ်၊ (၁၀)ဝါရပြီး ဖြစ်ရမယ်။

အားထုတ်ဆဲ ယောဂီများကို နာရီဝက်တရားဟောစေပြီးမှ စိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ စိစစ်ပုံမှာ ပါဠိရွတ်ရာ၌ ပုဒ်ဖြတ်၊ ပုဒ်စပ် မှန်၊ မမှန်၊ အနက်ပေး မှန်၊

http://www.dhammadownload.com



မဟုန်၊ အာ ရှင်း. မရှင်း၊ လေယူလေသိမ်း အသံနေအသံထားတို့ အပေါ် စိစစ်ရွေး ချယ်ခြင်း ဖြစ်ပါတယ်။

စနစ် စည်းကမ်း စေတနာမှန်တဲ့အတွက် မဟာစည်သာသနာ အခွန့် ရှည်ခြင်း ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရဲ့သီလ၊ သမာဓိ၊ ပညာ ဂုဏ်သတင်းများကြောင့် ယောဂီများမှာ မဟာစည်ရိပ်သာဝင်းတွင် တစ်နေ့တခြား ဒီရေအလား တိုးပွားလာခဲ့ ပါတယ်။

လူကြီးများနဲ့အတူပါလာတတ်တဲ့ လူငယ်များ၊ ကလေးများကို ကြည့်လိုက် တဲ့အခါ ယဉ်ကျေးမှုက ဆုတ်ယုတ်နေခြင်း၊ နမောတဿကစပြီး အသံထွက် မှန် အောင် မရွတ်နိုင်ခြင်း စသည်အားနည်းချက်များကို တွေ့ရတဲ့အခါ မဟာစည်ဗုဒ္ဓ ဘာသာယဉ်ကျေးမှုသင်တန်းကြီး စတင်ပေါ်ပေါက်လာခဲ့ပါတော့တယ်။

အချိန်အားဖြင့် ၁၃၃၁ - ခု(၁၉၆၉) ခုနစ်က စတင်ဖွင့်လှစ် သင်ကြားခဲ့ရာ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် မြင်ခဲ့ပါတယ်။ အခြေပြုတန်း၊ ပထမ တန်းကစပြီး ဒသမတန်းအထိ သင်ရိုးညွှန်းတမ်းများ စနစ်တကျပြဋ္ဌာန်းကာ သင်ကြားပို့ချခဲ့ခြင်း ဖြစ်ပါတယ်။ အခြေပြုတန်းမှ အဋ္ဌမတန်းအထိ အရှင် ကောလာသရေးတဲ့ ကျမ်းစာအုပ်များ၊ အဋ္ဌမနဲ့နဝမတန်း၊ ဒသမတန်းတို့မှာ မဟာစည်ဆရာတော်ကြီးရေးတဲ့ကျမ်းစာအုပ်များ ပြန်ဋ္ဌာန်းပို့ချတော်မူခဲ့ပါ တယ်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကြီးဟာ ယနေ့တိုင် အထူးအောင်မြင်၊ အထူး အကျိုးပြုနေတဲ့ သင်တန်း ကြီးဖြစ်ပါတယ်။

၁၉၉၀ ပြည့်၊ ဇွန်လ ၁၀ ရက်မှာ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း အမှတ်/၅၅၊ မဟာဂန္ဓာရုံကျောင်း အတွင်းမှာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းကျောင်းကြီးဟာလည်း

http://www.dhammadownload.com



ကျောက်ရှုရှင် မဟာစည်ဆရာတော်ဘုရားကြီးထံမှ မြစ်ဖျားခံလာခဲ့ ခြင်းဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အာရှဥရောပကမ္ဘာတစ်ခွင် လှည့်လည်သာသနာပြုတော်မူခဲ့ရာ ဆရာတော်ကြီးကို ကြည်ညိုတဲ့ နိုင်ငံခြားသားများ မြန်မာပြည်အထိ လိုက်လာပြီး တရားအားထုတ်ကြပါတယ်။ သူတို့ နားလည်အောင် ပြောဟောနိုင်ဖို့ အင်္ဂလိပ်စာ စကားတတ်မြောက်ဖို့ လိုအပ်လာပါတယ်။ အပြန်အလှန်အားဖြင့် နိုင်ငံခြားသားများလည်း မြန်မာစာ ပါဠိဗုဒ္ဓဘာသာဆိုင်ရာများ သင်ကြားနားလည်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ၁၉၇၇၊ ဩဂုတ်လ ၄ ရက်မှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ခွင့်ပြုချက်အရ သံဃာတော်ရှစ်ပါး အင်္ဂလိပ်စာ စတင်သင်ကြားခဲ့ပါတယ်။ မဟာစည်ယောဂီ ဦးလှကျော်ကသင်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါဟာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းရဲ့အစဖြစ်ပြီး နောင်အခါ အဆင့်ဆင့်တိုးတက်လာခဲ့ရာ ၁၉၉၀ မှာ သင်တန်းဌာနကြီးအဖြစ် စနစ်တကျ ဖွင့်လှစ်နိုင်ခဲ့ပါတော့တယ်။ နိုင်ငံခြားသားယောဂီများ၊ မြန်မာယောဂီများ ရဟန်းတော်များကို သင်ရိုးညွှန်းတမ်းများ ဖြင့် အရည်အချင်းပြည့်မီအောင် မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ မဟာစည်ဆရာတော်ကြီးရဲ့ ကြီးမားတဲ့ အမြော်အမြင်ကို ဒီသင်တန်းဌာနကြီးက သက်သေထူနေသလို ရှိပါတော့တယ်။

## မဟာစည်သာသနာ ကမ္ဘာသို့

(၁၈)နှစ်လုံးလုံး ပြည်တွင်း သာသနာ ခိုင်မာပြန့်ပွားအောင် လုပ်ဆောင် ပြီးတဲ့နောက် ၁၉၇၉ – ခု နှစ်ဦးမှာ အင်္ဂလန်မှ ဦးရေဝတဓမ္မနှင့် အမေရိကန်မှ မစ္စတာ ဂျိုးဇက်ဂိုးလ်စတိန်းတို့ရဲ့ အကြိမ်ကြိမ်ပင့်ဖိတ်လျှောက်ထားချက်အရ မဟာစည် ဆရာတော်ဘုရားကြီးဟာ ပြည်ပသို့ ကရုဏာကြီးမားစွာ ကြွရောက်တော်မူခဲ့ ပါတယ်။ ဗုဒ္ဓတရားတော်ကို နိုင်ငံခြားသားများ အလွယ်တကူ သဘောပေါက်နိုင်ရေး

http://www.dhammadownload.com



အတွက် -

(၁) ဗုဒ္ဓဘုရားရှင်၏ အမြတ်ဆုံးတရား တော်

(၂) ဗုဒ္ဓသာသနာတရားတော်

(၃) သတိပဋ္ဌာန်တရားတော် (ပ)

(၄) သတိပဋ္ဌာန်တရားတော် (ဒု)

(၅) ရှမ်းသာရေးတရားတော် စတဲ့ စာအုပ်(၅)အုပ်အဖြစ် ချက်ချင်းရေးပြီး အားလုံး စုပေါင်းကာ ကမ္ဘာ့သာသနာပြု တရားတော်လို့ အမည်ပေးခဲ့ပါတယ်။ ဦးညီညီနဲ့ ဦးသာနိုးတို့က အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ပြီး ဆရာတော်ကြီးကိုယ်တိုင် တည်းဖြတ်တော်မူပါတယ်။

၁၉၇၉၊ မေ ၁ ရက်က စတင်ခဲ့တဲ့ ကမ္ဘာ့သာသနာပြု ခရီးစဉ်ကြီးဟာ ထိုင်း၊ ဟောင်ကောင်၊ ဂျပန်၊ အမေရိကန်၊ အင်္ဂလန်၊ စကော့တလန်၊ ပြင်သစ်၊ ဆွတ်ဇာလန်၊ အီတလီ၊ ဟော်လန်၊ ဂျာမနီစတဲ့နိုင်ငံများစွာသို့ လှည့်လည် သာသနာပြုနိုင်ခဲ့ပါတယ်။

ပြည်ပသာသနာပြု ခရီးစဉ်ကြီးအတွင်း ထူးခြားမှုပေါင်းများစွာထဲက ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတိုက်မှာ ထေရဝါဒဘုန်းတော်ကြီး ဆယ့်သုံးပါးတို့ နဲ့အတူ သိမ်သမုတ်ပေးတော်မူခြင်း ဖြစ်ပါတယ်။ ရောက်လေရာမှာ ရဟန်းခံပေးခြင်း၊ ရှင်ပြု ပေးခြင်းတို့ကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးတော်မူခဲ့ပါတယ်။

အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရာ ကမ္ဘာကျော် ဟားဗက် Harvard တက္ကသိုလ်ကြီးမှာ ဗုဒ္ဓဘာသာရဲ့အနှစ်သာရ မွေလမ်းစဉ်ကိုရှင်းပြခဲ့ပြီး သတိပဋ္ဌာန်တရားတော်ကြီးကို မိတ်ဆက်ဟောကြားတော်မူခဲ့ပါတယ်။

အကျဉ်းချုပ်အားဖြင့် မိမိသန္တာန်မှ ဖြစ်တိုင်းဖြစ်တိုင်း ကိုယ်အမူအရာတွေ ရှုမှတ်ဖို့၊ ခံစားမှုဝေဒနာတွေ ရှုမှတ်ဖို့၊ စိတ်ကူးကြံစည်တိုင်း ရှုမှတ်သိဖို့၊ မြင်မှု

http://www.dhammadownload.com



ကြားမှုတွေကို ရှုမှတ်သိဖို့ လိုပါတယ်။

အကျယ်ကတော့ ကမ္မဋ္ဌာန်းသာသနာ ပြု စာအုပ်ထဲမှာ ရှိပါတယ်။

"အဲဒီလိုဖြစ်တိုင်း ရှုမှတ်ပေမယ့်စခါစမှာတော့ အကုန်မမှန်နိုင်ပေဘူး။ အဲဒါဟာ သမာဓိမဖြစ်သေးလို့ပေဘဲ။ ဒါကြောင့် သမာဓိဖြစ်အောင် နည်းနည်းက စ.ရှုဖို့ ထင်ရှားတဲ့နည်းနဲ့ လှုပ်ရှားမှုအနည်းငယ်ကစပြီး ရှုခိုင်းရတယ်။ ဝမ်းဗိုက်မှာ ဖောင်းတာပိန်တာကစပြီး ရှုရမယ်၊ ဝေဒနာပေါ်လာတိုင်း၊ ဖြစ်တိုင်း ရှုရမယ်၊ စိတ်ကူး ကြံစည်မှုတွေ ဖြစ်တိုင်း ရှုရမယ်၊ ရုပ်နဲ့နာမ်တရားအကြောင်းနဲ့ အကျိုးတရား တွေဖြစ်တိုင်း ရှုရမယ်၊ စိတ်ကူးစဉ်းစားရတာ မဟုတ်ဘူး။ ပေါ်လာသမျှ ရှုမှတ်ရုံပါဘဲ။ သမာဓိဖြစ်လာတော့ အကုန်ရှုမှတ်နိုင်ပါလိမ့်မယ်။ ကိုယ်တိုင်တွေ့နိုင်တဲ့ သဘော တွေကို ကိုယ်တိုင်တွေ့မှာပါဘဲ။ သမာဓိဖြစ်ရင် အမှန်အတိုင်းဖြစ်ပြီး ပျက်သွားတာ လည်းတွေ့ရတယ်၊ အဲဒီလိုတွေ့သိရာကနေပြီး အရိယာမဂ်ဖိုလ်ကိုရောက်ရင် ဆင်းရဲခပ်သိမ်း အကုန် ငြိမ်းသွားမယ်"

မဟာစည်ဆရာတော်ဘုရားကြီးဟာ သတိပဋ္ဌာန်တရားတော်ရဲ့ ကျေးဇူးကြီးပုံတွေကို နိုင်ငံခြားသား စိတ်ရောဂါအထူးကုဆရာဝန်ကြီးများ၊ ပညာရှင်များနားလည် လက်ခံနိုင်တဲ့အထိ သာဓကဆောင် ရှင်းပြပါတယ်။

"ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း အားထုတ်လို့ ရောဂါဝေဒနာပျောက်သွားခဲ့တာ ရှိပါတယ်။ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ခါနီးမှာပင် အကြီးအကျယ် ဝေဒနာဖြစ်ခဲ့တယ်။ အဲဒါကို ဘုရားကိုယ်တော်တိုင် ဝိပဿနာရှုမှတ်လို့ ရောဂါဝေဒနာ ခံစားမှုမရှိတော့ဘဲ ပျောက်သွားတယ်။ ဘာကြောင့် ပျောက်သွားသလဲဆိုရင် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဆိုတာဟာ ရှိတယ်။ ရှုမှတ် နေရင် ရှုမှတ်နေတဲ့စိတ်က အင်မတန် စင်ကြယ်တယ်၊ အင်မတန်ကောင်းတယ်၊ ဒီလိုကောင်းမြတ်တဲ့စိတ်၊ သန့် ရှင်းစင်ကြယ်တဲ့စိတ်တွေကြောင့် သန့်ရှင်းစင်ကြယ်တဲ့ ရုပ်ကောင်းတွေက

http://www.dhammadownload.com



တစ်ကိုယ်လုံးပြန့်ပြီးတော့ ရုပ်ညှပ်တွေ ကင်းပျောက်ပြီး ကျန်းမာကြတာပဲ၊ ဒီလို ကင်းပျောက်ပြီး ကျန်းမာကြပုံကို ကိုယ်တွေ့အားဖြင့် ဆင်ခြင်ကြည့်ရင် သိနိုင်ပါတယ်။ စိတ်ပျော်ရွှင်နေတဲ့အခါ ရုပ်က ကြည်ကြည်လင်လင် သန့်သန့်ရှင်း ရှင်း ဖြစ်နေပုံမျိုးပါပဲ၊ တချို့လူတွေမှာ နည်းအမျိုးမျိုးနဲ့ ရောဂါကုလို့ မပျောက်ပေမယ် တရားအားထုတ်တာနဲ့ တစ်ခါတည်း ပျောက်သွားတာလည်း ရှိပါတယ်" စသည်ဖြင့် ရှင်းပြမိန့်ကြားတော်မူခဲ့ပါတယ်။

စိတ်ရောဂါနဲ့ ပယောဂပျောက်ကင်းချမ်းသာပုံကိုလည်း ထည့်သွင်း မိန့် ကြား သွားပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ကမ္ဘာ့သာသနာပြု ခရီးစဉ်ကြီးဟာ (၂၇-၇-၇၉)မှာ ပြီးဆုံးခဲ့ပါတယ်။ အဲဒီနေ့ ဘန်ကောက်မှ ရန်ကုန် လေဆိပ်သို့ ည ၇း၃၀ နာရီမှာ ပြန်ရောက်ခဲ့ပါတယ်။ ခမ်းနားစွာ ကြိုဆိုပင့် ဆောင်လာခဲ့ကြပြီး ရိပ်သာပြန်ရောက်တဲ့အခါ ယောဂီပရိသတ်ပေါင်းများစွာ အသင့်ကြိုဆိုဖူးမြော်ကန်တော့ကြပါတယ်။ ဆရာတော်ဘုရားကြီးဟာ လုံး၀ နားနေခြင်း မပြုတော့ဘဲ သာသနာပြုအတွေ့အကြုံတွေကို မိနစ် ၂၀ ခန့် မိန့်ကြား ကာ နှုတ်ခွန်းဆက် ဩဝါဒချီးမြှင့်ပါတယ်။

"အမေရိက ဥရောပနိုင်ငံကြီးတွေမှာ ဗုဒ္ဓဘာသာနိုင်ငံတွေနဲ့ နှိုင်းစာကြည့်ရင် အင်မတန် အားနည်းသေးကြောင်း၊ ဒီမှာ တရားအားထုတ်နေသူတွေ အင်မတန် ဝမ်းသာစရာကောင်းကြောင်း" စသည်ဖြင့် အားပေးတော်မူခဲ့ပါတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ သက်တော်(၇၆)၊ သိက္ခာ တော်(၄၇)ဝါအရ (၂၉-၅-၈၀)မှာ အနောက်ကမ္ဘာသို့ နောက်တစ်ကြိမ် သာသနာ ပြုခရီး ကြွတော်မူခဲ့ပြန်ပါတယ်။ ပြည်တွင်းပြည်ပ ရောက်လေရာတိုင်းမှာ ဝိပဿနာ တရားကို အဓိကထားဟောကြားသော်လည်း သမထကို မပစ်ပယ်ကြောင်း

http://www.dhammadownload.com



ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်မှာ ထည့်သွင်း ဟောကြားသွားပါတယ်။

"တချို့က ဝိပဿနာကို အလေးပြုပြီးတော့ သမထကမ္မဋ္ဌာန်းကို အားမထုတ်ကောင်းသလိုလို ရှုတ်ချပြီး ပြောဆိုတတ်ကြတယ်။

အဲဒီလို မရှုတ်ချကောင်းပါဘူး၊ တတ်နိုင်ရင် ရှာန်ရသည့်တိုင်အောင် သမထကမ္မဋ္ဌာန်းကို အားထုတ်ပြီးတော့ ဝိပဿနာရှုရင် ဝိပဿနာဉာဏ်ထူး မဂ်ဖိုလ်တရားထူးများကို အလွယ်တကူ လျင်မြန်စွာ ရနိုင်ပါတယ်။

ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ သမထကမ္မဋ္ဌာန်းတွေကို အပြည့်အစုံတင်ပြထားတာပါပဲ"

မသိသူကျော်သွား သိသူဖော်စားဖို့ လမ်းညွှန်တော်မူခဲ့ပေပြီ။

ပြည်တွင်းပြည်ပ အမေးပုစ္ဆာ ပြဿနာရှင်းခန်းတွေထဲမှာ အားလုံးသိချင်နေတဲ့ "နိဗ္ဗာန်" အကြောင်းကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက -

"နိဗ္ဗာန်ဆိုတာ ငြိမ်းသည်ဟု အနက်အဓိပ္ပာယ်ရှိသည်၊ ကိလေသာတွေ အကုန်ငြိမ်းခြင်း၊ ရုပ်နာမ်တွေ အကုန်ငြိမ်းခြင်းပင် ဖြစ်သည်။

ငြိမ်းဆိုတာကလည်း အသစ်ဖြစ် ခွင့်မရှိတော့ဘဲ ပြတ်စဲခြင်း၊ ကင်းခြင်း ပင်ဖြစ်သည်။ အဲဒီလို ကိလေသာဟူသမျှ လုံးဝငြိမ်းသည့်အတွက် ဘဝသစ် ရုပ်နာမ်တွေ ဖြစ်ခွင့်မရှိတော့ဘဲ ဆင်းရဲအားလုံး ငြိမ်းလေတော့သည်။

ဘဝအသစ်ဖြစ်ခြင်း ဇာတိမရှိသောကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းဟူသမျှ လုံးဝမရှိတော့ဘဲ ကင်းငြိမ်းသွားလေတော့သည်" ဟူ၍ အနှစ်ချုပ် မိန့်မြွက်တော်မူခဲ့ပါ တယ်။

အဲဒီလို ခက်ခဲနက်နဲတဲ့ မွေကြောင်းများကို စာတတ်လုံးမှ မတတ်တဲ့ ယောဂီများကအစ မှတ်သားလွယ်ကူအောင် ဆောင်ပုဒ်လင်္ကာလေးများရေးသားပေးသနား

http://www.dhammadownload.com



ခဲ့တာလည်း မဟာစည်ဆရာတော်ဘုရားကြီးရဲ့အလေးအမြတ် ပူဇော်အပ်တဲ့ ဂုဏ်ရည်တစ်ခုပါပဲ။

- အကုသိုလ်များ
  ရှောင်ရှားပယ်လေ၊
  ကုသိုလ်တရား ဖြစ်ပွားစုံစေ
  မိမိစိတ်ခါတ် ဆွတ်ဆွတ်ဖြူစေ၊
  ဤသုံးပါး ဘုရားဆုံးမပေ။
- ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်
  ရုပ်နာမ်နှစ်မျိုး
  ကြောင်းကျိုးသိမြင်
  မပြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်
  အနတ္တ သိရ နိဗ္ဗာန်ဝင်။

မဟာစည် ဆောင်ပုဒ်လင်္ကာများစွာဟာ သာသနာ့ဥယျာဉ်တော်ကြီးမှာ ယနေ့တိုင် လန်းဆန်းဝေဆာ ဖူးပွင့်နေဆဲပါ။

– x – x –

## သူတော်ကောင်းဂုဏ် ပြောလို့မကုန်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ စပ်လျဉ်းသမျှ ပြန်ပြောင်းတာသ သတိရပူဇော်ပွဲတွေထဲမှာ နှစ်စဉ် ဝါဆိုလပြည့်ကျော် ၃ ရက်တိုင်း လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မြတ်ကြီးကို ပန်း၊ ရေချမ်း၊ ဆီမီး၊ တံခွန် ကုက္ကားတွေနဲ့ သွားရောက် ပူဇော်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင်ဦးဆောင်၍ နာယကဆရာတော်များက ရှေ့ဆောင်ပြီး နေရာယူကာ ဝန်ဆောင်သံဃာတော်များ၊ ဗုဒ္ဓသာသနာ နုဂ္ဂဟ

http://www.dhammadownload.com



အဖွဲ့ချုပ်၊ ဟိတဝါသီအဖွဲ့ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့များမှ ယောဂီများ အစဉ်အတိုင်း နေရာယူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပူဇော်အထူး ပြုကြခြင်း ဖြစ်ပါတယ်။

ရှေးဦးစွာ (၁၀)မိနစ်ခန့် ဘုရားရှိခိုးပြီး (၁၅)မိနစ်တရားထိုင်၊ ပဋ္ဌာန်ပစ္စည်းပုစ္ဆာ နာကာရကိုတိုင်ပေးပြီး လိုက်ဆို၊ နောက်ဆုံးမှာ ပန်းရေချမ်းကပ်ပြီး ဆုတောင်း အမျှဝေခြင်းပဲ ဖြစ်ပါတယ်။ ပျံလွန်တော်မူခါနီး သုံးရက်အလိုမှာပင် ရွှေတိဂုံဘုရား ကြီးကို ဆရာတော်ကြီးပူဇော်အထူးပြုခဲ့ပါသေးတယ်။

"ဆီမီးရေချမ်း ပန်းလှူပါရ ဤပူညကို ဉာတကာနှင့် ဖြဟ္မာသိကြား အစထား၍ အများသတ္တဝါ ပေးဝေပါ၏။ ရစေသာဓု ခေါ်စေသော်...

အမျှ... အမျှ... အမျှ

သာဓု...သာဓု...သာဓု

သူတော်ကောင်းဂုဏ်ပြောလို့ မကုန်နိုင်ဘူးဆိုတဲ့ စကားအတိုင်းပါပဲ။ လုံလဝီရိယကြီးမားစွာ သာသနာပြုတော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ဂုဏ်အပေါင်းကို တစ်ပေါင်းတည်း ချီးကျူးပူဇော်ရတာ ကုန်ဆုံးနိုင်ဖွယ် မမြင်ပါ။ မိုးပေါ်က ကြယ်တွေကို ရေတွက်လို့ရချင်ရမယ်။ သူတော် ကောင်းဂုဏ် ရေတွက်ပူဇော်လို့ မကုန်နိုင်ပါပြီ။

ဒါကြောင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးက -

"ကျေးဇူးတော်ရှင်လို့ ပြောရုံနဲ့ မပြည့်စုံဘူး၊ အနန္တ ကျေးဇူးတော်ရှင်လို့ ပြောမှ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ဂုဏ် ငုံမိရုံပဲရှိတယ်" လို့အမိန့်ရှိခဲ့ခြင်း ဖြစ်ပါတယ်။

အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ နောက်ဆုံး အချိန်များထိ မနားမနေ အလုပ်လုပ်ဆဲ၊ သာသနာအတွက် အသက်ပေးနိုင် ရမယ် လို့အမိန့်ရှိခဲ့ဖူးတဲ့အတိုင်း စံပြလုပ်ဆောင်နေဆဲ၊ ခန္ဓာဝန် စွန့်တော်မူခါနီးအချိန် အထိ

http://www.dhammadownload.com



အဘိဓမ္မာတရားတော်ကြီးကို နောက်ဆုံးကျမ်းစာအဖြစ် ရေးတော်မူဆဲ၊

"ဒီကတဲ့ ဒွါရခြောက်ပေါက်နဲ့စပ်ပြီး ဘာကိလေသာတွေမှ မဝင်တော့ဘူး" လို့ ရွှေမင်းဝံဆရာတော်ကို အမိန့်ရှိခဲ့ဖူးပါတယ်။ အောင်ပွဲတကာ့ အောင်ပွဲတို့တွင် ကိလေသာတို့အပေါ် အောင်ပွဲဆင်နိုင်ခြင်းသည်သာ မဟာအောင်ပွဲ ထူးကဲလွန်မြတ်လှလေစွတကား။

အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ နောက်ဆုံးအချိန်အထိ ယောဂီများ အလုပ်ပေး တရားနာချိန်ကို ကြွရောက်ချီးမြှင့်တော်မူခဲ့ပါတယ်။

၁၉၈၂ ဩဂုတ်လ ၁၂ ရက် ညနေပိုင်း ယောဂီတွေကို သီလပေးပြီး ပြန်အကြွ ကိုယ်တိုင်အဖျားတိုင်းခဲ့တယ်။

နည်းနည်း အနေခက်တယ်ဆိုတဲ့သဘော ဆရာတော်ကြီးရဲ့အမူအရာက စကားပြောနေပြီ။

အချိန်၏တန်ဖိုးကို အချိန်နှင့်အမျှ ဓမ္မဖြင့် စီခြယ်တော်မူခဲ့ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ရုပ်နာမ်ဟူသည် သင်္ခါရွှေခွက်၌တည်သော ခြင်္သေ့မင်း၏အဆီကဲ့သို့ပါတည်း။

မဟာစည်ဆရာတော်ဘုရားကြီး စာကြည့်စားပွဲပေါ် နောက်ဆုံးရောက်လာတဲ့စာအုပ်တွေထဲမှာ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားရဲ့သုံးနှစ်တာခရီးဆိုတဲ့စာအုပ်လည်း ပါဝင်ပါ တယ်။

အဲဒီစာအုပ်ကို အကြောင်းပြုပြီး မဟာစည်ဆရာတော်ဘုရားကြီးက "ပရိယတ္တိသာသနာတော်ကြီးကို ကျယ်ကျယ်ပြန့်ပြန့် သူက ပြုနိုင်တယ်၊ တော်တော်ဝမ်းသာစရာကောင်းတယ်" လို့ ချီးမွမ်းပါတယ်။ ဆဋ္ဌသင်္ဂါယနာ အတူတင်ခဲ့သူ မင်းကွန်းဆရာတော်ကြီးကို ချီးမွမ်းစကားဖြင့် အမှတ်ရလိုက်ခြင်း။

http://www.dhammadownload.com



ပုဂ္ဂိုလ်ထူးကြီးများအတွက် အရေးပါတဲ့ ဖြစ်ရပ်ကြီးတွေ ဖြစ်ပေါ်လာတိုင်း အတိတ်ကြီး၊ နိမိတ်ကြီးတွေ ကြိုတင်ပြစမြဲ။ မဟာစည်ရိပ်သာကြီး၏ ဆွမ်းစားကျောင်းနှင့် ဇလယဉ်မွှာရုံကြီးအနီးရှိ သရက်ဖြူပင်ကြီး(၁၀.၈.၈၂)၊ ပျံလွန်တော်မူရန် ၄ ရက်အလို) ကလည်း ပြို ကျခဲ့ပါတယ်။ ဘယ်သူ့ကိုမှ ဘယ်အရာကိုမှ မထိခိုက်ဘဲ လဲပြိုကျခြင်း။

အာရုံခံတပ်ပုံတိုက်က ဓာတ်ပုံဆရာကလည်း မနေ့ကရိုက်ထားတဲ့ ဓာတ်ပုံတွေပျက်သွားလို့ပါဆိုပြီး ဆရာတော်ဘုရားကြီး နေမကောင်းတဲ့ကြားက နောက်ဆုံးဓာတ်ပုံရိုက်ကူးဖို့ခွင့်တောင်း(၁၃.၈.၈၂)နေ့ ပျံလွန်ရန် တစ်ရက်အလိုမှာ ဓာတ်ပုံရိုက်ဖို့ခွင့်ပြု တော်မူခဲ့ပါတယ်။ တကယ်တော့ နံနက် (၄)နာရီကတည်းက သံဃာတော်များနဲ့အတူ ဘုရားဝတ်တက်၊ (၄၅)မိနစ် တရားရှုမှတ် စသည့်ပြုဖွယ်ကိစ္စများ မကျန်ရအောင် လုပ်ဆောင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီ ဗျာဓိနိုက်စက်မယ့် ဩဂုတ် လ ၁၃ ရက်နေ့ကိုလည်း ဆရာတော်ဘုရားကြီးက ဩဂုတ်လ ၁၂ ရက်နေ့ကတည်းက ၁၃ ရက်နေ့သို့ ပြကွဒိန်ကို ကြိုရွှေ့ထားပါ။ လာမယ့်ဘေး ပြေးတွေ့ခဲ့တာပါပဲ။

အဲဒီညမှာပဲ သန်းခေါင်ကျော်နှစ်နာရီလောက် ဆရာတော်ဘုရားကြီးရဲ့အခန်းမီးပိတ်ထားပါလျက် တစ်ခန်းလုံးထိန်နေတာ ဒကာကြီးတစ်ယောက် ကတွေ့ရလို့ လာလျှောက်တဲ့အခါ "ဘယ်သူ့မှ လျှောက်မပြောနဲ့နော်" လို့ ပိတ်လိုက်သတဲ့။

ဥပုသ်နေ့ သံဃာတွေ ကန်တော့စဉ်ကလည်း ...

- စုံညီစွာ စည်းဝေးညှိနှိုင်းခြင်းဟာ ညီညွတ်ခြင်းရဲ့အကြောင်း။
- ညီညွတ်ခြင်းသည် ချမ်းသာခြင်းရဲ့အကြောင်း၊
- ကိုယ့်ဟာကိုယ် သီးခြားနေကြမယ်ဆိုရင် ညီညွတ်ခြင်းရဲ့အကြောင်း မဟုတ်လို့ ဩဝါဒပေးတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



နောက်ဆုံးဩဝါဒဆိုတာ အားလုံးက မရိပ်စားမိခဲ့ပါဘူး။

ပျံလွန်တော်မူရန် တစ်ရက်အလို (ဩဂုတ်လ ၁၃ ရက်နေ့)အထိ ဆရာတော်ဘုရားကြီးဟာ ဒကာ၊ ဒကာမတို့ ဆက်ကပ်တဲ့ဆွမ်းကို ဘုဉ်းပေးသွားခဲ့ပါတယ်။ တစ်နည်းအားဖြင့် ဒကာ၊ ဒကာမတို့ရဲ့သဒ္ဓါကို ချီးမြှောက်တော်မူခဲ့ပါတယ်။ ဆွမ်းဘုဉ်းပေးပြီး အမိန့်ရှိခဲ့တဲ့ဩဝါဒကိုလည်း မှတ်သားထားကြစမ်း ပါ။

"ဆွမ်းစတဲ့ ဝတ္ထုပစ္စည်းတွေ လှူခဲ့တာများပါတယ်၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်တဲ့ အကျင့်တရားက အရေးကြီးတယ်၊ လိုအပ်တယ်"

ညနေ (၄)နာရီ ထိုးခါနီးတော့ ကိုယ်တော်တိုင် အဖျားတိုင်းပါတယ်။

"အဖျားလည်း မရှိ၊ ဒီနေ့ နေရတာ တယ်ဟန်မကျဘူး၊ စားဖတ်ရတာလည်း တယ်ဟန်မကျဘူး" လို့ မိန့်ဆိုလိုက်ပေမယ့် ညနေ(၅)နာရီမှာ အလုပ်ပေးတရားဟောတော်မူပြန်ပါရော၊ တာဝန်ကျေပွန်ခြင်းရဲ့ဟိုတက်မိုင်ပေါင်းများစွာ လွန်အောင် ညွှန်ပြတော်မူခဲ့ပြီ။ သို့သော် မဖြစ်စဖူး တရားဟောကြားနေ စဉ် (၇)ကြိမ် သမ်းဝေတော်မူခဲ့လေရဲ့။

ည ၇း၀၀ နာရီလောက်ရောက်တော့ ဦးသောဘနလေး (ယခု ရွှေမင်းဝံဆရာတော်)က မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးရဲ့သုံးနှစ်ခရီးစာအုပ်ကို ဖတ်ပြ၊ နားထောင်နေဆဲ -

"ရွှေစေတီဆရာတော်ဘုရားကြီးရဲ့ ဩဝါဒလည်း ပါ.ပါတယ် ဘုရား" လို့ လျှောက်ထားစဉ် မဟာစည်ဆရာတော် ဘုရားကြီးခေါင်းကို လက်နှစ်ဖက်ဖြင့် ပွတ်လျက် အတော်ခံစားနေရဟန်ဖြင့် -

"ဒီတစ်ခါ ဖြစ်တာ ခါတိုင်းလို မဟုတ်ဘူး" လို့ အမိန့်ရှိပါတယ်။

ဦးပဥ္စင်းဦးသောဘန ရိပ်မိလိုက်ပြီ။ အခြေအနေက လျှင်မြန်စွာပြောင်းလဲချေပြီ၊ ဦးပဥ္စင်းဦးသောဘန အကြောင်းကြားလိုက်လို့ နာယကဆရာတော်များ၊

http://www.dhammadownload.com



တပည့်သံဃာများ၊ ဆရာဝန်များ၊ ကပ္ပိယနှင့်ဒကာကြီးများအားလုံး ရောက်ရှိလာကြ၊ ဆရာဝန်များ ကြပ်မတ်ကုသ၊ နောက်ဆုံး ည ၁၀း၀၀ နာရီလောက် မှာ ရန်ကုန်ဆေးရုံကြီးသို့...။

သို့သော် မရတော့ပါ။ လေးလှသည့် ခန္ဓာဝန်ကြီးကို ထားခဲ့ပြီ။ တစ်ဘဝလုံး ကြိုးစားပြုစုတော်မူခဲ့တဲ့ သာသနာတော်မြတ်ကြီးကို တပည့်တွေဆီ ထားရစ်ခဲ့ပြီ။

အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ မြန်မာနှစ် ၁၃၄၄ - ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက် (၁၉၈၂၊ ဩဂုတ်လ ၁၄ ရက်) စနေနေ့ မွန်းလွဲ ၁း၀၀ နာရီ ၃၆ မိနစ် တွင် ခန္ဓာဝန်စွန့် (ပျံလွန်)တော်မူခဲ့ပါ တယ်။

– × – × – ×

## အငြိမ်းဓာတ်သည် လင်းရောင်ခြည်

ပုထုဇဉ်တို့ရဲ့ ခွဲခွာခြင်းမှာပင် ကျန်ခဲ့သူများက ပို၍ခံစားရ၊ နလုံးသားနာ ကျင်ကြေကွဲရပါတယ်။ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စုတိကမ္ဘဇရုပ် ချုပ်ငြိမ်းတော်မူလေသောအခါ ဝိပဿနာကိုကောင်းစွာ အားထုတ် ပြီး ယောဂီများပင် ဖြစ်လင့်ကစား အစားထိုးမရနိုင်သော ယှက်ချုံးမရခြင်းဖြင့် ကြေ ကွဲခြင်း ဖြစ်ရပါတယ်။

မဟာစည် ယောဂီများအတွက် သီးခြားကွက်၍ ဆုံးရှုံးခဲ့ခြင်း မဟုတ်ပါ။ ကမ္ဘာ လောကအတွက်ပါ ဆုံးရှုံးနစ်နာရခြင်းမျိုး ဖြစ်ပါတယ်။

မဟာစည် ဆရာတော်ဘုရားကြီး ရဲ့ရုပ်ကလာပ်တော်ကို တစ်ပြည်လုံးက တဖွဲဖွဲ တသဲသဲ ရောက်လာပူဇော်ကြပါတယ်။ ရုပ်ကလာပ်တော်ရှေ့ရောက်ရှိ ဖူးမြော်နိုင်ရဖို့ အနည်းဆုံး သုံးနာရီ လေးနာရီခန့် တန်းစီစောင့်ဆိုင်းပြီးမှ ဖူးခွင့်ရ ပါတယ်။တပည့်ဒကာ ယောဂီအပေါင်းတို့ရဲ့နောက်ဆုံးဖူးမြော်ခြင်းဟာ မြတ်သော ဓမ္မပူဇာပါပဲ။

http://www.dhammadownload.com



သက်ရှိလူသားတွေကို မဆိုထားနှင့်၊ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ရှေ့မှာ သက်မဲ့ကမ္ဘာ ကြာဖြူပန်းတွေတောင် ထူးထူးဆန်း ဆန်း လန်းလန်းဆန်းဆန်း အစွမ်းကုန် ပွင့်လန်းခြင်းဖြင့် ပူဇော်ခဲ့ကြပါတယ်။ တစ်ရက် မဟုတ်၊ သုံးရက်တိုင်အောင် ပွင့်လန်း မညှိုးစတမ်း ပူဇော်ခဲ့ခြင်း ဖြစ်ပါတယ်။

ဆဋ္ဌသင်္ဂါယနာကို အတူတင်ခဲ့တဲ့ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရား ကြီး ကြွရောက်တော်မူလာပြီး မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ကို ကန်တော့ပါတယ်။

မဟာစည် ဆရာတော်ဘုရားကြီး ရဲ့အန္တိမအဂ္ဂိဈာပနသည် ဗုဒ္ဓမြတ်စွာဘုရားရဲ့ အလိုတော်နှင့် ကိုက်ညီရေးအတွက် စီစဉ်ဖြေရှင်းပေးတော်မူခဲ့ရပါတယ်။

(၂၀.၈.၈၂)သောကြာနေ့မှာ အနန္တကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရား ကြီး၏ ရုပ်ကလာပ်တော်ကို (ကြံ့တော)သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်တော်မူခဲ့ကြ ပါတယ်။

ကောင်းကင်ကြီးတစ်ခုလုံး ညှို့မှိုင်းအုံ့ဆိုင်းလို့ တစ်ခါတရံ မိုးဖွဲကလေးတွေ ကျလာပုံဟာ ကောင်းကင်ကြီး ငိုနေသလား ထင်ရပါတယ်။ မြေပြင်၊ လမ်းမပေါ်မှာ လူတွေ.လူတွေဆိုတာ ပင်လယ်ဝေနေပါတော့တယ်။ လူလှိုင်းတံပိုးကြီးတွေ တလိမ့်လိမ့် တက်လာနေပါတယ်။

ကမ္ဘာအေးဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ပြည်လမ်း၊ ကြံ့တော သုသာန်အဝင်လမ်း စတဲ့နေရာ လမ်းတွေမှာ တစ်ခဲနက် များပြားသောလူထု ပရိသတ်ဟာ ငြိမ်သက်စွာ စောင့်ဆိုင်းနေနှင့်ပါတယ်။ သမိုင်းမှာ မကြုံဘူးတဲ့ ပရိသတ်လူထုကြီး ကမ္ဘာ့အခမ်းနားဆုံး ဈာပနကြီး ဖြစ်ခဲ့ပါတယ်။ ဒီလောက် များပြားလှတဲ့ ရောမလူထုပရိသတ်ကြီး ရဲ့ထူးခြားချက်ကတော့ "ငြိမ်သက်ခြင်း" ပဲ ဖြစ်ပါတယ်။ သုသာန်မှာလည်း ကြက်ပျံမကျသောပရိသတ်ကြီးဟာ ရင်တလှပ်

http://www.dhammadownload.com



လှပ်နဲ့ စောင့်ကြိုပူဇော်နေနှင့် ကြပါတယ်။

နောက်ဆုံးမှာ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ကို ညနေ ၅း၀၀ နာရီ၊ ၁၀ မိနစ်မှာ သင်္ဂြိုဟ်မည့်အခန်းတွင်းသို့ ပင့်ဆောင်ကာ စတင်သင်္ဂြိုဟ်လိုက်ကြတော့တယ်။

ညတိုင်အောင် သင်္ဂြိုဟ်ခဲ့ရပြီး ကြွင်းကျန်ရစ်တဲ့ အရိုးတော်ကို ငွေဖလားမှာထည့်ပြီး ငွေဖလားကို သံသေတ္တာထဲမှာ သော့ခတ်ပိတ်လို့ မဟာစည်သာသနာ့ရိပ်သာသို့ ပြန်လည်ပင့် ဆောင်လာခဲ့ကြပါတော့တယ်။

ဆရာတော်ကြီး လွန်တော်မူပြီး နှစ်နှစ်အကြာ ၁၉၈၄၊ နိုဝင်ဘာလမှာ မဟာစည်ဗိမာန်တော်ကို အုတ်မြစ်ချနိုင်ခဲ့ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီး အထိမ်းအမှတ် ဖြစ်ပါ တယ်။

၁။ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ထာဝရဂါရဝပြုရန်၊

၂။ မဟာစည်ဝိပဿနာလမ်းစဉ်မှန် မမှေးမှိန် ရှည်ကြာစွာ တည်တံ့တိုးတက်ပြန့်ပွားရန်၊

၃။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့သွန်သင်ဆုံးမဩဝါဒအတိုင်း ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့မှ လိုက်နာကျင့် သုံး၍ သာသနာပြုကြရန်။

အဲဒီ ရည်ရွယ်ချက်သုံးရပ်နဲ့ ၁၉၈၉ - ခု၊ ဒီဇင်ဘာ ၁၅ ရက်မှာ ဗိမာန် တော်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါ တယ်။ ဗိမာန်တော်ဟာ အလျား (၅၆) ပေ၊ အမြင့် (၂၀)ပေ၊ ဘုံဆင့်(၄၀) စုစု ပေါင်း အမြင့်ပေ(၆၀)ရှိပါတယ်။ အတွင်းနံရံအားလုံး စကျင်ကျောက်ဖြူသားဖြင့် အပြည့်ပြီးစေ၍ ၄င်းကျောက်သားနံရံပေါ်မှာ မဟာစည်ဆရာတော်ဘုရား ကြီးရဲ့ -

http://www.dhammadownload.com



(က)ဝိပဿနာရှုနည်းကျမ်းကြီး

(ပထမတွဲ၊ ဒုတိယတွဲ)

(ခ) အဆုံးအမသြဝါဒများ

(ဂ) ထေရုပ္ပတ္တိအကျဉ်းတို့ကို ရေးထွင်း ပူဇော်ထားရှိပါတယ်။

အနန္တကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံထူးချွန်သော ဂုဏ်ကျေးဇူးတော် လွန်ကဲထူးမြတ်တဲ့ ရဟန်းတစ်ပါး အဖြစ် အားလုံးက ကြည်ညိုပူဇော်မဝ တသသ ရှိနေကြဆဲပါ။

ဆရာတော်ဘုရားကြီးရဲ့ ဘုန်းကံပါရမီတော်အလျောက် ဘုန်းကံရှိသူများ၊ သြဇာတိက္ကမကြီးသူများ၊ ဥစ္စာဓနကြွယ်ဝချမ်းသာသူများမှသည် လူသာမန် အညတရများအထိ အားလုံးတို့ဟာ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်း စဉ်များမှာ သူ့နေရာနှင့်သူ အကွက်ကျကျ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ကြတာလည်း အတိဒုလ္လဘပါပဲ။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပန်းတိုင်ဟာ အပါယ်လေးပါးနဲ့ ဝဋ်ဆင်းရဲအပေါင်းက လွတ်မြောက်ရာ မြတ်နိဗ္ဗာန်ဖြစ်ပါ တယ်။

ဒီလောကကြီးမှာ နိဗ္ဗာန်အလို့ငှာ ဝိပဿနာပညာ၊ မဂ်ဖိုလ်ပညာတို့ကို ရထိုက် တဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သော်မျှ အကြွင်းမျှလောက် ကာလပတ်လုံး ရှိနေ သေးသည် ဆိုငြားပါအံ့၊ အဲဒီ ကာလနှင့်အမျှ (ဝါ) ထိုမျှသော ကာလပတ်လုံး မဟာ စည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာရှုနည်း ထင်ရှားဖော်ပြ မကွယ်ပဘဲ တည်မြဲ ထွန်းလင်းနေဦးမှာ ဖြစ်ပါတယ်။

အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာ လင်းရောင်ခြည်ဟာ ဒီကမ္ဘာလောကထဲက မဂ်ဖိုလ်ရထိုက်သူ နောက်ဆုံးလူ သားတစ်ယောက်ကိုတောင်မှ လမ်းပြ ခေါ်ဆောင်ဖို့ရာ ထာဝစဉ် ထွန်းလင်း နေဦးမှာ

http://www.dhammadownload.com



ဖြစ်ကြောင်းပါချာ။

*(၁၃၆၆၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့ ဓမ္မပူဇာ)*

ကိုးကားစာအုပ်များ

၁။ ၁၉၆၇၊ ဧပြီလထုတ် ဦးဘာသန်း ၏ မဟာစည်ထေရ်မြတ် အထုပ္ပတ်။

၂။ ၁၉၈၆၊ မေလထုတ်အရှင်ကေလာသ၏ မဟာစည်ထေရုပ္ပတ္တိဝိလာသိနီ(ပ၊ ဒု)။

၃။ ၁၉၇၉ ထုတ် မဟာစည် ကမ္ဘာ့သာသနာပြုခရီးစာတမ်း။

၄။ ၁၉၄၉ – ၁၉၉၉ မဟာစည် နှစ် ၅၀ ပြည့် စာစောင်။

၅။ မဟာစည်ဆရာတော်ဘုရားကြီး ၏ ကျမ်းစာအုပ်များ။

http://www.dhammadownload.com

http://www.dhammadownload.com

## ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏
## သုံးသပ်ဝေဖန်ဉာဏ်ပဋိဘာန်

### အကောင်းဆုံးဘဝနေနည်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ စာပေပရိယတ္တိဘက်မှာရော၊ အကျင့်ပဋိပတ္တိဘက်မှာပါ စွယ်စုံထူးချွန် ထူးကဲလွန်မြတ်တဲ့ဉာဏ်တော် နဲ့ ပြည့်စုံကြောင်း အားလုံးသိကြပြီးဖြစ်ပါတယ်။ ဆရာတော်ကြီးဟောပြော ပြုသရေးသားစီရင်တော်မူခဲ့တဲ့ ကျမ်းစာအုပ်များက ဆရာတော်ဘုရားကြီးရဲ့ဉာဏ်တော်ကို သက်သေခံဖော်ပြနေသလိုရှိပါတော့တယ်။ ကျွန်တော်ဖြင့် ဆရာတော်ဘုရားကြီးရဲ့ကျမ်းအစာအုပ်တွေဖတ်တဲ့အခါ တစ်လုံးမှကျော်မသွားရဲပါဘူး။ သိမှတ်စရာတစ်ခုတစ်လေ ကျန်ခဲ့မှာ စိုးလို့ပါ။ အဲဒီသိစရာမှတ်စရာဆိုတာ တကယ်တော့ "ကျင့်စရာ" တွေချည်းပါပဲ။ ဘာကိုကျင့်ရမှာလဲ၊ ဘယ်လောက်ထိ ကျင့်ရမှာလဲဆိုတော့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင် ဝိပဿနာကျင့်ရမယ်လို့ အစဉ်အမြဲလမ်းညွှန်တော်မူလေ့ရှိပါတယ်။ ဒါနသီလစတဲ့ လောကဓမ္မများနဲ့ ပတ်သတ်ပြီးတော့လည်း လစ်ဟာချက်မရှိအောင် ဟောပြောရေးသားတော်မူခဲ့ပါတယ်။

သုသဏ္ဍာန်သျှမ်စာစဉ်

http://www.dhammadownload.com



လောကဓမ္မလောကီရေးရာဆိုတာ လောကီဘုံသားများအတွက် ရေအိုးနှင့် ရေမှုတ်ပမာ အမြဲဒွန်တွဲနေတာဖြစ်လို့ ဒီလောကထဲ ကျင်လည်ရဆဲမှာ တရားနဲ့ အညီနေထိုင်ရှင်သန်တတ်အောင် လမ်းညွှန်တော်မူလေ့ရှိပါတယ်။ ဥပမာ စီးပွားရေးအဆင်မပြေ လာဘ်လာဘဝင်ငွေ ဆုံးရှုံးလျော့နည်းတာမျိုးနဲ့ ကြုံဆုံရတဲ့ အခါ ဖြေသာနေသာအောင် ဒီလိုညွှန်ပြတော်မူခဲ့ပါတယ်။

"မွေးခါစ ဘာမှမပါခဲ့ဘူး၊ အဝတ်တောင်မပါခဲ့ဘူး၊ ဒါပေမယ့် အခုတော့ အဲဒါနဲ့ နှိုင်းစာကြည့်ရင် ရ,ထားတာတွေ အများကြီးရှိသေးတာပဲ" လို့ ဒီလိုလည်း ဆင်ခြင် ရတယ်။ နောက်ပြီးတော့ ယခုပျက်စီးသွားတာတွေဟာ "ဘိဇ္ဇနဓမ္မောဘိဇ္ဇတိ" ပျက်တတ်တဲ့တရားမို့ ပျက်သည်လို့ဆိုတဲ့အတိုင်း ဆင်ခြင်ရတယ်။ ဟုတ်တယ်၊ ကွဲတတ်တဲ့မြေအိုးဟာ လွတ်ကျရင်ကွဲတာပဲ။ မကွဲတတ်တဲ့ သံအိုး သတ္တုအိုးဆိုရင် လွတ်ကျပေမယ့် မကွဲပါဘူး။ ဒါကြောင့် တစ်စုံတစ်ရာလွတ်ကျလို့ ကွဲပျက်သွားရင် ပျက်တတ်လို့ ပျက်သွားတာပဲလို့ နှလုံးသွင်းပြီး ဖြေဖျောက်ရတယ်"

*၁၉၈၇ ဇူလိုင်လထုတ် လောကဓံတရားတော် စာ-၄၉*

ကျွန်တော်တို့ရဲ့ ဘဝရှခင်း လောကရဲ့အရေးအခင်းတွေပေါ် မဟာစည် ဆရာတော်ဘုရားကြီးက မေ့စက္ခုမေ့အလင်းနဲ့ ရှုမြင်ပြီးတော့ သုံးသပ်ညွှန်ကြား တော်မူခဲ့ပြန်ပါတယ်။

"သူတစ်ပါး ပယောဂကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ ကိုယ်ထဲမှာ ဆင်းရဲဒုက္ခဝေဒနာတွေဖြစ်ပေါ်လာတဲ့အခါ အခြားနည်းဖြင့်ပြုပြင်စရာမရှိရင် အဲဒီ ဒုက္ခဝေဒနာကိုပဲ စူးစိုက်ပြီး ရှုမှတ်နေရမယ်၊ အဲဒီလိုရှုမှတ်နေရင် ဒုက္ခဝေဒနာဟာ ပျောက်လည်းပျောက်သွားတတ်ပါတယ်။ လုံးလုံးမပျောက်တောင် သက်သာနေ တတ်ပါတယ်၊ မသက်သာတောင် စိတ်ဆင်းရဲမှုမဖြစ်နိုင်တဲ့အတွက် အဲဒီကိုယ် ဆင်းရဲမှုတစ်မျိုးကိုသာခံရတယ်။ အဲဒီ ကိုယ်ဆင်းရဲကို မရှုနိုင်ရင်တော့

http://www.dhammadownload.com



ငါ့ကိုဘယ်သူတွေက မတရားနှိပ်စက်တယ်၊ ငါ့နှယ် ကံဆိုးလိုက်တာ၊ ဖြစ်မှ ဖြစ်ရလေခြင်းစသည်ဖြင့် ကြံစည်ပြီး စိတ်ဆင်းရဲခြင်းတွေလည်း များစွာ ဖြစ်တတ်လာပါတယ်"

*လောကဓံတရားတော် စာ-၅၉*

ဒုက္ခဝေဒနာသက်သာအောင်မရှုမှတ်တတ်ဘူးဆိုရင် "ယောနိသောမနသိကာရနဲ့ အသင့်အတင့် နှလုံးသွင်းပြီး ပယ်ဖျောက်ရတယ်၊ လောကဓံတရားဆိုတာ ဘုရားရဟန္တာများတောင်မှ မရှောင်နိုင်ဘူး၊ တွေ့ကြသေးတာပဲ၊ ငါလိုလူ ဘယ်မှာ မတွေ့ဘဲရှိမှာလဲ၊ ဘုရားရဟန္တာအရှင်မြတ်တွေဟာ ဒီလောကဓံတရားတွေနဲ့ တွေ့တဲ့အခါ မတုန်မလှုပ်သည်းခံတော်မူနိုင်ကြတယ်။ ငါလဲ ဘုရားရဟန္တာများလို သည်းခံမယ်၊ စိတ်နှလုံးမသာခြင်းကို မဖြစ်စေအောင်၊ ဖြစ်ရင်လည်းကြာရှည်စွာ မဖြစ်ရအောင် စောင့်ရှောက်မယ်၊ ဒီလိုစောင့်ရှောက်ခြင်းဖြင့် ဘုရားရဟန္တာတို့ရဲ့ဂုဏ်တစ်စိတ်တစ်ဒေသနဲ့လည်း ပြည့်စုံစေမယ် စသည်ဖြင့် နှလုံးသွင်းဆင်ခြင် ပြီး နှလုံးမသာယာမှုကို ပယ်ဖျောက်ရမယ်၊ အဲဒီလို ပယ်ဖျောက်နိုင်ဖို့က အရေးကြီးပါတယ်"လို့ လမ်းညွှန်တော်မူခဲ့ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ အခါအခွင့်ကြုံတိုင်း နှလုံးသွင်းဆင်ခြင်ဖို့ နည်းပေးလမ်းပြတော်မူလေ့ရှိခဲ့ပါတယ်။ ယောနိသောမနသိကာရဟာ အကောင်းဆုံးဘဝနေနည်းဖြစ်ပြီး မဂ်ခရီး ဖိုလ်ခရီး နိဗ္ဗာန်ခရီးကို ကြီးမားစွာ အထောက်အပံ့ဖြစ်စေနိုင်တယ်လို့ ယုံကြည်ပါတယ်။

## ဂံကုသိုလ်နှင့်ဉာဏ်ကုသိုလ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုင်ရာ သိမ်မွေ့နက်နဲတဲ့တရားတော်များကို အစဉ်တစိုက် ဖော်

http://www.dhammadownload.com



ထုတ်ရှင်းလင်းဟောပြောနေတော်မူလေ့ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေကို ဝိပဿနာလမ်းကြောင်းပေါ်ဆွဲခေါ်ရာမှာ အင်မတန်အားကြီးလှပါတယ်။ ဒါနသီလစတဲ့ အခြေခံအုတ်မြစ်ပိုင်းကိုလည်း ခိုင်မာအောင်တည်ဆောက်စေခဲ့ပါတယ်။

၁၉၈၁ ဇူလိုင်လမှာ အထက်အညာက သူဌေးကြီးတစ်ဦး မဟာစည်သာသနာ့ရိပ်သာကို ရောက်လာပါတယ်။ နှစ်ပေါင်း(၂၀)လောက် ဒါနသီလစတဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့သူပါ။ အဲဒီ သူဌေးကြီးဟာ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးဦးပွင့်ကောင်းနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ မေတ္တာမိတ်ဆွေကြီးပါ။ အဲဒီ သူဌေးကြီးကို ရှီးမှုံ့တဲ့မဟာစည်ဆရာတော်ဘုရားကြီးရဲ့ဩဝါဒဟာလည်း အင်မတန် မှတ်သားစရာကောင်းလှပါတယ်။

"ဒကာကြီး ရလုပ်နေတဲ့ ကုသိုလ်ကောင်းမှုတွေဟာ သိပ်ကောင်းပါတယ်။ မြန်မာပြည်မှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတွေကဖြင့် ဒကာကြီးတို့လို အဆက်မပြတ်ကုသိုလ်ကောင်းမှုတွေ ပြုနေတာကြောင့် နောင်ဘဝအကျိုးပေးတဲ့ အခါကျတော့ မြန်မာပြည်တွင် အကျိုးပေးလို့မဆန့်နိုင်အောင် ကြီးကျယ်တဲ့အတွက် အခြားတိုးတက်တဲ့နိုင်ငံကြီးတွေမှာ သွားပြီး သူဌေးကြီးတွေ၊ စက်မှုလုပ်ငန်းရှင်ကြီးတွေ၊ အာဏာအင်မတန်ပြည့်တဲ့ အစိုးရအဖွဲ့ဝင်ကြီးတွေတောင် ဖြစ်နိုင်ကြတဲ့သဘောရှိပါတယ်။ အဲဒီမှာ လူသွားဖြစ်ပြီးတော့ ယခုကောင်းမှုတွေကြောင့် အင်မတန်ချမ်းသာကျော်စောတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်တော့ သူတို့ဆီမှာရှိတဲ့ အလေ့အကျင့်အတိုင်း ကာမဂုဏ်တွေ ခံစားစံစားရမှာတော့ မလွဲကြပါဘူး။

အဲဒီကာမဂုဏ်တွေ ခံစားစံစားရတဲ့ အခြေအနေပေါ်တည်ပြီး အကုသိုလ်တွေက ဟိုဘဝမှာ ဆက်တိုက်ဖြစ်ကြမှာမို့ အဲဒီလို အကုသိုလ်တွေကြောင့်ပဲ နောင်ဘဝတွေ ရောက်ပြန်တော့လည်း အဲဒီ အကုသိုလ်အကျိုးဆက်ကြောင့် အပါယ်လေးပါး မှရုန်းလားကြရတော့မယ်ဆိုတာတော့ ယုံကြည်သင့်တယ်။

http://www.dhammadownload.com



ယခုဘဝမှာ ယခုလို ဒါန သီလ ကုသိုလ်ကောင်းမှုချည်းမဟုတ်ဘဲ ဝိပဿနာတရားကို ဆရာသမားကောင်းနဲ့ စနစ်တကျအားထုတ်လို့ အဆင့်တော်တော်မြင့်တဲ့ သင်္ခါရုပေက္ခာဉာဏ်(သို့မဟုတ်)အနည်းဆုံး ဥဒယဗ္ဗယဉာဏ်အဆုံးလောက်ထိအောင် ကျေကျေလည်လည်အားထုတ်နိုင်မယ်ဆိုရင် ဝိပဿနာပညာဦးစီးတဲ့ ဉာဏ်ကြောင့်နောင်ဘဝတွေမှာ ဘယ်အခြေပဲရှိရှိ မေ့မေ့လျော့လျော့မဖြစ်ဘဲ ပြန်လည်သတိရပြီး မှတ်တဲ့အကြံဉာဏ်တို့စိတ်ကူးစဉ်းစားဉာဏ်မျိုး ပြန်ပေါ်တတ်ပါတယ်။ ဒီအခါမှာ မှန်ကန်တဲ့အသိတရားလည်းရလာတဲ့ အတွက် အကုသိုလ် ကာမဂုဏ်အာရုံတွေကို မလိုက်စားချင်ဘဲ သတိရလာတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် နည်းလမ်းမှန်ကန်တဲ့အကျင့်တွေကို ရှာဖွေတတ်တဲ့သဘောဖြစ်ပေါ်လာတတ်ပါတယ်။ အဲဒီလို ဝိပဿနာကုသိုလ်ကြောင့် တစ်ချို့နိုင်ငံခြားသားတွေဟာ သတိပြုမိတဲ့အတွက် ယခုလိုရိပ်သာကြီးလိုနေရာတွေမှာ ဝိပဿနာတရားအားထုတ်တာ ဒကာကြီးတို့အမြင်ပဲ။ ဝိပဿနာတရားကို အားထုတ်မယ်ဆိုရင် ဝိပဿနာဉာဏ်ကြောင့်ရရှိတဲ့ပညာဉာဏ်ဟာ ရှေးဘဝဆက်တိုင်းမပျောက်ပျက်ဘဲ တဖြည်းဖြည်းတိုးတက်သွားနိုင်ပါတယ်။

ဒါကြောင့် ဒကာကြီးယခုပြုနေတဲ့ ကုသိုလ်တွေထဲမှာ ဝိပဿနာအကျင့်လမ်းမှန်ကိုပါ ကျင့်ကြံအားထုတ်လိုက်မယ်ဆိုရင် ၁၅ – ရက် သို့မဟုတ် တစ်လနှစ်လအတွင်းမှာပဲ လိုအပ်တဲ့အဆင့်တွေ ရောက်သွားမှာပဲ။ ဒီတော့မှ နောင်ဘဝဆက်တိုင်း ချမ်းသာတွေကိုမြဲအောင် ဆက်တိုက်ရသွားနိုင်တဲ့အပြင် နိဗ္ဗာန်မဂ်ဖိုလ်ရရာရကြောင်းကိုလည်း ဒီဝိပဿနာကုသိုလ်တော်ဟာ တောက်လျှောက်အကျိုးပြုသွားမှာပါ။ ဘာမှ အခက်အခဲတွေစရာမရှိပါ။ ငွေကုန်ကြေးကျလည်းများစရာမရှိပါ။ ငွေကုန်ကြေးကျလည်း များစရာမရှိတဲ့အတွက် အချိန်အနည်းငယ်ပေးရုံမျှနဲ့ ဝိပဿနာကုသိုလ်ဉာဏ်ကို ရရှိအောင် ဖြည့်ဆွက်အားထုတ်လိုက်ဖို့

http://www.dhammadownload.com



ဘုန်းကြီး ဩဝါဒပေးလိုပါတယ်"""

*၁၉၉၀ ဒီဇင်ဘာလထုတ်*
*ဦးပွင့်ကောင်း၊ ၃၃နှစ် မဟာစည်သာသနာပြုစရိုး*
*စာ ၂၅၅ - ၂၅၆*

ဒါနသီလကစပြီး နိဗ္ဗာန်ခရီးမှာ ဝိပဿနာသာလျှင် အချုပ်အခြာဖြစ်ကြောင်း တစ်ချက်တည်းနားစွဲအောင် မှတ်သားနိုင်ခဲ့ပါတယ်။ ဒါနအားကောင်းလို့ နောင်ဘဝအကျိုးပေးတဲ့အခါ မြန်မာပြည်နဲ့မဆန့်အောင် ကြီးကျယ်တဲ့အတွက် တိုးတက်တဲ့နိုင်ငံတွေမှာ သွားရောက်လူဖြစ်ရပုံကိုလည်း မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်တော်အားဖြင့်သာ မြင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

ဒါနအကျိုးပေး ဘဝချမ်းသာများနဲ့ တစ်ဆက်တည်း ဖတ်မှတ်ဆင်ခြင်မိတာကတော့ ဆင်းရဲသားမိသားစု သူဌေးမိသားစုတို့ကြားက သားသမီးမွေးဖွားခြင်းပြဿနာပါ။ ဆရာဝန်ကြီးဦးမြင့်ဆွေ မေးလျှောက်၍ မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားရှင်းလင်းတော်မူခဲ့တဲ့ "ဘဝပြဿနာ" ဆိုတဲ့ စာအုပ်မှာ ဒီသဘောကို သွားတွေ့မိပါတယ်။ ဆရာဝန်ကြီး ဦးမြင့်ဆွေက ဖိုနှင့်မ သံဝါသပြုတိုင်းလည်း မျိုးမအောင်သဖြင့် သန္ဓေမတည် အသက်မဝင်ဖြစ်ရပုံကို ဆေးပညာရှုထောင့်မှ တစ်တစ်ခွခွ လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီးက

(၁)မိဘနှစ်ဦး သံဝါသပြုခြင်း၊ (၂) မိခင်မှာ ဥတုပန်းပွင့်ခြင်းဟူသော အင်္ဂါနှစ်ပါးရှိသော်လည်း သူငယ်လောင်းမရှိက ပဋိသန္ဓေမတည်နိုင်ဟု(မ - ၁ - ၂၂၃ မှာ ဆိုထား၏)။ ၄င်းပြင် သုတ်ပိုးနှင့်သားဥပေါင်းစပ်မိသော်လည်း သူငယ်လောင်း စိတ်ဝိညာဉ်မဝင်ရောက်လာလျှင် ၄င်းသားမျိုးရုပ်ပျက်စီးသွားသည်ဟု ဆိုသောကြောင့် မပါမယ်တို့ဖွာနှင့်အိုဟာတို့ပေါင်းစပ်ပြီးမှ ခုနစ်ရက်အတွင်းမှာ ပျက်စီးခြင်း ရှိမရှိကို ကြည့်ရှု၍လည်း ကလလရေကြည်အခိုက်က ဝိညာဉ် အသက်မဝင်ကို

http://www.dhammadownload.com



သိနိုင်ရာ၏။

*ဥစ္စဂါ၊ဒီဇင်ဘာလထုတ်၊ ဘဝပြဿနာ စာ - ၄၅*

ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကား အံ့မခန်းစွမ်းလှပါပေတယ်။ ခေတ်သစ်ဆေးပညာရဲ့ ဟာကွက်များကိုပင် ဖြည့်စွက်ဖြေပေးခဲ့လေပြီ။ ထိုမျှသာမကသေးပါ။

အကြမ်းအားဖြင့်ပြရလျှင် ပစ္စည်းမဲ့လူဆင်းရဲများမှာ သားသမီးပေါများ၏။ အများအားဖြင့် ပစ္စည်းရှိသူ လူချမ်းသာများမှာ သားသမီးနည်းပါး၏။ ထိုသို့ဖြစ်ရခြင်းမှာ မိဘများ၏ ဗီဇမျိုးစေ့ရုပ်ကြောင့်ချည်းမဟုတ်တန်ရာ။ လူချမ်းသာဖြစ်ရန် ကုသိုလ်ကံရှိသူတို့နည်းပါးသောကြောင့်လည်းဖြစ်သည်"ဟု ဗုဒ္ဓဘာသာတရားတော်အရ ယူဆအပ်၏။

*(ဘဝပြဿနာ စာ - ၄၅)*

ကြောင်းကျိုးဆက်စပ် သုံးသပ်ဝေဖန်တဲ့နေရာမှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ဉာဏ်တော်ဟာ အံ့မခန်းပါပဲ။ ချမ်းသာဆင်းရဲ သားသမီးအနည်းအများကိစ္စကအစ ဗုဒ္ဓဘာသာရှုထောင့်က နိုင်နိုင်လုံလုံ ဖြေရှင်းပေးတော်မူခဲ့ပါတယ်။

## မင်္ဂလာဉာဏ်ရမှ စိတ်ချရတယ်

ပုထုဇဉ်တို့ရဲ့လောကအမြင်(ဝါ)ဘဝအမြင်ဆိုတာ လေယူရာ ယိမ်းနွဲ့နေတတ်ပါတယ်။ အများအားဖြင့် ကိုယ်ကျိုးစီးပွားနဲ့ယှဉ်တဲ့အမြင်တွေဖြစ်လို့"သမ္မာဒိဋ္ဌိ"အမြင်လို့ မဆိုနိုင်ပါဘူး။ ပုထုဇဉ်တွေအဖို့ ဗုဒ္ဓဘာသာဝင်အမည်ခံကြသော်လည်း တစ်နပ်စား၊ တစ်ဘဝစာလောက်သာ ရှုမြင်တတ်ကြလို့ ဖြောင့်မတ်တည်ကြည်ခြင်းလည်း မရှိကြပါဘူး။ ဒီနေ့ သိပ္ပံနဲ့နည်းပညာခေတ်မှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆုံးမဩဝါဒတွေဟာ ခေတ်မမီတော့သလိုလို ခေတ်နောက်ကျသလိုလို

http://www.dhammadownload.com



ပြောဆိုဝေဖန်နေလေ့ရှိပါတယ်။ ပုထုဇဉ်ဆိုတာ(ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း) ဗုဒ္ဓဘာသာ ဘုရား၊ တရား၊ သံဃာအပေါ်ပြန်ပြီး သံသယဝင်လေ့ရှိပါသေးတယ်။

ဒါကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက လောကအမြင်၊ ဘဝအမြင်နဲ့ပတ်သက်လာရင် "သောတာပန်တည်မှ စိတ်ချရတယ်" လို့ ညွှန်ပြတော်မူခဲ့ဖူးပါတယ်။ ဆရာတော်ဘုရားကြီးက သာဓကဇာတ်ကြောင်းလေး တစ်ခုပြဆိုခဲ့ပါတယ်။

မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှာ သူရမ္ဗဋ္ဌဆိုတဲ့လူတစ်ယောက်ရှိတယ်၊ သူက တိတ္ထိကိုးကွယ်သူဖြစ်ပါတယ်။ သို့သော် တစ်နေ့မှာ သူဟာ တရားထူးကောန်ရမယ်ဆိုတာ မြတ်စွာဘုရားက သိမြင်တော်မူပါတယ်။ ဒါကြောင့် သူရမ္ဗဋ္ဌအိမ်သို့ ဆွမ်းခံကြွတော်မူပါတယ်။ သူရမ္ဗဋ္ဌဟာမြတ်စွာဘုရားကိုမကြည်ညိုသော်လည်း အလွန်ထင်ရှားကျော်စောနေတဲ့ ဗုဒ္ဓဖြစ်တော်မူတဲ့အတွက် ဆွမ်းဆက်ကပ်ပါတယ်။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သူနဲ့သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ တရားနာနေရင်း ရှုမှတ်နှလုံးသွင်းခဲ့တဲ့အတွက် ဒေသနာတော်ရဲ့အဆုံးမှာ သူရမ္ဗဋ္ဌဟာ သောတာပန်ဖြစ်သွားပါတယ်။ မြတ်စွာဘုရားလည်း ကျောင်းတော်သို့ပြန်ကြွသွားတော်မူပါတယ်။

သူရမ္ဗဋ္ဌဘုရားဘက်ပါသွားတာကို မာရ်နတ်က မကျေနပ်ပါ။ သူရမ္ဗဋ္ဌကို ပြန်စည်းရုံးရမယ်၊ ဒီအတိုင်းသွားလို့တော့မဖြစ်၊ သူကြည်ညိုတဲ့ဘုရားယောင်ဆောင်ပြီး ထင်ယောင်ထင်မှားဖြစ်အောင်လုပ်ရမယ်လို့ ကြံစည်ပြီး သူရမ္ဗဋ္ဌအိမ်ကိုသွားတယ်။ ဘုရားအတုကို ဘုရားအစစ်ထင်ပြီး သူရမ္ဗဋ္ဌက ရိုသေစွာရှိခိုး မေးလျှောက်ပါတယ်။

"မြတ်စွာဘုရား ... ယခုပြန်ကြွလာတာ ဘာအကြောင်းရှိပါသလဲဘုရား"

"သူရမ္ဗဋ္ဌရေ ...သင့်အားငါတရားဟောစဉ်က မဆင်ခြင်မိဘဲ ခန္ဓငါးပါး အကုန်

http://www.dhammadownload.com



လုံး အနိစ္စ ဒုက္ခ အနတ္တချည်းပဲလို့ပေါ်ခဲ့တယ်။ အဲဒီအတိုင်းတော့လည်း မဟုတ်သေးဘူး။ တစ်ချို့ခန္ဓာများက မြဲတယ်၊ ခိုင်တယ်၊ ထာဝစဉ်တည်နေတယ် အဲဒီအချက်ကလေး ပြင်ချင်လို့ပြန်လာခဲ့တယ်" လို့ မာရ်နတ်က ပြောပါတယ်။

ဒီတော့ သူရမ္ဗဋ္ဌက "ဒီစကားဟာ အလွန်ဝန်လေးတဲ့စကားပဲ။ ဗုဒ္ဓမြတ်စွာဘုရားမှာ မရှုစမ်းမဆင်ခြင်ဘဲ ပြောဆိုရိုးမရှိဘူး။ မာရ်နတ်ဆိုတာ မြတ်စွာဘုရား ၏ ဆန့်ကျင်ဘက်ပြုလေ့ရှိတယ်လို့ ကြားရဖူးတယ်၊ ဒီဟာ မာရ်နတ်ပဲထင်ပါရဲ့" လို့ ဆင်ခြင်ပြီး "သင်ဟာ မာရ်နတ်မဟုတ်လား" လို့ တဲ့တိုးမေးလိုက်တယ်။ အဲဒီလို အရိယာပုဂ္ဂိုလ်က မေးလိုက်တော့ မာရ်နတ်က "ဟုတ်ပါတယ်" လို့ဝန်ခံ ဖြေဆိုရတယ်။ ဒီတော့ သူရမ္ဗဋ္ဌက ..

"ဟေ့ မာရ်နတ် ...သင်လို မာရ်နတ်တွေ တစ်ရာတစ်ထောင်လာပြီးလှုပ် ပေမယ့် ငါ၏ယုံကြည်မှုကိုတော့ မလှုပ်စေနိုင်ဘူးလို့ မှတ်ထားပါ။ ဂေါတမမြတ်စွာဘုရား က အားလုံးသော ရုပ်နာမ်သင်္ခါရတရားတွေဟာ အနိစ္စမမြဲတာတွေ ချည်းပဲလို့ ဟောသွားတယ်၊ ငါကိုယ်တိုင်လည်း အားလုံးပင်မမြဲဘူးလို့ သိမြင်နေတယ်၊ သင်ဟာ ငါ့အိမ်ဝမှာ လာမနေပါနဲ့ ချက်ချင်းထွက်သွားပါ" လို့ လက်ဖျောက်တီးပြီး နှင်လိုက်တယ်။

အဲဒါဟာ အနိစ္စ ဒုက္ခ အနတ္တအသိအမြင်တွေ မဂ်ဉာဏ်ဖြင့် ခိုင်မြဲနေလို့ပါ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဆက်လက်သုံးသပ်ပြထားပုံဟာလည်း အင်မတန်မှတ်သားကြည်ညိုစရာကောင်းပါတယ်။ ကြည့်ပါ။

"ယခုကာလမှာ နိုင်ငံခြားသွားနေပြီး ပြန်လာတဲ့အခါ အချို့မှာ အယူအဆတွေ တစ်မျိုးဖြစ်လာတယ်၊ တစ်ချို့ကနိုင်ငံခြားသာသနာပြုအနေနဲ့သွားတယ်၊ ပြန်လာတဲ့အခါ အယူအဆတွေက ရှေးကလိုမဟုတ်တော့ဘဲ ဖောက်ပြန်လာတယ်။ အဲဒါဟာ အရိယာမဂ်ဖြင့် ခိုင်မြဲတဲ့အသိအမြင် ဉာဏ်ပညာမပြည့်စုံသေးလို့ပါပဲ။

http://www.dhammadownload.com



အရိယာမဂ်ဉာဏ်အမြင်နဲ့မပြည့်စုံသေးရင် အနိစ္စ ဒုက္ခ အနတ္တ အသိအမြင်တွေဟာ ဘယ်လိုပဲကောင်းနေတယ်ဆိုပေမယ့် စိတ်မချရသေးဘူး။ ယခုဘဝမှာ မပျက်တောင် နောင်ဘဝတွေကျတော့ ပျက်သွားနိုင်တယ်၊ ယခုနေ အခါမှာ မြန်မာပြည်က ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံတဲ့သူတွေဟာ တိုးတက်နေတဲ့ အခြားနိုင်ငံတွေမှာ သွားဖြစ်နိုင်တယ်။ အဲဒီဖြစ်ရာဘဝက မိဘဆွေမျိုးတွေရဲ့ အယူအဆအတိုင်း ဖြစ်သွားဖို့သေချာပါတယ်။ အဲဒါဟာ အရိယာဉာဏ်ဖြင့် မတူတဲ့အတွက် စိတ်မချရတာ မနိုင်မြဲတာပါပဲ။

ဒါကြောင့် အရိယာမဂ်ဉာဏ်အမြင်ကိုရအောင် ကျင့်သုံးအားထုတ်ဖို့ဟာ အလွန်ပင် အရေးတကြီးလိုအပ်ပါတယ်။ ခုတင်ပြောခဲ့တဲ့အတိုင်း ဖြစ်ခိုက်နာမ် ရုပ်ကို ရှုမှတ်လို့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိပြီး အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်သွားရင်တော့ အဲဒီ အနိစ္စ ဒုက္ခ အနတ္တ အသိဟာ တစ်ခါတည်း ခိုင်မြဲသွားတယ်၊ မရှုမှတ်ဘဲ မဆင်ခြင်ဘဲနေတဲ့အခါ သူများလိုပင် မထူးခြားဘူးထင်ရသော်လည်း ရှုမှတ်လိုက် ဆင်ခြင်လိုက်ရင် ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောမျှပဲဆိုတာ ဉာဏ်ထဲရှင်းနေတယ်။ အဲဒါဟာ မျက်မှောက်မှာရော မျက်ကွယ်မှာရော အရိယာနှင့် အသိအမြင်ဉာဏ် ပညာချင်းတူနေပုံပါပဲ"

*မဟာစည်ဆရာတော်ဘုရားကြီး*

*ပံ့ဝဏ္ဏတိုဖြင့်ပြောပြသော အဆုံးအမများ တ ၂၆၆ - ၂၆၉*

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မွေ့ဉာဏ်တော်ကား ဖော်ပြလို့ မကုန်နိုင်အောင် များပြားလေစွ၊ ကျွန်တော်ကား သေးငယ်လှစွာသော မွေ့ပုဏ္ဏဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ပူဇော်လိုက်ရပြန်ပါသည်တကား။ ။

http://www.dhammadownload.com



ညွှန်း

- ၁၉၇၇ ဒီဇင်ဘာလထုတ် ဘာဝပြုသာသနာ
- ၁၉၈၇ ဇူလိုင်လထုတ် လောကဓံတရားတော်
- ၁၉၉၀ ဒီဇင်ဘာလထုတ် ဦးပွင့်ကောင်း၏ ၃၃နှစ်မဟာစည်သာသနာ့ပြုခရီး
- ၁၉၉၆ ဩဂုတ်လထုတ် သာမဏေကျော်၏ မဟာစည်ဆရာတော်ဘုရားကြီး ပုံဝတ္ထုတို့ဖြင့်ပြောပြသော အခန်းအခန်းမျ

http://www.dhammadownload.com

http://www.dhammadownload.com

# ယူသာနေးစီးယားပြဿနာနှင့် မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားရှင်းလင်းပေးခဲ့ရသော "ဘဝပြဿနာ"ဟူသော စာအုပ်ကလေးကို နှစ်အတန်ကြာကပင် ဖတ်မှတ်ခဲ့ပြီး တရိုတသေ သိမ်းဆည်းထားခဲ့ပါသည်။ ယခု ထိုစာအုပ်ကလေးကို နှစ်ခေါက် သုံးခေါက် ပြန်ဖတ်နေမိပါသည်။ စာအုပ်ငယ်သလောက် ဉာဏ်ပဋိဘာန် ရင့်သန်ရေးကို ကြီးမားစွာ အထောက်အပံ့ပြုနိုင်သည်ဟု ယုံကြည်ပါသည်။ ဗုဒ္ဓဘာသာဉာဏ်အမြင်ကိုလည်း ပို၍ သက်ဝင်၊ ပို၍ ကြည်လင်အောင် စွမ်းဆောင်နိုင်သည်ဟု ဆိုချင်ပါသည်။ "ဘဝပြဿနာ အမေးပုစ္ဆာများ" ကို လျှောက်ထားသူမှာ ဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဆွေ ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ နီးပါးက ၁၉၅၈-ခုနှစ်က အမေးအဖြေများသည် မျက်မှောက်ခေတ်ကိုသာမက အနာဂတ်ကာလသို့တိုင် ကျေးဇူးပြုနိုင်လိမ့်မည် ဟု မျှော်လင့်ပါသည်။ ကျွန်တော် ပြန်လည်တင်ပြသောအခါ ဒေါက်တာဦးမြင့်ဆွေ မေးခဲ့သည့်အတိုင်း

သုသဏ္ဍာန်သူမဲစာစဉ်

http://www.dhammadownload.com



အစဉ်အတိုင်း မဟုတ်တဲ့ သင့်လျော်သလိုသာ ကောက်နုတ်ဖော်ပြသွားမည် ဖြစ်ပါကြောင်း...

## လူမမာ၏ ဒုက္ခကို မကြည့်ရက်သဖြင့် သေဆေးပေးလျှင် ဆရာဝန်မှာ ပါဏာတိပါတကံ ထိုက်ပါသလား

ဆရာဝန်များသည် လူမမာများအား အသက်ဘေးမှ ချမ်းသာရာရအောင် ကယ်ဆယ်ပေးနေကြသူများ ဖြစ်ကြပါသည်။ ဆရာဝန်ကောင်းမှန်သမျှ မိမိတို့ ကုသပေးလျက်ရှိနေသော လူနာကို ပျောက်ကင်းသွားအောင် ကုသပေးချင်ကြပါသည်။ သို့သော် လူသားများဖြစ်ကြသော ဆရာဝန်များသည် ရောဂါတိုင်းကို ပျောက်ကင်းအောင် ကုသမပေးနိုင်ကြပါ။

ကုသ၍မရသော ရောဂါအမြောက်အမြား ရှိနေကြပါသေးသည်။ ရောဂါကြောင့် သေဆုံးကြတော့မည်ဖြစ်သော်လည်း ရုတ်တရက် မသေနိုင်သေးသူများ။ ရောဂါကြောင့် လူစဉ်မမီတဲ့ လူချင်းသူချင်းမတူ ဖြစ်နေကြသူများ ရှိကြပါသည်။ ထိုသနားဖွယ်ရာ ဂိလာနများကို ကမ္ဘာအရပ်ရပ်ရှိ ဆရာဝန်အချို့သည် ကရုဏာတရား ရှေ့ထားပြီး လူမမာ၏ဘဝကို နိဂုံးချုပ်ပစ်လိုက်ခဲ့လျှင် ဆရာဝန်မှာ ပါဏာတိပါတကံ ထိုက်ပါမည်လား။ သို့မဟုတ် အပြစ်ကင်းပါမည်လား။

ကုသ၍ မရသဖြင့် ဘဝကို နိဂုံးချုပ်အောင် လုပ်လိုက်သည်ကို Euthanasia ယူသာနေးစီးယားဟု ခေါ်ပါသည်။ ယင်းသို့ ကရုဏာစိတ်ရှေ့ထားပြီး ပြုလုပ်သော ဘဝနိဂုံးချုပ် အပြုအမူကို လက်ခံသူများရှိသလို အပြစ်ပြောသူများ၊ ရှုံ့ချသူများလည်း ရှိကြပါသည်။ လူမမာကိုယ်တိုင်က "သေဆေး ကိုသာ ထိုးပေးပါတော့ ဆရာ့မှာ အပြစ်မရှိပါဘူး" ဟု ပြောသည့်အတွက် ဆေးထိုးပေးလျှင် စေတနာ အစစ်အမှန်ရှိသူ ဆရာမှာ ပါဏာတိပါတကံ ထိုက်ပါသလား။

http://www.dhammadownload.com



## မဟာစည်ဆရာတော်ဘုရားကြီး၏ အဖြေ

ကရုဏာစိတ်ရှေ့သွား၍ လူမမာအား သေဆေးပေးရန် တောင်းပန်သူ၊ သေဆေးပေးသူတို့ နှစ်ဦးလုံးမှာပင် မူလရင်းသေရှိန်ထက်စော၍ သေစေသောကြောင့် ပါဏာတိပါတကံ ထိုက်သည်သာ။

သေလုနီးပါး အပြင်းအထန်ရောဂါဝေဒနာ ခံစားနေရသူကို တွေ့မြင်ရလျှင် အလွန်ပင် သနားဖွယ်ကောင်း၏။ မြန်မြန်သေသွားလျှင် ဆင်းရဲမှ မြန်မြန်လွတ်ကင်း၍ ချမ်းသာသွားလိမ့်မည်ဟု ထင်ရတတ်၏။ သို့သော် သေပြီးလျှင် ချမ်း သာလိမ့်မည် ထင်ချက်မှာ ကေန်မှန်မည်ဟု မဆိုနိုင်ပေဟု ဆုံးဖြတ်ပေးတော်မူလျက် ပုံသက်သေဆောင်ပြတော်မူပါတယ်။

## အသက်ရှင်နေတာ သေတာထက်ကောင်းတယ်

မြတ်စွာဘုရားလက်ထက်တော်က ဝေသာလီမြို့မှာ ကုန်သည် တစ်ယောက်ရှိတယ်။ အဲဒီကုန်သည်ဟာ သူ့ဆိုင်ရှေ့ရှုံ့ဗွက်ဖြစ်နေတဲ့ လမ်းပေါ် သွားလာနေသူတွေ အဆင်ပြေအောင် နွားခေါင်းရိုးတစ်ခုကို တံတားသဖွယ် ခြေနင်းစရာပြုလုပ်ပေးထားတယ်။ တစ်နေ့ သူတူခိုးလာတဲ့ပစ္စည်း လက်ခံမိလို့ ရာဇဝတ်မှု သင့်ပြီး သေဒဏ်အပေးခံရတယ်။ သေပြီးတော့ ဘုမ္မစိုး၏ မြေတည်နတ်ဖြစ်သွားတယ်။ နွားခေါင်းရိုးနဲ့ လမ်းပြင်ပေးတဲ့ကုသိုလ်ကြောင့် နတ်ဖြစ်သွားတာ။ အလိုရှိရာ သွားလာနိုင်ဖို့မြင်းဖြူကြီးလည်း သူ့မှာရှိတယ်။ ဒါပေမယ့်ဝတ်စားတန်ဆာ မရှိရှာဘူး။ အဲဒါက လူ့ဘဝတုန်းက သူငယ်ချင်း ရေချိုးနေတုန်း ကျီစားတဲ့အနေနဲ့ အကျီ လုံချည်တွေ ဝှက်ထားမိလို့ပဲ။

သူက သေဒဏ်ကြောင့် နတ်ဖြစ်သွားပေမယ့် သူ့တူကတော့ သေလုမျောပါး

http://www.dhammadownload.com



တံကျင်လျှိုခံစားရဆဲ။ သူ့တူဆီ ညဥ့်သန်းခေါင်းယံ သွားရောက်ပြီး အားပေးစကား ပြောကြားတယ်။ "လူကလေး...အသက်ရှင်နေရန် ကြိုးစားပါ။ အသက်ရှင်နေတာ သေတာထက် ပိုကောင်းတယ်"တဲ့။ တံကျင်တံစို့ အထိုးခံပြီး သေလုမျောပါးခံစား နေရသူကို အသက်ရှင်နေရန် ဘာ့ကြောင့် အားပေးရပါသလဲ။ သူ့တူဟာ သေပြီး နောက် ယခု ခံစားနေရတဲ့ဒုက္ခထက် ပိုမိုပြင်းထန်တဲ့ငရဲရောက်မှာကို နတ်ကာသိမြင် လို့ အားပေးနေတာ။

အဲဒီအချိန်မှာ သမ္ဘသဏ္ဍာရဆိုတဲ့ မင်းကလည်း ဒီနတ်ကို လာစောင့်ကြည့် နေတယ်။ ဒီမင်းက ကံ,ကံ၏အကျိုးကို မယုံဘူး။ နောက်ဘဝဆိုတာကို မယုံဘူး။ ဒါပေမယ့် ဒီနတ်ကို တွေ့သွားပြီဆိုတော့ နတ်ကလည်း ဖြစ်ပျက်ပုံကို ပြောပြပြီး နောက် အကူအညီတောင်းတယ်။ အဲဒီ မင်း(ဘုရင်) လည်း နတ်ပြောတဲ့အတိုင်း ကပ္ပိကတမထေရ်ထံသွားပြီး အဝတ်အထည်တွေ လှူတယ်။ လှူပြီး နတ်ကို အမျှပေးဝေ လိုက်ချိန်မှာပဲ နတ်မှာ ဝတ်စားတန်ဆာတွေ ချက်ခြင်းရပြီး ချမ်းသာ သွားတယ်။ ဒါကို မျက်မြင်ကြုံလိုက်ရတဲ့ ရှင်ဘုရင်ဟာ ကံ,ကံ၏အကျိုးနဲ့ နောင်ဘဝရှိကြောင်း ယုံကြည်သွားပြီး ကပ္ပိကတမထေရ်ထံ ပြန်သွားတယ်။ တရား နာတယ်၊ နလုံးသွင်းပြီး ဆင်ခြင်ရင်း သောတာပန် ဖြစ်သွားပါတယ်။

တံကျင်လျှိုခံနေရသူကိုလည်း အပြစ်မှ လွတ်စေပြီး ဆေးကုပေးတယ်။ ကျန်းမာလာတော့ အဲဒီသူငယ်ဟာ ကပ္ပိကတမထေရ်ထံမှာပဲ ရဟန်းပြုပြီး တရား ကျင့်တဲ့အတွက် မကြာမီမှာပဲ ရဟန္တာ ဖြစ်သွားပါတယ်။

ဒါကြောင့် အသက်ရှင်နေသေးသမျှ မျှော်လင့်ချက်ရှိတယ်။ သေတာထက် ကောင်းတယ်။ သေချိန်မရောက်ဘဲ သေဆေးမပေးရ၊ ပေးရင် ပါရာဇိကပါတကံ (သူ့အသက် သတ်ခြင်းကံ)မြောက်တယ်လို့ မဟာစည်ဆရာတော်ဘုရားကြီးက ဆုံးဖြတ်တော်မူခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



## သနားသဖြင့် သေစေလိုခြင်းသည် ကြီးလေးသောအပြစ်

ဘုရားလက်ထက်တော်ကပါပဲ။ ရဟန်းတစ်ပါး အပြင်း အထန် နာနေတာကို အခြားရဟန်းများက မကြည့်ရက်တော့ဘူး။ ဒီမှာ သနားကရုဏာနဲ့ သေတာက ကောင်းတယ်လို့ ပြောမိကြတယ်။ ဒီတော့ နာနေတဲ့ရဟန်းလည်း အစာမစားဘဲ မြန်မြန်သေအောင် ပြုပါတယ်။ အဲဒီမှာ ကျန်ခဲ့တဲ့ ရဟန်းများမှာ သေအောင် တိုက်တွန်းရာရောက်၍ ပါရာဇိက အာပတ်သင့်လေသလားလို့ ယုံမှားသံသယ ဖြစ်ကြပါတယ်။ မြတ်စွာဘုရားက သေအောင်တိုက်တွန်းတဲ့ ရဟန်းတွေမှာ ပါရာဇိကအာပတ်သင့်ကြောင်း ဆုံးဖြတ်တော်မူပါတယ်။ မဟာစည်ဆရာတော် ဘုရားကြီး ဝိနည်းပါဠိတော်၊ စာမျက်နှာ - ၁၀၀ မှာ ထုတ်နုတ်သာဓက ဆောင်ပြ နဲ့ခြင်း ဖြစ်ပါတယ်။

နာနေတဲ့ရဟန်းကိုကြည့်ပြီး အခြားရဟန်းတို့မှာ ပထမ သနားစိတ် ဖြစ်တယ်။ ဒုတိယ သေစေလိုစိတ် ဖြစ်တယ်။ သေစေလိုစိတ်ဖြစ်ရိုန်မှာ သနားစိတ်မရှိတော့ကြောင်း၊ ဒါကြောင့် အပြစ်ရှိကြောင်း အဋ္ဌကထာဋီကာ ဖွင့်ပြပုံများနဲ့ မဟာစည် ဆရာတော်ဘုရားကြီးက သက်သေထူပါတယ်။

"ယခုဒေါက်တာဦးမြင့်ထွေးရဲ့မေးခွန်းမှာလည်း သနားသောစိတ်ဖြစ်သည်မှာ ထင်ရှားပေ၏။ သေစေရန် ဆေးကိုပေးဆဲ နောက်ဆုံးအချိန်၌မူ ထိုသနားသောစိတ် မရှိတော့ဘဲ သေစေလိုသောစိတ်သာ ရှိသည်။ သို့သော် ထိုသေစေလိုသော စိတ်က မထင်ရှားသကဲ့သို့ ဖြစ်နေ၏။ သေသေချာချာ စဉ်းစားကြည့်လျှင်မူကား သေစေလိုသည့်စိတ်ရှိကြောင်း ထင်ရှားသည်သာ။ ထိုစိတ်မရှိလျှင် သေစေတတ် သောဆေးကို ပေးခြင်းပင် မဖြစ်နိုင်သည်သာ။ သို့ရာတွင် သနားသောစိတ်နှင့် သေစေလိုသောစိတ်ကို ခွဲခြားသိရန် သာမန်ပုဂ္ဂိုလ်တို့မှာ ခဲယဉ်းလှ၏။ သနားသော

http://www.dhammadownload.com



စိတ်မှာ ကရုဏာနှင့်ယှဉ်သော ကုသိုလ်စိတ်ဖြစ်သည်။ သေစေလိုသောစိတ် မှာ ဒေါသနှင့် ယှဉ်သော အကုသိုလ်စိတ် ဖြစ်သည်။ သေစေဟု နလုံးသွင်းသည်မှာ ဒေါသပင်တည်း။ ထို့ကြောင့် ရှေးအဖို့က မည်သို့သော ကုသိုလ်စိတ်များရှိစေကာမူ နောက်ဆုံး၌ သေစေလိုသောစိတ်ဖြင့် သေစေရန် ပြုမိပြောမိခြင်းသည် ဤ ပါဏာတိပါတကံအရာ၌ လိုရင်း ဖြစ်ပေသည်။

(၁) ပါဏော = သတ္တဝါဟုတ်ခြင်း။

(၂) ပါဏ သညိတာ = သတ်လိုသောစိတ်၊ သေစေလိုသောစိတ်ရှိခြင်း။

(၃) ဥပက္ကမော = သေစေရန် ပြုလုပ်ပြောဆိုခြင်း။

(၄) တေနမရဏံ = ထိုပြုလုပ်ပြောဆိုမှုကြောင့် သေခြင်း...

ဆိုသည့် အင်္ဂါများနှင့်ညီညွတ်လျှင် သတ်မှုပါဏာတိ ပါတကံထိုက်သည်ဟု ကိန်းသေမှတ်ရန် သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ (နှာ - ၆၉) စသည်တို့၌ ပြဆိုထား သည်။

သို့ဖြစ်၍ သနားသောစိတ်ဖြင့် သေစေရန် ပြောဆိုတောင်းပန်ချက်အရ ဒေါက်တာက သေစေတတ်သောဆေးကို တိုက်ကျွေးထိုးပေးသဖြင့် လူမမာ သေသွားလျှင် တောင်းပန်သူများရော၊ ဒေါက်တာရော ပါဏာတိပါတကံ ထိုက်သည်။ သားသမီးတို့၏ တောင်းပန်ချက်အရဖြင့် မိခင်ဖခင်ဖြစ်သူ သေ သွားလျှင် ယင်းသားသမီးတို့မှာ မာတုဃာတကကံ ပိတုဃာတကကံ ဟုဆို အပ်သော အနန္တရိယကံကြီးလည်း ထိုက်၏။ အလွန်ဝန်လေးစွာ အထူးသတိပြု၍ ရှောင်ကြဉ်သင့်ပါသည်။

ဒေါက်တာဦးမြင့်ဆွေ၏ အမေးကို မဟာစည်ဆရာတော်ဘုရားကြီးက ရှင်းလင်းပြတ်သားစွာ မိန့်ကြားဖြေဆို ပေးခဲ့ပေပြီ။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ၏ ဉာဏ်တော်ကား ကြီးမားလေစွ။ ကြည်ညိုမဝနိုင်သော ပူဇော်ခြင်းဖြင့်

http://www.dhammadownload.com

မဟာစည်ဆရာတော်ဘုရားကြီး၏သာသနာ့ရိပ်သာအရှင်တောင်ဂူးတော်            ၆၉

ပူဇော်လိုက်ရပြန်ပါသည်။      ။

ညွှန်း
　　၁၉၇၇ - ခု၊ ဒီဇင်ဘာလထုတ်၊ ဘာသာပြသာသနာ (၃ - အကြိမ်)

http://www.dhammadownload.com

http://www.dhammadownload.com

## သေခြင်းဆိုင်ရာ အမေးပုစ္ဆာများ
## မဟာစည်ဆရာတော်ဘုရားကြီး၏အဖြေ

ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ မိုးနဲ့မြေလို အဝေးကြီးမဟုတ်၊ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ပန်းလို ယှဉ်တွဲတည် ရှိနေပါတယ်။ ဥပမာ - ကြက်သတ်ပြီး ဆွမ်းကပ်တယ် ဆိုပါစို့၊ ဆွမ်းကပ်တာ ကုသိုလ်ရတယ်၊ ကြက်သတ်တဲ့ အကုသိုလ်လည်း ယှဉ်တွဲ လိုက်ပါလာတယ်။ ဒါကြောင့် တရားသဘောဆိုတာ သိမ်မွေ့လှတယ်။ လွယ်မ ယောင်နဲ့ခက်ပြီး တိမ်မယောင်နဲ့နက်ပါတယ်။ ဒီသဘောကို ဆရာဝန်ကြီး ဦးမြင့်ဆွေ နဲ့ မဟာစည်ဆရာတော်ဘုရားကြီးတို့ရဲ့ အမေးအဖြေက သက်သေခံနေသလို ရှိပါတယ်။

သုတေသနအတွက် သတ္တဝါများ၏
အသက်ကို စတေးခြင်းသည်
အပြစ်ရှိ/မရှိ
သိပ္ပံပညာရှင်များသည် ဆိုင်ရာပညာရပ်များ တိုးတက်ရေးနှင့် လူသားတို့၏

သုသဏ္ဌာန်သျှမ်စာစဥ်

http://www.dhammadownload.com



အကျိုးဖြစ်ထွန်းရေးကို ရှေးရှုလျက် ပါနပေဒလိုင်းခွဲဖြစ်သော သတ္တဗေဒ (ဇသသူ - သါပ) ဆေးဝါးများ၏ အာနိသင်ရှိ/မရှိကို လေ့လာပြီး သုတေသန ပြုကြရာတွင် မျောက်၊ ပွး၊ ယုန်၊ ငှက် အမျိုးမျိုးနှင့် အခြားသတ္တဝါများကို လေ့လာစမ်းသပ်ကာ သတ်ဖြတ်နေကြရပါသည်။ ခေတ်ခွဲခန်းတွင် စမ်းသပ်ကြသည့်အလျောက် သိပ္ပံပညာနှင့် ဆေးပညာမှာ တစ်နေ့တစ်ခြား တိုးတက်လာပါသည်။ ယင်းကဲ့သို့စမ်းသပ်ခဲ့ကြရာတွင် များစွာသောလူသားများမှာ ထင်ထင်ရှားရှားကြီး အကျိုးဖြစ်ထွန်းကြရပါသည်။

ထိုသို့ အကျိုးများအောင် စမ်းသပ်လေ့လာသော သူတို့သည် လူတို့၏ ကောင်းကျိုးကို များစွာဆောင်ရွက်ခဲ့ကြသည်။ သို့ပင် ပါဏာတိပါတကံကို ပြုလုပ်ကြရသည့်အတွက် သူတို့၏ မကောင်းကျိုးအပြစ်များကိုလည်း ပြုလုပ်ရာ ရောက်နေပါသည်။ သို့ဖြစ်ရာ သူတို့အတွက် ကုသိုလ်နှင့်အကုသိုလ် မည်သည်က သာလွန်နေပါသနည်း။

မဟာစည်ဆရာတော်၏အဖြေ

နောင်လာနောက်သားတို့အား အကျိုးများစေရန် နည်းလမ်းကောင်းများကို တီထွင်ပေးခဲ့ဖူးသည့်အတွက် မည်ကဲ့သို့သော ကောင်းကျိုးများကို ရသည်ဟု ပြဆိုထားသော သက်သေသာဓကဝတ္ထုများ ပြောပြလောက်အောင် ထင်ရှား မရှိပေ။ သတ္တဝါတို့ကိုသတ်၍ နှိပ်စက်၍ စမ်းသပ်လေ့လာဆဲမှာလည်း အများ၏ အကျိုးကို ဖြစ်စေလိုသော စိတ်ထက် နှိပ်စက်သတ်ဖြတ်လိုသောစိတ်နှင့် မိမိ လုပ်ငန်းအတွက် အောင်မြင်စေလိုသော စိတ်များကသာ ထက်သန်များပြားစွာ ဖြစ်လျက်ရှိပေလိမ့်မည်။ ထို့ကြောင့် ကောင်းကျိုးပေးနိုင်မည့် ကုသိုလ်စိတ်မှာ နည်းပါးဖွယ် ရှိပါသည်။ မကောင်းကျိုးပေးမည့် အကုသိုလ်စိတ်တို့ များပြားစွာ ဖြစ်သည်မှာ ထင်ရှားလှပါသည်။

http://www.dhammadownload.com



ဤအရာ၌ ကိုယ်ချင်းစာတရား ဖြင့် စဉ်းစားကြည့်လျှင် ပြုသင့်သော အမှု ဟုတ်/မဟုတ် ထင်ရှားပေါ်လာနိုင်ပါသည်။ တစ်စုံတစ်ယောက်သောသူက မိမိကိုယ်ကို ခွဲစိတ်သတ်ဖြတ်၍ (ခွဲစိတ်သတ်ဖြတ်၍) အများအကျိုးအတွက် ပြု လုပ်မည်ဆိုလျှင် မည်သူမှလက်ခံနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ထိုသို့စမ်းသပ် ရာ၌ မကောင်းကျိုးဖြစ်စေမည့် အကုသိုလ်ကံကများကြောင်း ထင်ရှားပါသည်။

## အကုသိုလ်ကံကို ဝိပဿနာက တားဆီးနိုင်ပါသလား

တရားအားထုတ်၍ ဝိပဿနာဉာဏ်ပြည့်စုံလောက်ပြီဟု ယူဆရသော ပုဂ္ဂိုလ်များသည် သတ္တဗေဒပညာရပ်ကို သင်ကြားလေ့လာရပါမူ သတ္တဝါကို သတ်လိုစိတ်မရှိသော်လည်း မလွှဲမရှောင်သာသောကြောင့် သတ္တဝါအမျိုးမျိုးကို ခွဲစိတ်လျက် စမ်းသပ်လေ့လာကြရပါသည်။ ထိုသို့စမ်းသပ်လေ့လာကြရာတွင် အစမ်းသပ်ခံရသည့် သတ္တဝါကို နာကျင်စေသည့်ပြင် သေလည်းသေနိုင်ပါသည်။ ယင်းသို့ နာကျင်စေ သေစေသော အကုသိုလ်ကံကို အကျိုးမပေးအောင် ဝိပဿ နာက တားဆီးပိတ်ပင် နိုင်ပါမည်လား။

## မဟာစည်ဆရာတော်အဖြေ

မြတ်စွာဘုရားလက်ထက်တော် ကာလက ရာဇဂြိုဟ်မြို့၌ တမ္ဗဒါဌိက မည်သော သူသတ်အရာရှိတစ်ယောက် ရှိခဲ့၏။ ၅၅ - နှစ်ပတ်လုံး သေဒဏ်သင့် သူတို့ကို သတ်ခဲ့၏။ ထိုရာထူးမှ ထွက်ရသည့်နေ့မှာ အရှင်သာရိပုတ္တရာ၏ တရားကိုနာ၍ ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ပြီးနောက် မကြာမီ အတွင်းမှာပင် နွားဝှေ့ခံရ၍ သေသွား၏။ သေပြီးသောအခါ တုသိတာ နတ်ပြည်သို့

http://www.dhammadownload.com



ရောက်သွားသည်ဟု ဆို၏။

ထို၀တ္ထု၌ ၅၅-နှစ်ပတ်လုံး နိုးသူများကို သတ်ခဲ့သော အကုသိုလ်ကို သေခါနီး၌ပွားသော ၀ိပဿနာကုသိုလ် တားဆီးပိတ်ပင်သောကြောင့် ယင်းအကုသိုလ်ကံများ အကျိုးပေးခွင့်မရတော့ဘဲ ၀ိပဿနာကုသိုလ်ကြောင့် တုသိတာနတ်ဘုံ၌ ဖြစ်ရကြောင်း သိရပေ၏။

သို့သော် ၀ိပဿနာအလုပ်အားထုတ်ပြီးသည့်နောက်မှ ပြုလုပ်သော အကုသိုလ်ကံကို ရှေးယခင်က ပွားစေခဲ့သော ၀ိပဿနာက တားမြစ်ကြောင်းကိုကား ပြဆိုချက်မရှိပေ။ ၀ိပဿနာဉာဏ် အလုံးစုံပြည့်စုံ၍ သောတာပတ္တိမဂ်သို့ရောက်လျှင်မူကား ပြုဖူးသော အကုသိုလ်ကံများကလည်း အပါယ်ဘ၀သို့ မပစ်ချနိုင်။ နောက်ထပ်လည်း အပါယ်လားစေနိုင်သည့် ပါဏာတိပါတ စသော အကုသိုလ်ကံကို မပြုနိုင်တော့။ မိမိအသက်ပင် အသေခံရစေကာမူ သူတစ်ပါး အသက်ကို သတ်ခြင်းစသော ငါးပါးသီလပျက်စေသော အမှုမျိုးတို့ မပြုနိုင်တော့ဟု ကျမ်းဂန်တို့၌ အထင်အရှားပြဆိုထား၏။

ထို့ကြောင့် သူတစ်ပါးအသက်ကို သတ်ရဲသေးလျှင် အရိယာသောတာပန် မဖြစ်သေးဟု မှတ်ယူရာ၏။

## ရောဂါပိုးများ၏ အကြောင်းကံ

ဆေးပညာအားဖြင့် တွေ့ရှိရသော ရောဂါပိုးကောင်ကလေးများမှာ တစ်ကိုယ်မှ နှစ်ကိုယ်၊ နှစ်ကိုယ်မှ လေးကိုယ်၊ လေးကိုယ်မှရှစ်ကိုယ်၊ ရှစ်ကိုယ်မှ တစ်ဆယ့်ခြောက်ကိုယ် စသည်အားဖြင့် တိုးပွားများပြားလာပါသည်။ သူ့အလိုလို သေသည်ဟူ၍မရှိပါ။ ထို ပိုးကောင်များမှာ အကြောင်းကံတရား ရှိပါသလား။ (ဥပမာ - ၀မ်းကိုက်ပိုး)

သုသဏ္ဌာသျှမ်စာစဉ်

http://www.dhammadownload.com



## မဟာစည်ဆရာတော်၏အဖြေ

ဗုဒ္ဓဘာသာရေးတော်အရ ကာမဘုံက သတ္တဝါမှာ စိတ်ဝိညာဉ်သည် ပဓာန အင်္ဂါ ဖြစ်၏။ ၎င်းစိတ်ဝိညာဉ်မှာ တစ်ကိုယ်က နှစ်ကိုယ် ခွဲမထွက်နိုင်။ ထို့ပြင် သတ္တဝါမှန်လျှင် သူ့ဘာဝအားလျော်စွာ အသက်သာမ်းရှိ၏။ ထိုအသက် တမ်းကုန်း၍ သေကြေပျက်စီးရ၏။ မေးခွန်း၌ဖော်ပြထားသော ရောဂါပိုးအချို့မှာမွေးထုတ်ခြင်းမျိုး မရှိပါဘဲ တစ်ကိုယ်မှနှစ်ကိုယ်၊ နှစ်ကိုယ်မှ လေးကိုယ်၊ လေးကိုယ်မှ ရှစ်ကိုယ် စသည်ဖြင့်ပွား လာသည်ဆိုသောကြောင့် "ဆေးပညာ" အရပိုးဟုပြောသော်လည်း ဗုဒ္ဓဘာသာရေးတော်အရမူ ၎င်းတို့ကို သတ္တဝါဟု အသိ အမှတ်မပြု။

ဥပမာ - တစ်ပင်တည်းမှ အကိုင်းများကို ဖြတ်၍ ခွဲစိုက်လျှင် အပင်အသီး သီးဖြစ်နိုင်သော သစ်ပင်ရုပ်ကဲ့သို့လည်း ကောင်း၊ ဘယ်တော့မှ မသေပျောက်နိုင် သော သံချေးများ၊ ကြေးညှိများ၊ ကျောက်ခက်များကဲ့သို့လည်းကောင်း၊ ခွဲတိုင်း လည်းရ၊ သေလည်းမသေနိုင်သော ပြဒါးရုပ်၊ ရေရုပ်ကဲ့သို့လည်းကောင်း "ရုပ်အထူးများ" ဟူ၍သာ အသိ အမှတ်ပြုအပ်၏။ ထို့ကြောင့် ထိုသို့သော ရောဂါပိုး များမှာ မည်သည့်ကံ အကြောင်းနှင့်မျှ မသက်ဆိုင်။ ရောဂါစွဲမည့်ပုဂ္ဂိုလ်၏ အကုသိုလ်ကံအကြောင်းအားလျော်စွာ ဥတုကြောင့်ဖြစ်ပေါ်သော ကမ္မပစ္စယာ ဥတုဇရုပ်များဟူ၍သာ သိအပ်၏။

## ရောဂါပိုးများကိုသတ်လျှင် ပါဏာတိပါတကံထိုက်ပါသလား

အနောက်နိုင်ငံဆေးပညာအရ ကြောက်မက်ဖွယ်ကောင်းသော ရောဂါ ပိုးမွှားများကြောင့်ဖြစ်ကြသည်ကို ကမ္ဘာ့သမားတော်ကြီးများစွာတို့က သက်သေ

http://www.dhammadownload.com



ထုတ်ကြပြီးလျှင် ကမ္ဘာသို့တင်ပြခဲ့ကြပါသည်။ ထိုရောဂါပိုးများကို နှိမ်နင်းသတ်ဖြတ်ရန် ဆေးများရှာဖွေကြသော အခါ ကာလသားရောဂါသတ်ရန် စိန်ပါသည့် အားမစ် (Arsmic) ထိုးဆေး၊ နမိုးနီးယားရောဂါသတ်ရန် ပင်နယ်စလင်၊ တီဘီပိုးသတ်ရန် စထရက်တိုမိုင်ဆင်ထိုးဆေးများနှင့် အခြားဆေးများကို ရရှိခဲ့ကြပါသည်။ ၎င်းဆေးများနှင့် လူမမာတို့အားထိုး၍ ကုသတိုင်း...ကုသတိုင်း ဆရာဝန်များသည် ရောဂါပိုးများကိုသတ်ရာ ရောက်နေကြပါသည်။ ထို့အတွက် ပါဏာတိပါတကံထိုက်ပါသလား။

(၎င်းရောဂါပိုးကလေးများသည် မြေအပြင်၌တွေ့ကြရသော ပိုးမွှားတို့ ကဲ့သို့ပင် လူးလာလှုပ်ရှားသွားလာစားသောက်နေကြသောကြောင့် သက်ရှိသတ္တဝါတစ်မျိုးဟူ၍ ခေတ်ဆေးပညာအရ ယူဆကြပါသည်။)

## မဟာစည်ဆရာတော်၏အဖြေ

အထက်မှာ ဖြေခဲ့သော ရောဂါပိုး များဖြစ်လျှင် ဗုဒ္ဓတရားတော်အရ ပါဏာ (သတ္တဝါ)ဟု မဆိုအပ်သောကြောင့် ၎င်းတို့ကို ပျက်စီးစေခြင်းဖြင့် ပါဏာတိပါတကံမထိုက်။ အကယ်၍ ပကတိမျက် စိဖြင့် မြင်တွေ့နေရသော အခြားပိုးများ ကဲ့သို့ သန္ဓေတည်ပြီးမွေးခြင်း၊ အသက်တမ်းအလိုက် သေခြင်းများရှိပါမူ ထိုသို့သော ပိုးများမှ ပါဏာ (သတ္တဝါ)ပင် ဖြစ်ရာ၏။ ထို့ကြောင့် ထိုပိုးများကို သတ္တဝါဟု အမှတ်ရှိလျက် သေအောင်ပြုလုပ်ခြင်းဖြင့် ၎င်းတို့သေပျက်သွားလျှင် "ပါဏာတိပါတကံ" ထိုက်သည်ဟု ယူ ဆအပ်၏။

သို့သော် ပါဏာတိပါတကံသည် သီလစသော ကုသိုလ်ဂုဏ်ရှိသူကို သတ်လျှင် အပြစ်ကြီး၏။ သီလဂုဏ်မရှိသူကို သတ်လျှင် အပြစ်ငယ်၏။ သို့ဖြစ်၍ ဘာဂုဏ်မျှ ရှိမည်မဟုတ်သော ထို ပိုးကလေးများကို သတ်ခြင်းမှာ အလွန်ပင်

http://www.dhammadownload.com



အပြစ်သေးငယ်ရာ၏။ အကယ်၍ ထိုပိုးများသေခြင်းကို အာရုံမထားဘဲ ရောဂါပျောက်ကင်းခြင်းကိုသာ ရည်မျှော်၍ ဆေးပေးလျှင်ဖြစ်စေ၊ ၎င်းတို့ကို ဝိညာဉ်အသက်ရှိသော သတ္တဝါမဟုတ်ဟု အမှတ်ရှိလျှင်ဖြစ်စေ၊ ဖိမိဆေးကြောင့် ၎င်းတို့ သေသော်လည်း ပါဏာတိပါတကံမထိုက်ဟု ယူဆအပ်၏။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကားကြီးမားလေစွ၊ ကြီးညို့ဖူးဖော်၍ မဆုံးနိုင်တော့ပါ။

ညွှန်း

၁၉၇၇ - ခု၊ ဒီဇင်ဘာလထုတ်၊ ဘာဝပြဿနာ (ဒု - အကြိမ်)

http://www.dhammadownload.com

http://www.dhammadownload.com

## နာနာဘာဝ ဝိနာဘာဝ
## မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်

ကျွန်တော်တို့ရဲ့နေ့စဉ်သုံးစကားထဲမှာ "နာနာဘာဝ ဝိနာဘာဝ" ဆိုတဲ့ စကားကိုလည်း အကြောင်းတိုက်ဆိုင်ရင် ပြောဆိုတတ်လေ့ရှိပါတယ်။ ကျွန်တော်တို့ ရည်ညွှန်းပြောဆိုခဲ့သည်မှာ သေပြီးဘဝခြားနေသူ သို့မဟုတ် မကောင်းဆိုးဝါး တစ္ဆေသရဲ အဓိပ္ပာယ်ဖြင့် ပြောဆိုနေတတ်ခြင်းပါပဲ။ နာနာဘာဝဝိနာဘာဝရဲ့ အဓိပ္ပာယ်အတိအကျကို မြန်မာစာပညာရှင်တစ်ဦးဖြစ်သူ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ကို မေးကြည့်ဖူးပါတယ်။ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်လည်း ပညာရှင်ပီပီ လက်လွတ်စပယ်မဖြေ၊ ကျမ်းကိုးကျမ်းကားဖြင့် ဆောင်းပါးတစ်ပုဒ်ရေးပြီး အဖြေပေးခဲ့ပါတယ်။

ပါဠိမြန်မာအဘိဓာန်တစ်စောင်က နာနာဘာဝကို အသီးသီးဖြစ်ခြင်း၊ ဇာတိအားဖြင့် အထူးထူးအပြားပြားဖြစ်ခြင်း၊ အရပ်တစ်ပါးသို့ ပြောင်းသွားသဖြင့် ကွေကွင်းရခြင်း၊ ဝိနာဘာဝကို ကင်း၍ဖြစ်ခြင်း၊ သေသောအားဖြင့် ကွေကွင်းရခြင်းဟု အနက်ပေးထားသည်။ ယောအတွင်းဝန်ဦးဘိုးလှိုင်၏ အလင်္ကာနိဿယမှာ နာနာဘာဝက ရှင်ကွဲ၊ ဝိနာဘာဝက သေကွဲဟူသောသဘောကို ဖော်ပြထားပါ

http://www.dhammadownload.com



သတဲ့။ ဇိနတ္ထပကာသနီနဲ့ မာလာလင်္ကာရဝတ္ထုတွင် နာနာဘာဝကိုသေကွဲ၊ ဝိနာဘာဝ ကို ရှင်ကွဲလို့ ဖော်ပြထားတဲ့အတွက် ဖွင့်ဆိုပုံချင်း ပြောင်းပြန်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ပညာရှင်များအကြား မြန်မာပြန်ဆိုမှု ကွဲပြားနေတဲ့အတွက် ဆရာကြီးဒဂုန် ဦးထွန်းမြင့်ဟာ ပါဠိသက်သက် ရေးထားတဲ့ အဋ္ဌကထာကို ကြည့်ပါတယ်။ အဋ္ဌ ကထာ ၁၅၄ ကို နိဿယဆရာတော် အနက်ပြန်ထားပုံမှာ "ဇာတိယာ နာနာဘာ ဝေါ - ပဋိသန္ဓေအားဖြင့် ထူးသောဖြစ်ခြင်း၊ မရဏေန ဝိနာဘာဝေါ ကိုသေသော အားဖြင့်ကင်းဖြစ်ခြင်း" လို့ အနက်ပြန်တယ်ဆိုပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီး အရှင်အာနန္ဒာ ငိုကြွေးနေတဲ့အခါ "အာနန္ဒာ၊ သောကမဖြစ်နှင့်၊ ပရိဒေဝမဖြစ်နှင့်၊ ခပ်သိမ်းသော ချစ်ခင်အပ်သော မြတ်နိုးအပ် သောသူတို့နှင့် နာနာဘာဝ ကွဲကွဲရမည်၊ ဝိနာဘာဝကွဲကွဲရမည်။ အညထာဘာဝကွဲ ကွဲရမည်ဟု ရှေးမဆွကပင် ငါဘုရား ဟောကြားထားသည် မဟုတ်လော့..လို့ မိန့်တော်မူရာမှာလည်း နာနာဘာဝကွဲ ဝိနာဘာဝကွဲတို့ကို တွေ့ရမှာ ဖြစ်ပါတယ်။ ဘုရားဟောအဘိဓာန်သုတ်မှာလည်း "နာနာဘာဝ ဝိနာဘာဝ ကွဲခြင်းကို မလွန် ဆန်နိုင်" လို့ပါ ပါတယ်။

ဒါကြောင့် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က "ချစ်ခင်သူနှစ်ယောက်တွင် တစ် ယောက်ကသေလွန်ပြီး နောက်ဘဝတွင် နတ်ဖြစ်သွားလျှင် လူနှင့်နတ် ဇာတ် ချင်းမတူတော့ချေ။ ယင်းကို နာနာဘာဝဟု ဆိုနိုင်သည်။ တစ္ဆေ သရဲ ဥစ္စာ စောင့်တို့ကို နာနာဘာဝဟုခေါ်ခြင်းမှာ ဤအဓိပ္ပာယ်ပင်ဖြစ်လိမ့်မည်ဟု ဆိုနိုင် သည်။ သေပြီးနောက် လူပြန်ဖြစ်စေကာမူ ဒီဘဝဆင်းရဲသားက နောက်ဘဝတွင် မင်းမျိုးဖြစ်လျှင် ဆင်းရဲသားနှင့် မင်းမျိုးဇာတ်ချင်းမတူသဖြင့် နာနာဘာဝဟုပင် ဆိုရလိမ့်မည်" လို့ ဖွင့်ဆိုရှင်းပြပါတယ်။

http://www.dhammadownload.com



အကယ်၍ ချစ်ခင်သူနှစ်ယောက်မှာ တစ်ယောက်သေ၊ လူပြန်ဖြစ် လူဟူသောဇာတ်ရှင်းတူသော်လည်း ယခင်ဘဝက ချစ်သူနဲ့မဆိုင်တော့လို့ ဆိုနိုင်ကြောင်းရှင်းပြပါတယ်။

ဘဝဇာတ်ကို အကြောင်းပြု၍ တကွဲတပြားဖြစ်တာကို နာနာဘာဝ၊ သေခြင်းကိုအကြောင်းပြု၍ တကွဲတပြားဖြစ်တာကို ဝိနာဘာဝ၊ ချစ်သူတို့နှင့် ကွေကွင်းကွဲကွာရခြင်းရဲ့ပရိယာယ်စကားများဖြစ်တယ်လို့ ဆရာကြီးဒဂုန် ဦးထွန်းမြင့်က ဆိုပါတယ်။

## မဟာစည်ဆရာတော်၏ အဆုံးအဖြတ်

ဆဋ္ဌသင်္ဂါယနာတင်ကျမ်းများကို ပုံနှိပ်ရာမှာ ကြီးကြပ်တည်းဖြတ်ခဲ့ရပြီး ဝိသုဒ္ဓိမဂ်အပါအဝင် ကျမ်းပေါင်း ၈၀ ကျော် ပြုစုခဲ့တဲ့ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက "နာနာဘာဝ ဝိနာဘာဝ" နဲ့ပတ်သက်ပြီး ဒီလိုဆုံးဖြတ်တော်မူခဲ့ပါတယ်။

"ဦးထွန်းမြင့်၏ ဆောင်းပါး၌ နာနာဘာဝပဋိသန္ဓေ(ဘဝဇာတ်)အားဖြင့် တသီးတခြား တကွဲတပြားစီ ဖြစ်ခြင်းဟု အနက်အဓိပ္ပာယ် ပြန်ဆိုထားခြင်းသည် ဇာတိဟာနာနာဘာဝေါဟု ဖွင့်ပြထားသော အဋ္ဌကထာနှင့် ညီညွတ်သည် ဟု ယူဖွယ်ရှိပါ၏။ သို့ရာတွင် ထိုသို့ အနက်အဓိပ္ပာယ်ကိုယူပါမူ သေပြီးသည် နောက်မှ ကွဲခြင်းကိုသာပြရာရောက်၏။ မသေခင်ကွဲနိုင်သည်ကိုကား မပြနိုင်။ ထိုသို့ဖြစ်လျှင် ချစ်ခင်တပ်စွဲခြင်းကို ပယ်နိုင်အောင် ဆင်ခြင်ဖို့ဟောသော အဘိဏှသုတ်သည် ရှင်ကွဲကွဲသူတို့အတွက် အထောက်အပံ့ မရနိုင်ဘဲ ရှိလေရာ၏။ ထို့ပြင် နာနာဘာဝသည် သေပြီးမှ ကွဲခြင်းဖြစ်သောကြောင့် ပါဠိ၌ ဝိနာဘာဝေါ နာနာဘာဝေါဟု သေဖြစ်အစဉ်ဖြင့် ဟောသင့်သကဲ့သို့လည်း ရှိ၏။

အချို့သော ဆေးဆရာတို့ကမူ နာနာဘာဝကို ရှင်ကွဲကွဲခြင်းဟု ပြန်ဆို

http://www.dhammadownload.com



ထားကြကြောင်း ယင်းဆောင်းပါး၌ပင် ဖော်ပြထားပေသည်။ ထိုအလိုအားဖြင့် စီးပွားရေးကြောင့်ဖြစ်စေ၊ စိတ်သဘော ကွဲပြားခြင်းကြောင့်ဖြစ်စေ၊ ဘေးဒဏ် တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ ဇာတ်အယူ စသည်ကြောင့်ဖြစ်စေ ချစ်အပ်သော သူတို့နှင့် မသေမီမှာပင် ကွဲပြားနိုင်သည်ကို ဆင်ခြင်ထားခြင်းဖြင့် ချစ်ခင်တပ်စွဲမှု လျှော့ပါး၍ မသေမီကွဲပြားခြင်းကိုလည်း သည်းခံနိုင်ဖွယ်ရာအကြောင်း ရှိပေသည်။ သို့ဖြစ်၍ နာနာဘာဝကို "ရှင်ကွဲ" ဟုပြန်ဆိုခြင်းက ပို၍ လေးနက်ကျယ်ပြန့်သည်ဟု ထင်မိ၏။

မဟာစည်ဆရာတော်ဘုရားကြီးက ဝိမတိဋီကာ (ဒုတိယတွဲ စာ - ၂၆၆) ကို အထောက်အထားပြုပြီးတော့ "နာနာဘာဝဟူသည်မှာ ကိုယ်အားဖြင့် အသီး အခြားအရပ်၌ ဖြစ်ခြင်း(တည်ခြင်း)တည်း၊ ကွေကွင်းကွဲကွာခြင်း၊ ဝိနာဘာဝ ဟူသည်မှာ သေသဖြင့် အခြားတစ်ပါးသော အခြင်းအရာသို့ရောက်ခြင်းတည်း" လို့ အနက်ပြန်ဆို ရှင်းလင်းပေးခဲ့ပါတယ်။

အဋ္ဌကထာအလိုအရ ဇာတ်မျှကွဲပြားခြင်းကို ဆိုလိုသည်မဟုတ်။ မသေမီ ကြုံခံ့ရသမျှ "ဇာတိရှိသူတို့မှာ ချစ်သူတို့နှင့် တွေ့ဆုံ၍ တစ်နည်းနည်းဖြင့် ကွဲပြား ကြမည်မှာ မလွဲသာ မရှောင်သာသောအချက် ဖြစ်သည်။ အချို့အသက်ရှင်စဉ် ကွဲရ မည်၊ အချို့သေသောအခါ ကွဲရမည်၊ ထိုတွင် သေ၍ကွဲခြင်းကို ဝိနာဘာဝေါဖြင့် ပြလတ္တံ့ဖြစ်သောကြောင့် ကွဲခြင်းကို နာနာဘာဝေါဖြင့်ပြသည်ဟု ယူသင့်၏။" လို့ ဆုံးဖြတ်တော်မူပါတယ်။ ပါဠိ အဋ္ဌကထာဋီကာနှင့် ရှေးဆရာတို့ ဖွင့်ဆိုခဲ့ပုံများ ညီညွတ်ပြီး အဓိပ္ပာယ်ကျယ်ပြန့်တယ်လို့ဆိုပါတယ်။

ထို့ပြင် ဆောင်းပါး၌ လူသေ၍ တစ္ဆေဖြစ်သွားသည်ကို နာနာဘာဝဖြစ် သည်ဟု ဆိုသင့်ကြောင်း ပြဆိုထားသည်ကိုလည်း တွေ့ရ၏။ ထိုပြဆိုချက်လည်း မသင့်။ လူကနတ်ဖြစ်ခြင်း၊ တိရစ္ဆာန်ဖြစ်ခြင်းများကို အညတာဘာဝေါပုဒ်၏အရ

http://www.dhammadownload.com



အဖြစ်ဖြင့်ပြဆိုထားသောကြောင့် လူ့ကသော၍တစ္ဆေဖြစ်ခြင်းကို နာနာဘာဝ ဟုခေါ်သည်မှာ အမျိုးမျိုးအထွေထွေ ဖန်ဆင်းပြတတ်သောကြောင့် သာလျှင် ဖြစ်ရာ၏။" လို့ မဟာစည်ဆရာတော်ဘုရားကြီးက ထောက်ပြပြပြင် ပေးခဲ့ပါတယ်။

အချုပ်အားဖြင့် နာနာဘာဝဆိုတာ အသီးအခြားဖြစ်ခြင်း၊ အကြောင်းတစ် မျိုးမျိုးကြောင့် ရှင်ကွဲကွဲခြင်းလို့ အနက်ပြန်ဆိုခြင်းသာ ပို၍ လေးနက်ကျယ်ပြန့် ကြောင်း မဟာစည်ဆရာတော်ဘုရားကြီးက ဆုံးဖြတ်ပေးတော်မူပါတယ်။ ကံအား လျော်စွာ ဘဝအသစ်၌ဖြစ်ခြင်း၊ ကွဲပြားခြင်းတို့သည် ဝိနာဘာဝ၌ အကျုံးဝင် သည်လို့ ဆိုပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ သတိပဋ္ဌာန်ဝိပ ဿနာအရာ၌သာ ထူးချွန်သည်မဟုတ်၊ စာပေပရိယတ္တိဘက်ကလည်း ထူးချွန် ကြောင်း၊ ခက်ခဲနက်နဲတဲ့ပုစ္ဆာတွေကို ဖြေရှင်းပေးတတ်ကြောင်း နာနာဘာဝ အဆုံး အဖြတ်က တစ်ထောင့်တစ်နေရာက သက်သေထူနေသလိုရှိပါတော့တယ်။

ညွှန်း -

၁။ ၁၉၆၇၊ ဧပြီလထုတ် ဦးဘသန်း ၏ မဟာစည်ထေရ်မြတ် အထုပ္ပတ်။

၂။ ၁၉၈၆၊ မေလထုတ်အရှင်ကေလာသ၏ မဟာစည်ထေရုပ္ပတ္တိဝိလာ သိနီ(ပ၊ ဒု)။

၃။ ၁၉၇၉ ထုတ် မဟာစည် ကမ္ဘာ့သာသနာပြုခရီးစာတမ်း။

၄။ ၁၉၄၉ - ၁၉၉၉ မဟာစည် နှစ် ၅၀ ပြည့် စာစောင်။

၅။ မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်များ။

http://www.dhammadownload.com

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏
## သူ့ကြွေးရှိရင်ဆပ်ရတယ်

ကုန်းဘောင်ခေတ်က မိဖုရားကြီး နန်းမတော်မယ်နုကို ဆရာတော်ကြီး ဦးဗုဓ်ဆုံးမခဲ့တဲ့စကားတစ်ခွန်းဟာ သမိုင်းတွင်ရစ်လောက်အောင် ထင်ရှားပါတယ်။ နန်းမတော်မယ်နု မင်းပြစ်မင်းဒဏ်သင့်ပြီး သေအံ့ဆဲဆဲအချိန်မှာ ဆရာတော်ကြီးဦးဗုဓ်ကို နောက်ဆုံးဖူးမြော်ခြင်းနဲ့ ဖူးမြော်ရင်း အားကိုးတကြီး ဩဝါဒခံယူပါတယ်။ ဆရာတော်ကြီးက တရားရှည်ရှည်မဟော၊ တစ်ခွန်းတည်းပြောလိုက်တယ်။ "သူ့ကြွေးရှိရင် ဆပ်ရတယ်"တဲ့၊ သံသရာမှာ ကာယကံကြွေး၊ဝစီကံကြွေး၊ မနောကံကြွေးများတင်ခဲ့ရင် ကြွေးကျေအောင်ဆပ်ရတဲ့ ဓမ္မနိယာမကို နှလုံးသွင်းဆင်ခြင်ကြဖို့ပါ။ "မသိလို့လုပ်မိတာပါ" ဆိုရုံမျှနဲ့ လောကဥပဒေသများကလည်း ခွင့်လွှတ်ရိုးထုံးစံမရှိပါ။ လမ်းစည်းကမ်းမသိလို့ လမ်းဖြတ်ကူးတာတောင် အရေးယူခံရပါတယ်။ မသိမောဟနဲ့ ကျူးလွန်ခဲ့တဲ့ ကံသုံးပါး ပြစ်မှုများအတွက်ကား ဆိုဖွယ်ရာမရှိပြီ။ လောဘ၊ ဒေါသ အလျောက် ကျူးလွန်ခဲ့သော ကံသုံးပါးပြစ်မှုများလည်း ရေတွက်လို့မဆုံးနိုင်တော့ပြီ၊ ကိုယ့်ကာယကံ ကိုယ့်ဆီပြန် ဆိုသကဲ့သို့ သံသရာတွင် တစ်လှည့်တစ်ဖန် ပြန်ခံရသော အချိန်အခါတွင်မူကား ဘဝနဲ့ရင်း၍ ကြွေးကျေအောင်ဆပ်

http://www.dhammadownload.com



ကြရပါတယ်။

ဝဋ်နှင့်ကြွမှာ မလွတ်သာပုံကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ခေတ်သစ်ပုံဝတ္ထုတစ်ပုဒ်နဲ့သရုပ်ဖော်ဟောကြားထားကာ အလွန်မှတ်သားဖွယ်ကောင်းပါတယ်။

## ညီ့ဆန် တစ်စလယ်

တောင်းတွင်းကြီးမြို့ရဲ့အနောက်မြောက်ဘက် ၁၀ မိုင် ခန့်ဝေးတဲ့အရပ်မှာ ချောင်းရိုးရွာဆိုတာရှိတယ်။ အိမ်ခြေ လေးရာခန့်ရှိတယ်။ အဲဒီရွာမှာ ညီနဲ့ဘဆိုင်ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ကွမ်းထမ်းပြီးရောင်းတဲ့အလုပ်ကို လုပ်ကြတယ်။ တစ်နေ့ ကွမ်းရောင်းရာမှပြန်လာတဲ့အခါ ဘဆိုင်မှာ ဆန်ကုန်သွားလို့ ညီ့ထံမှာ ဆန်တစ်စလယ်ချေးပြီး ချက်စားရတယ်။ အဲဒီလိုစားပြီးနောက် ညဥ့်အခါ လရောင်ဖြင့် ပြန်လာကြရာ လမ်းမှာပိုးထိလို့ ဘဆိုင်သေသွားရှာတယ်။

ဘဆိုင်ဟာသေပြီးတော့ ညီ့အိမ်မှာ ကြက်ဖြစ်ရသတဲ့။ ဆန်တစ်စလယ်အကြွေးကိုဖွဲလမ်းပြီးသေသွားဟန် တူပါတယ်။ အဲဒီကြက်က တိုက်ကြက်ကလေးမို့ ညီ့အတွက် အင်မတန်အသုံးဝင်တယ်၊ တိုက်တိုင်းနိုင်တယ်။ သုံးပွဲဆက်တိုက်နိုင်တယ်။ လေးပွဲမြောက်မှာတော့ ညီ့ကြက် ရှုံးတယ်။ ရှုံးရမလားဆိုပြီး ညီက စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ကြက်ကို ခြေနှစ်ချောင်းကဆွဲပြီး မြေကြီးနဲ့ရိုက်သတ်တယ်။ မသေမရှင်ဖြစ်နေတဲ့ကြက်ကလေးကို အိမ်ယူလာပြီး ရေအိုးစင်အနား ပစ်ချထားတယ်။ အဲဒီအချိန်မှာ ညီ့ရဲ့နွားမကြီးက အဲဒီကြက်ကလေးကို နမ်းသွားသတဲ့။

ဒီလိုနဲ့ ကြက်ကလေးသေပြီးတော့ နွားမကြီးဝမ်းထဲမှာ ပဋိသန္ဓေနေတယ်။ မွေးလာတော့ နွားမလေးဖြစ်နေသတဲ့။ အဲဒီ နွားမလေး အတော်အတန်ကြီးလာတဲ့အခါ ညီ့ သူငယ်ချင်းတွေက တန်ဖိုးသတ်မှတ်ပြီး ညီနဲ့အတူသတ်စားကြပြန်ရော။ အမဲသားတွေလှီးဖြတ်နေတုန်း တောင်တွင်းကြီးက စာရေးကြီး

http://www.dhammadownload.com



လင်မယား အဲဒီနေရာရောက်လာကြတယ်။ စာရေးကြီးကတော်က နွားမလေးကို သနားကရုဏာသက်ပြီး တော့ "ငါ့နွားသာဆိုရင် မသတ်ရက်ပါဘူး။ သူ့အလိုလိုသေသွားတောင် မစားရက်ပါဘူး။ မြေကြီးထဲမြှုပ်လိုက်မှာပဲ" လို့ ပြောသတဲ့။

အဲဒီနောက် စာရေးကြီးကတော်မှာ သားယောက်ျားလေး ဖွားမြင်လာတယ်။ အဲဒီကလေး အသက်ခုနစ်နှစ်ရှိသည့်တိုင်အောင် စကားမပြောဘူးတဲ့။ မိဘများခမျာ သားကလေးစကားပြောမယ့်နေ့ကို မျှော်တလင့်လင့် စောင့်စားလို့ပေါ့။ တစ်နေ့တော့ စာရေးကြီးဟာ လခထုတ်ရက်မှာ သားလေးအတွက် ဝတ်ကောင်းစားလှလေးတွေဝယ်ပြီး ပြန်လာတယ်။ ရောက်မဆိုက် သားလေးကို ဝတ်ကောင်းစားလှလေးတွေပြပြီး "ငါ့ သားရေ..စကားပြောပါတော့" လို့ ချော့မြှူတယ်။ အဲဒီမှာ သားလေး ပထမဆုံးပြောလိုက်တဲ့စကားက "ညို့ဆန် တစ်စလယ်" တဲ့။

ဖခင်စာရေးကြီးက မသိရှာဘူး။ "ငါ့သား စကားသာ ပြော။ ဆန်တစ်စလယ် မကဘူး။ ဆန်တစ်အိတ်တောင်ပေး မယ်" လို့ပြောတော့ သားလေးက "ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ။ ယခုပဲသွားပြီး ကြွေးဆပ်ရအောင်" လို့ ပြောသတဲ့။ ဒီလိုနဲ့ သားလေးညွှန်ပြတဲ့အတိုင်း တောင်တွင်းကြီးမြို့မြောက်ဘက်ကို မောင်းလာခဲ့ကြတယ်။ အတော်ကြာတော့ ချောင်းရိုးရွာကိုရောက်ပါတယ်၊ ချောင်းရိုးရွာထဲမှာ ညို့အိမ် ဘယ်မှာရှိတယ်ဆိုတာလည်း သားလေးက တပ်အပ်ပြောနိုင်ပါတယ်။

ဦးညို့နဲ့တွေ့လျှင်တွေ့ချင်း "ဟေ့..ညို့၊ ငါ့မှတ်မိသေး ရဲ့လား" လို့ သားလေးက မေးလိုက်တယ်။ သူ့အဖေလောက်ရှိတဲ့ငါ့ကို ညို့ခေါ်ရမလားဆိုပြီး ဦးညို့က အတော်စိတ်ဆိုး သွားတယ်။ အဲဒီမှာ အကြောင်းစုံသိနေပြီဖြစ်တဲ့ စာရေးကြီး က ဝင်တောင်းပန်ပြီး အကြောင်းအကျိုးရှင်းပြရတယ်။ ဦးညို့ ရဲ့အိမ်ပေါ်ရောက်တဲ့အထိ ကလေးက ညို့ခေါ်တုန်းပဲ။

"ဟေ့..ညို့၊ မင်းနဲ့ငါ ပဲ့တုန်းက ကွမ်းထမ်းပြီး ရောင်း ကြတယ်။ ငါ မင်းဆီက

http://www.dhammadownload.com



ဆန်တစ်စလယ်ရေးဖူးတယ်။ အဲဒီ အကြွေးမဆပ်ရသေးခင် ပိုးထိလို့ ငါ့သေခဲ့ပါတယ်။ မင်းအိမ်မှာ ကြက်ဖြစ်ရတယ်၊ တိုက်ကြက်ဘဝနဲ့ သုံးကြိမ်ပွဲနိုင်အောင် ခွပ်ပြီး မင်းရဲ့ဆန်ကြွေးကို ငါ ဆပ်ခဲ့တယ်။ ဒါပေမဲ့ မကျေဘူးထင်ပါရဲ့။ တိုက်ကြက်ဘဝမှာ မင်းရိုက်သတ်လို့ ငါသေခဲ့ရပြန်တယ်။ ပြီးတော့ မင်းအိမ်မှာပဲ နွားမလေးဖြစ်ရပြန်တယ်။ နွားမလေးအရွယ် မရောက်တရောက်မှာပဲ မင်းတို့သတ်စားတာ ခံခဲ့ရပြန်တယ်။ နွားဘဝ နွားခန္ဓာနဲ့ မင်းရဲ့ဆန်ကြွေးဆပ်ပေမယ့် ကျေတယ်မထင်ပါဘူးကွာ။ နွားဘဝကသေပြီး ဒီ အဖေ၊ ဒီအမေဆီမှာ လူဖြစ်ခဲ့ရပြန်ပါတယ်။ အခု မင်းရဲ့ဆန်တစ်စလယ်အကြွေးကို ဆန်တစ်အိတ်နဲ့ လာဆပ်တာပဲ" လို့ ကလေးက လူကြီးပမာ ပြောပြရာတယ်။ ဦးညိုခများ "ကြွေးကျေပါပြီကွာ" ပြောရင်း အတိတ်အကြောင်းတွေ သတိရသံဝေဂပါ ထပ်ကာပြီး ပူဆွေးလှစွာ ငိုကြွေးရာတယ်။

ဒီအကြောင်းတွေကို ဦးညိုကိုယ်တိုင် ပြန်ပြောပြခဲ့တာပါ။ ကျေးရွာတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက တရားမကင်းသေးရင် ဘဝသစ်အမျိုးမျိုးဖြစ်ရပုံကို မိမိတို့ရဲ့ဝဋ်ကြွေးကံကြွေး စေတနာကြွေးများကို နည်းအမျိုးမျိုးနဲ့ ပေးဆပ်ကြရပုံကိုလည်း သိမြင်စေလိုပါတယ်။ မသိမမြင်လို့ ပြစ်မှားခဲ့ကြသမျှ အသိအမြင်မှန်နဲ့ ကြွေးကျေအောင်ဆပ် ကြပါစို့လား။

*ညွှန်း*

၁၉၉၅ ခုနှစ် ဒီဇင်ဘာထုတ် မဟာစည်ဆရာတော်ကြီး ကိုယ်တိုင်ပြောပြသော သူ့အကြောင်းနှင့် သူတို့အကြောင်း၊ သာမဏေကျော်။

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏
## ဝိပဿနာအားထုတ်ခြင်းဖြင့် ရောဂါဆိုးများပျောက်ကင်းခြင်း

အထက်အညာစရိုင်မြို့ ကြီးတစ်မြို့က မွေမိတ်ဆွေတစ်ဦးကျွန်တော်ထံ ရောက်လာပါတယ်။ ရောက်လာရတဲ့အကြောင်းကတော့ သူ့မှာစွဲကပ်နေတဲ့ ရောဂါဝေဒနာနဲ့ပတ်သက်ပြီး လာရောက်တိုင်ပင်တာပါပဲ။ သူခံစားနေရတာ အသည်းရောဂါ(စီပိုး)ဖြစ်ပါတယ်။ ဆေးကုစရိတ်နဲ့ပဲ အတော်ပဲချွတ်ခြုံကျသွားရှာ ပါပြီ။ လောလောဆယ် ထိုးဆေးဖိုးချည်း ၄၅ သိန်းကုန်မယ်။ ပျောက်မယ် မပျောက် ဖူးဆိုလာလည်းမသေချာ။ ၄၅ သိန်းလည်း သူ့မှာမရှိ၊ ဆွေမျိုးတွေက ဝိုင်းဝန်းရမှာ။ မပျောက်ရင် အားနာတာတစ်ခုတည်းနဲ့ သူအသေဖြောင့်မှာ မဟုတ်တော့ဘူးတဲ့။ ဒီလိုပဲ အသေခံရမလား၊ ရောဂါပျောက်လိုပျောက်ငြား ဆွေမျိုးတွေဆီက ၄၅ သိန်း ယူပြီးဆေး ကုရမလား။ အခြားနည်းလမ်းများရှိသေးလား။ စကားတွေ အများကြီး ပြောဆို ညည်းတွားပြီး ကျွန်တော့်ဆီက အကြံဉာဏ်တောင်းပါတယ်။

ကျွန်တော်ကတော့ သစ္စာအဓိဋ္ဌာန်သမားဆိုတော့ ရောဂါဝေဒနာအပြင် အခက်အခဲတွေရတိုင်း သစ္စာအဓိဋ္ဌာန်အားဖြင့် လွတ်မြောက်ခဲ့ရပုံတွေကိုသာ ပြော ပြတယ်။ ဒါပေမယ့် သူ အားကျပုံမရပါ။ စိတ်ဓာတ်ကျနေပုံသာ ပေါ်လွင်နေရဲ့၊ သူ့ရဲ့

http://www.dhammadownload.com



စိတ်ဓာတ်တက်လာအောင် သာဓကတွေဆောင်ပြီး(ဝဋ္ဋနာကံနာကိုတောင်ချန်လှပ်ပြီး)အားပေးစကားတွေ ပြောရပါတယ်။ ဘုရားဆေးတရားဆေးနဲ့ကုရင်တော့ ဘုရားအလုပ် တရားအလုပ်တွေလုပ်ရလိမ့်မယ်ဗျလို့ အားပေးရင်းလောလောဆယ်ဘာလုပ်နေသလဲ။ ပုတီးစိပ်တရားထိုင် ဘာလုပ်သလဲမေးကြည့်တော့ ဟိုတုန်းကတော့ ပုတီးစိပ်တယ်။ ခု ရေရေရာရာမလုပ်ဖြစ်ဘူး။ ရောဂါဆီ စိတ်ရောက်နေတယ်လို့ ဆိုပါတယ်။

"ဒီလိုဆိုရင်လည်း ဝဋ္ဋဒုက္ခဆိုတာ ဆင်ခြင်နှလုံးသွင်းပေါ့ဗျာ၊ တစ်ဆက်တည်း အနိစ္စနဲ့ အနတ္တသဘောတွေ ပေါ်လာလိမ့်မယ်။ အရှည်းအနီးသေရတာထက်စာရင် တရားနဲ့သေရတာမြတ်တယ်။ အခု ခင်ဗျား အသက်ရှင်နေသေးတယ်။ ကိုယ့်ဘက်က နိုင်နေသေးတယ်လို့ဆိုနိုင်တယ်။ ဆက်ပြီးတော့ အနိုင်ရဖို့ကတော့ အသက်ရှင်ခြင်းရဲ့အကြောင်းတစ်ခုဖြစ်တဲ့ (အာနာပါန)ကို လုပ်ပြရလိမ့်မယ်။ ဝင်လေအားဖြင့် ကောင်းတဲ့ဓာတ်တွေသယ်ဆောင်လာပြီး ခန္ဓာကိုယ်ထဲက ရောဂါပိုးတွေကို ကုစားသွားလိမ့်မယ်။ ထွက်လေအားဖြင့် ခန္ဓာကိုယ်ထဲက မကောင်းတဲ့မလိုအပ်တဲ့ ဓာတ်တွေမှုတ်ထုတ်ပစ်လိမ့်မယ်။ သဘာဝတရားကြီးဟာ အကောင်းဆုံး သမားတော်ပါပဲ"

သူ အားတက်လာပါတယ်။ သူ့မျက်လုံးတွေ မျှော်လင့်ချက် အလင်းရောင် တက်လာပါတယ်။

"အာနာပါနမှတ်မှတ် ဖောင်းပိန်မှတ်မှတ် မှတ်အားကောင်းလာလေ ရောဂါအား ပျော့သွားလေလေ။ ရောဂါကို မေ့ထားပါလို့ မပြောလိုပါဘူး။ မှတ်နေရင် သူ့ဟာသူ မေ့ သွားမှာပါ။ အဲဒီ မှတ်အားကလေးဟာ ဘုရားဆေး၊ တရားဆေးပဲ"

လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ မဟာဗောဓိမြိုင်ဆရာတော်၊ တော်ကူးဆရာတော်၊ ဖားအောက်ဆရာတော် စသည်ဖြင့် ဆရာတော်ကြီးများ၏

http://www.dhammadownload.com



အတွေ့အကြုံမှ ယောဂီများ ရောဂါဝေဒနာပျောက်ကင်းချမ်းသာပုံတွေ ပြောပြရပါတယ်။ ဖက်လက်စ မဟာစည်ဆရာတော်ကြီးရဲ့ "တက္ကသိုလ်ဝိပဿနာ တရားတော်" စာအုပ်ထဲက မှူးသားပြီး ဖတ်ခဲ့တာတွေနဲ့ သက်သေပြလိုက်တော့ သူ လုံးဝယုံကြည်အားကိုးသွားပါပြီ။

"မြတ်စွာဘုရားသည် ထိုအနာရောဂါကို ရှုမှုဝီရိယဖြင့် ဖယ်ရှား၍ အသက်ရှင်ကြောင်း ပြုပြင်မှုကို ဆောက်တည်၍ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ၌ မြတ်စွာဘုရား၏ သေစေနိုင်လောက်အောင် ကြီးမားပြင်းထန်သော ထိုအနာရောဂါသည် ပျောက်ငြိမ်းသွားလေတော့သတည်း"

*(တက္ကသိုလ်ဝိပဿနာ စာ-၉၇)*

ပါဠိတွေချန်လှပ်ပြီး မြန်မာပြန်ကိုဖတ်ပြပါတယ်။ သူကိုယ်တိုင်လည်း စာအုပ်ယူကြည့်ပါတယ်။ ဘုရားခေတ်မှာမို့လို့ ပျောက်တယ်မထင်ပါနဲ့ဗျာ။ ဒီဘက်ခေတ်မှာလည်း သာမန်လူတွေ တရားရှုမှတ်ရင်း ရောဂါပျောက်သွားတာတွေ မဟာစည်ဆရာတော်ဘုရားကြီးက မှတ်တမ်းတင်ထားပါတယ်။

ရွှေဘိုနယ် လိပ်ချင်းရွာမှ ဘုန်းကြီးတစ်ပါးဟာ ၁၈ နှစ်သား ကိုရင်ဘဝကတည်းက လေနာရောဂါ စွဲကပ်ခဲ့ပါတယ်၊ နှစ်ပေါင်း ၂၀ ကျော်ဆေးစား၊ အနိုင်ခံစသည် ကုစားခဲ့သော်လည်း ရောဂါမပျောက်ခဲ့ပါ။ မဟာစည်နည်းဖြင့် တရားရှုမှတ်ကြည့်ရာ ရက်အနည်းငယ်အတွင်း ဝိပဿနာသမာဓိဉာဏ်ထူးများဖြစ်၍ လေနာရောဂါ လုံးဝအရှင်း ပျောက်ကင်းချမ်းသာသွားပါတယ်။ နောင် ဘာရောဂါဖြစ်ဖြစ် တရားရှုမှတ်ပြီးတော့သာ ကုစားပါတော့တယ်။ ကျောင်းက ကိုရင်တွေ၊ ကျောင်းသားတွေ နေမကောင်းရင်လည်း ရှုမှတ်ခြင်းဆိုတဲ့တရားဆေးကိုသာ ပေးလေ့ရှိပါတယ်။"

*(၄င်း စာ-၁၀)*

တာမွေမှ ဒေါ်ခင်ထွေး ဗိုက်ထဲမှာ အလုံးကြီးရှိနေတာ ဆရာဝန်ကခွဲထုတ်ရ

မယ်ပြောပါတယ်။ ခွဲလို့များ သေသွားခဲ့ရင် ခုဇနေ ဘာကုသိုလ်မှ မရှိသေးဘူးဆိုပြီး မခွဲခင်ရိပ်သာလာဝင်ပါတယ်။ ရိပ်သာမှာ သုံးရက်တရားအားထုတ်ပြီးတော့ ဗိုက်ထဲက အလုံးကြီးကြောင့် တရားအားမထုတ်နိုင်တော့ပါ။ တရားပြဆရာတော်က ဣရိယာပုတ်လေးပါးလုံးနဲ့ ရှုမှတ်နိုင်ကြောင်း၊ ရောဂီဟာ နံရံကိုမှီပြီး အားထုတ်ပါ။ ပက်လက်ကုလားထိုင်နဲ့လည်း မှတ်နိုင်ပါတယ်။ လဲလျောင်းပြီးတော့လည်း မှတ်နိုင်ပါတယ်။ သမာဓိဉာဏ်ဖြစ်ရင် ဒီအလုံးဟာ ပျောက်ကင်းသွားတတ်ပါတယ်လို့ ညွှန်ကြားပေးတယ်။ ဒီလိုအားထုတ်ရင်း ဆရာဝန်ထံမှာ သွားစမ်းသပ်ပါသေးတယ်။ ဆရာဝန်က ခွဲရမည်ဖြစ်ကြောင်းနဲ့ တရားထိုင်တာကိုလည်း အားမပေးကြောင်းပြောပါတယ်။ သို့သော် ဆက်အားထုတ်ရာ ၁၅ ရက်လောက်ရှိတော့ ရှုမှတ်ပြီး ထမင်းစားနေစဉ် အပုပ်နံ့တွေအလွန်နံနေလို့ လိုက်ပြီးတော့ စဉ်းစားဆင်ခြင်ကြည့်လိုက်ရာ သူ့မဗိုက်ထဲက အနံ့ဖြစ်ကြောင်း သိရပါသတဲ့။

"ဒီလိုဆိုရင် ယောဂီရဲ့အလုံးကြီးပျောက်တော့မယ်လို့သာ အောက်မေ့ပေတော့" လို့ ဘုန်းကြီးက အားပေးစကားပြောကြားလိုက်ပါတယ်။ ဘုန်းကြီးပြောလိုက်တဲ့အတိုင်း သူ့ဗိုက်ထဲက အလုံးဟာ တဖြည်းဖြည်းကြေကျပြီး ပျောက်ကင်းသွားပါတယ်။ ယောဂီလည်း အလွန်ဝမ်းသာပြီး ဆရာဝန်ထံသွားပြတယ်။ ဆရာဝန်က စမ်းသပ်ကြည့်ပြီး "ဟာ ခင်ဗျားအလုံးကြီးမရှိတော့ဘူး။ ဘာလုပ်လိုက်သလဲ" လို့ မေးသတဲ့။

"ကျွန်မ မဟာစည်ရိပ်သာသွားပြီး တရားအားထုတ်တယ်။ ဆရာက တရားအားထုတ်ရင် သေလိမ့်မယ်လို့ပြောခဲ့ပေမယ့် အခုတော့ ကျွန်မဟာ မသေတဲ့အပြင် ရောဂါတောင်ပျောက်သွားပြီ" လို့ အားရဝမ်းသာပြောတဲ့အခါ ဆရာဝန်က "ဟာ ဟုတ်လား ခင်ဗျားတို့တရားက အံ့သြစရာပါကလား" လို့ပြောပါသတဲ့။

*(၎င်း စာ - ၁၀၄)*

http://www.dhammadownload.com



ရွှေဘိုနယ်၊ ကင်းဖျားရွာမှ ရဟန်းတစ်ပါး၏ရဲ့ဗိုက်ထဲမှာလည်း အလုံးကြီး ဖြစ်ပေါ်စွဲကပ်နေခဲ့ပါတယ်။ အစာစားပြီးတဲ့အခါ ဒီအလုံးဟာ လက်ယာဘက်နံဘေးမှာ ထောက်ပြီးတင်းနေလို့ ထိုင်မနေနိုင်ဘူးတဲ့။ နာလွန်းလို့ လက်နဲ့နှိပ်ထားရသတဲ့။ ဆေးရုံတက်ခွဲကုသမှ ပျောက်မယ်လို့ အများကပြောပါတယ်။ ခွဲစိတ်ကုသရမှာ ကြောက်လို့ရန်ကုန်မဟာစည်သာသနာ့ရိပ်သာရောက်လာပြီး အားထုတ်ပါတယ်။ ဆွမ်းစားပြီးလို့အိပ်မနေဘဲ သိမ်ပေါ်မှာ ထိုင်ပြီး ရှုမှတ်အားထုတ်နေပါတယ်။ ထိုင်တဲ့အခါ လက်နဲ့နှိပ်ပြီးထိုင်နေရတယ်။ ရက် ၂၀ ကြီးစားအားထုတ်တဲ့အခါ လုံးဝမနာတော့ဘဲ အလုံးကြီးကျေပျက်ပြီး ရောဂါပျောက်ကင်းသွားပါတယ်။ ၄၅ ရက်ကြာတဲ့အခါ ဉာဏ်စဉ်တရားနားနိုင်တဲ့အထိ တရားတက်လာခဲ့ပါတယ်။

*(၄င်း တ - ၁၀၅)*

မော်လမြိုင်မြို့ဒိုင်းဝန်ကွင်းမှာ အသက် ၅၄ နှစ်ရှိဦးအောင်ရွှေမှာလည်း ဗိုက်ထဲမှာ အလုံးကြီးရှိနေပါသတဲ့။ ဆရာဝန်က ခွဲရမယ်လို့ ပြောပါတယ်။ မခွဲရသေးခင် အားကိုးတရားရအောင်ဆိုပြီး ရန်ကုန်မဟာစည် သာသနာ့ရိပ်သာကိုလာပြီးတရားအားထုတ်ပါတယ်။ တစ်နေ့မှာ အဲဒီလို တရားအာထုတ်ရှုမှတ်နေရင်း သူ့ဗိုက်ထဲက အလုံးကြီးဟာ ဖောင်းကာနဲ့မြည်ပြီး ပေါက်ကွဲ၍ သွေးတွေဖြာထွက်စီးကျသွားတာကို ဉာဏ်ထဲမှာ ကြားလည်းကြား၊ မြင်လည်းမြင်လိုက်သလို တွေ့ရပြီးတော့ အဲဒီနောက် သူ့ဗိုက်အလုံးဟာ တစ်ခါတည်းပျောက်သွားပါသတဲ့။ ဆက်လက်ပြီး တရားအားထုတ်ရာ ဆရာများကျေနပ်သည် အထိ ဝိပဿနာဉာဏ်များနဲ့ ပြည့်စုံသွားပါတယ်။

*(၄င်း တ - ၁၀၆)*

အသက် ၄၀ ရှိ ကိုမြဆောင်ဟာ ဒူးနာရောဂါစွဲကပ်နေတာ ငါးနှစ်တောင်ကြာခဲ့ပါပြီ။ ဆရာမျိုးစုံနဲ့ ကုပေမယ့် မပျောက်တာကြောင့် သံဝေဂဖြစ်ပြီး မဟာစည်ဌာနခွဲ မြင်းခြံရိပ်သာသို့ ရောက်လာပါတယ်။ အားထုတ်တဲ့အခါမှာ ဒူးရောင်ပြီးကိုက်တဲ့

http://www.dhammadownload.com



နေရာက မှတ်လေနာလေဖြစ်နေပါသတဲ့။ ဆရာတော်ညွှန်ကြားတဲ့အတိုင်း မလွှတ်တမ်းရှုမှတ်တော့လည်း နာလွန်းလို့မျက်ရည်တောက်တောက်ကျရှာသတဲ့။ မှတ်ရတာ ရှေ့တိုးနောက်လှန်ကိုးရိုးကားရားကြီး၊ ဒီလိုရှုမှတ်ရင်း လေးရက်ကြာတော့ ဒူးကွဲသွားတာကို အရိုးပါမြင်လိုက်ရတာနဲ့ "ဟာ လုပ်ကြပါဦးဗျာ၊ ကျွန်တော့် ဒူးကြီးကွဲသွားပါပြီ" လို့လန့်အော်မိပါသတဲ့။ ကြောက်တာနဲ့ ဆက်မရှုမှတ်ရဲတော့ဘူး။ ဆရာတော်တရားဟောပြီးအားပေးလို့ ဆက်ရှုမှတ်တဲ့အခါ ဒူးနာရောဂါဟာ ဘယ်တော့မှ ပြန်ပေါ်မလာတဲ့အထိ ပျောက်ကင်းသွားပါတယ်။

(၄င်း တ - ၁၀၇)

မြင်းခြံအနောက်ဘက် ငါ့တာရော်ရွာကျောင်းမှ ဆရာတော်ဦးသုမနဝမ်းထဲမှာလည်း အတုံးအခဲကြီး မခံသာလို့ ဆေးမျိုးစုံနဲ့ကုပေမယ့် မပျောက်ကင်းတာကြောင့် မြင်းခြံရိပ်သာရောက်လာပါတယ်။ အားထုတ်တဲ့အခါ ရှုမှတ်လေမခံနိုင်အောင်နာလေဖြစ်လို့ လက်လျှော့ပြီး ပြန်တော့မယ်လို့ဆိုပါတယ်။ မြင်းခြံရိပ်သာဆရာတော်က အားပေးပြီးဆက်လက်အားထုတ်စေခဲ့ရာ တစ်နံနက် ကုဋီ(အိမ်သာ)တက်ရာ အတုံးအခဲအကျိအချွဲ အစိမ်း၊ အနီ၊ အဝါ၊ အပြာတွေ ကျဆင်းသွားသတဲ့။ လူလည်းပေါ့ပါးပြီး ရောဂါလုံးဝ ပျောက်ကင်းသွားပါတယ်။

(၄င်းတ - ၁၈၀)

ပန်းနာရင်ကျပ်၊ ခရုသင်းစွဲ၊ အရေပြားရောဂါရှင်များလည်း ဒီလိုပဲ ရှုမှတ်ရင်း ရောဂါပျောက်ကင်းသွားတဲ့ သာဓကတွေ အများကြီးတွေ့ရပါတယ်။ ဒီနေ့ကမ္ဘာလှည့်ပြီး ဝိပဿနာပြသနေတဲ့ ဆရာကြီးဂိုအင်ကါဆိုရင်လည်း ယခင်က ကုမရတဲ့ ခေါင်းကိုက်ရောဂါစွဲကပ်နေသူပါ။ မြန်မာပြည်ရောက်လာပြီးမှ ဆရာကြီး ဦးဘခင်ဆီမှာ ဝိပဿနာတရားအားထုတ်ရင်း ခေါင်းကိုက်ရောဂါအရှင်း ပျောက်ကင်းသွားခဲ့တာပါ။ မုံရွာမြို့နယ် တော်ကူးသတိပဋ္ဌာန်ရိပ်သာမှာ ရောဂါထူးပျောက်ကင်းပုံ

http://www.dhammadownload.com



ကိုလည်း မဟာစည်ဆရာတော်ကြီးရဲ့ "တက္ကသိုလ်ဝိပဿနာ" စာအုပ်မှာ တစ်ခန်းတစ်ကဏ္ဍ ဖော်ပြထားပါသေးတယ်။(အကျယ်ကို ဆရာကြီး ဒေါက်တာမင်းတင်မွန်၏ တော်ကူးဆရာတော်၊ ဘဝဆည်းဆာနှင့် ကျင့်စဉ်တရားမှာ ရှုပါ။)

ကျွန်တော့်ခမ္မမိတ်ဆွေဟာ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့ ဝိပဿနာတရားအားထုတ်ခြင်းနှင့် ရောဂါပျောက်ကင်းခြင်းဆိုတဲ့ ကြောင်းကျိုးဆက်စပ်တရားအပေါ်မှာ လုံးဝယုံကြည်အားကိုးသွားပါပြီ။ သူက စိတ်အားထက်သန်စွာ ဒီလိုပြောပါတယ်။

"ဝဋ်နာကံနာပါလို့ ရောဂါမပျောက်တောင် တရားအားထုတ်ရင်း သေရတာမြတ်ပါတယ်။ ကျွန်တော် ကျေကျေနပ်နပ် အားထုတ်ပါတော့မယ်"

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာတရားအားထုတ်ခိုင်းတာ သံသရာဝဋ်ဆင်းရဲကို မျက်မှောက်ခြေဖျက်ချင်လို့ပါ။ တရားအားထုတ်ခြင်းဖြင့် အန္တရာယ်ကင်းခြင်း၊ အနာရောဂါပျောက်ကင်းချမ်းသာခြင်းတို့က အကာလိကောဆိုတဲ့အခါမလင့်အကျိုးပေးတဲ့ တရားဂုဏ်ပုဒ်ကို ယုံကြည်စေချင်လို့ပါ။ ဆရာတော်ကြီးကိုယ်တိုင်က "မန္တန်ဆေးဝါးမပါဘဲ ကြီးကျယ်သော ရောဂါများပျောက်ကင်းသွားသည်မှာ အလွန်ပင် အံ့ဖွယ်ကောင်းလှပါပေသည်။ ဆေးဝါးကိုသာ အလေးအမြတ်ပြုသူတို့၏ အမြင်ဖြင့် ယုံကြည်လှဖွယ်မရှိပေ။ သို့သော်လည်း ရောဂါပျောက်ကင်းသူတို့မှာ တကယ်ပင် ထင်ထင်ရှားရှားရှိနေသောကြောင့် မယုံကြည်လျှင် ဉာဏ်အဆင့်အတန်းနိမ့်၍ ဉာဏ်မမီရာသာ ရောက်ပေလိမ့်မည်။ ဤအရာ၌ ရောဂါပျောက်ခြင်း၏ အကြောင်းကို ဖော်ပြသင့်ပေသည်။"

"တစ်ခါ ရှင်မဟာကဿပမထေရ်တစ်ပါး မကျန်းမာ၍ ရောဂါစွဲကပ်လျက်ရှိသည်။ မြတ်စွာဘုရားရှင်က ဗောဇ္ဈင်ခုနစ်ပါးဟောတော်မူသည်။ ယင်းတရားကိုနာ၍ ရောဂါလုံးဝပျောက်သွားသည်။ မြတ်စွာဘုရားကိုယ်တိုင်လည်း အရှင်စုန္ဒမထေရ်

http://www.dhammadownload.com



ကိုဖောစေ၍ ယင်းမထေရ်သည် ဓာတ်ချောင်တရားကိုနာရ၍ ရောဂါလုံးဝပျောက်ကင်း သွားသည်။ ဤအကြောင်းအရာများကို သာသနာဝင်ပုဂ္ဂိုလ်တိုင်းလိုပင် ကြားဖူးသိ ဖူးပြီးဖြစ်သည်။ ကြားဖူးသူတိုင်းပင် ဓာတ်ချောင်တရား၏ အစွမ်းအာနုဘော်ကြောင့် ရောဂါပျောက်ကင်းကြောင်းကို လက်ခံယုံကြည်ကြပေသည်။

"ထိုသို့ရောဂါပျောက်ရာ၌ ရွတ်ဆိုဟောကြားသော တရားသံကြောင့်ပင် ရောဂါပျောက်သလား။ နှလုံးသွင်း၍ မိမိတို့ကိုယ်တွင်း၌ဖြစ်သော ဓာတ်ချောင်တရားကြောင့်ပင် ရောဂါပျောက်သလားလို့ စိစစ်ဖွယ်ရှိပါသည်။ ရွတ်ဆိုဟောကြားသော တရားကြောင့်လည်း ပျောက်သည်ဟုလည်း မှတ်ယူသင့်ပါသည်။ ထို့ပြင် ရွတ်ဆိုသော တရားကိုကြည်ညိုသော သဒ္ဓါစသည်ကြောင့်လည်း ပျောက်သည်ဟု မှတ်ယူသင့်ပါသည်။ ထို့ပြင် တရားကိုကြားနာရင်း ရှုမှတ်နှလုံးသွင်း၍ဖြစ်ပေါ်လာသောကြောင့်လည်း ပျောက်ကင်းသည်ဟု မှတ်ယူသင့်ပါသည်။ ဤသုံးနည်းတို့တွင် တတိယနည်းသည် အခိုင်မာဆုံးဖြစ်ပါသည်။"

*(တဗ္ဗာသုဒိလ်ဝိပဿနာ စာ - ၁၄၃)*

ပိုမိုခိုင်လုံအောင် ဓာတ်ချောင်သုတ်ကို အနက်ရှင်းပြတော်မူပါတယ်။ "ဆေးအကူအညီဖြင့် ပိုးကောင်တွေက လွှမ်းမိုးသွားရင် ရောဂါပိုးဆိုးတွေ သေပျက်ပြီး ကျန်းမာတယ်" လို့ ပြောကြသလိုပါပဲ၊ ဓာတ်ချောင်တရားများကြောင့် ဖြစ်ပွားတဲ့ ရုပ်ကောင်းရုပ်သန့်တွေက လွှမ်းမိုးပြီး ရောဂါရုပ်ဆိုးတွေချုပ်ပျောက်သွားကြသောအားဖြင့် ရောဂါပျောက်သွားတယ်" လို့ မှတ်ယူရပါတယ်လို့ ထပ်မံရှင်းပြတော်မူပါတယ်။

ဓာတ်ချောင်တရားရဲ့ အာနိသင်နဲ့ တရားရှုမှတ်ခြင်းရဲ့ကျေးဇူးကြောင့် လက်ငင်းချမ်းသာရရပုံတွေကို ဆက်လက်ဖော်ပြလိုက်ပါတယ်။

ပန်းနာရောဂါပျောက်ပုံ

မြင်းခြံမြို့ လယ်သစ်ရွာမှာ အသက် ၇၀ ရှိ ဦးမြင့်အောင်မှာ ပန်းနာရောဂါစွဲကပ်

http://www.dhammadownload.com



နေတာ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့ပါပြီ။ မဟာစည်တိုက်ခွဲ မြင်းခြံရိပ်သာရောက်လာပြီး ပါလာတဲ့ငွေကို ကပ္ပိယထံလွှဲအပ်ပြီးတော့ "တပည့်တော်သေရင် ဒီငွေနဲ့သာ သဂြိုဟ်လိုက်ပါတော့လို့ လျှောက်ပါတယ်။ ဆရာတော်က ဘာမှမပူဖို့ပြောပြီး တရားပေးပါတယ်။ ဒါပေမယ့် ရှုမှတ်အားထုတ်လို့ ၆ ရက်ကြာတဲ့အခါ သူ့ရောဂါပိုဆိုးလာပါတယ်။ ဟောဟဲဟောဟဲနဲ့ဖြစ်နေပြီး နှစ်ရက်လုံးလုံး ဆန်ပြုတ်တောင်မသောက်နိုင်ဘူးတဲ့။ ကုန်းကုန်းကြီးလဲကျပြီး သေမတတ်ဖြစ်နေလို့ ယောဂီတွေ ဆရာတော်ထံသွားလျှောက်ကြတယ်။ ဆရာတော်က အားပေးတရားဟောရင်း မောတာကို မှတ်ခိုင်းတယ်။ မောတယ်၊ မောတယ်လို့ ရှုမှတ်နေလိုက်တာ နှစ်နာရီလောက်ကြာတော့ အမောပြေပြီး ချမ်းသာသွားတယ်။

ဒါပေမဲ့ နောက်တစ်ပတ်ကြာတဲ့အခါ ရောဂါပြန်ထလာတယ်။ သုံးရက် ဆန်ပြုတ်မသောက်နိုင်ဘူး။ အများက သေတော့မှာပဲလို့ထင်ကြတယ်။ ဆရာတော်ကြွလာပြီး အားပေးတယ်။ ရှုမှတ်ခိုင်းတယ်။ ဒါလောက် သေလုခါနီးဖြစ်နေတာ ဘယ်တတ်နိုင်တော့မှာလဲလို့ တချို့ယောဂီတွေ ပြစ်မှားကြသေးတယ်။ ဦးအောင်မြင့်ကတော့ ဆရာတော့်စကားနားထောင်ပါတယ်။ သူ့ရောဂါကို စူးစိုက်ပြီးရှုမှတ်နေရင်း ဝမ်းဗိုက်ကြီးပေါက်ကွဲပြီး အကျိအချွဲအလုံးအခဲတွေ အစိမ်းအနီအဝါအပြာတွေထွက်သွားတာကို ဉာဏ်မျက်စိထဲမှာ မြင်ရတဲ့အတွက် "ဗိုက်ကြီးပေါက်ကွဲထွက်သွားပါပြီဗျ" လို့တောင် အော်ဟစ်မိသတဲ့။

အဲဒီနောက် ဆရာတော်ညွှန်ကြားချက်အတိုင်း ဆက်လက်ရှုမှတ်သွားရာ ရောဂါပြန်မပေါ်လာတော့ဘဲ လုံးဝပျောက်ကင်းသွားပါသတဲ့။ ဦးအောင်မြင့်ရောဂါ ပျောက်ပြီးနောက် ရွာပြန်ပြီး ဆွေမျိုးတွေကိုတောင် တရားပြနေပါသေးတယ်။

*(တဏ္ဍာသိလ်ဝိပဿနာ စာ-၁၁၀)*

http://www.dhammadownload.com



ခရုသင်းယားနာပျောက်ပုံ

ရန်ကုန်မဟာစည်ရိပ်သာသို့ အသက် ၂၀ ရှိ အထက်ပန်းဆိုးတန်းလမ်းမှာနေသူ မောင်ဝင်းမြင့်ဆိုသူ လာရောက်အားထုတ်ပါတယ်။ သူတစ်ကိုယ်လုံး ခြေလက်မကျန် ယားနာတွေပေါက်နေတယ်။ ခရုသင်းအဖြူကွက်တွေနဲ့လည်း မြင်မကောင်းဖြစ်နေပါတယ်။ တစ်ညလုံးယားလို့ ထထကုတ်ရတာလည်း ညလုံးပေါက်ပါပဲ။ ဒီရောဂါကြောင့် ကျောင်းမှန်မှန်မတက်နိုင်သလို စာလည်း နောက်ကျခဲ့ရပါတယ်။ ဆရာဝန်နဲ့ သုံးလတိတိတစ်ရက်မပျက် ဆေးထိုးဆေးစားလုပ်ခဲ့ပေမယ့် ရောဂါကတော့ မသက်သာခဲ့ပါ။ အရေပြားအထူးကုဆရာဝန်နဲ့ နှစ်လဆက်ကုတော့လည်း မထူးခြား။ အသက် ၁၆ နှစ်မှ ၂၀ နှစ်အထိ လေးနှစ်တိုင် ရောဂါခံစားနေရလို့ တစ်နေ့တစ်ရက်မျှ ပျော်ရွှင်ချမ်းမြေ့ခြင်းမရှိခဲ့ပါ။

ရောဂါရလာပုံက အသက် ၁၆ နှစ်အရွယ်က ရွှေကျင်မှာသွားနေစဉ်အခါက ချေ(ဂျိ)သား၊ ဆတ်သား၊ တောကြောင်သား၊ လင်းမြွေသား၊ ဖွတ်ဥစတဲ့ အညှီအဟောက်တွေမရှောင်တမ်း စားခဲ့ပါတယ်။ တစ်နှစ်လောက်စားမိတော့ ခြေလက်တွေမကျန် ယားနာတွေတစ်ကိုယ်လုံး ပေါက်လာပါတယ်။ သွေးလည်းမသန့် အသားရေလည်း မကောင်းတော့ပါဘူး။

အရေပြားအထူးကုဆရာဝန်ကြီးနဲ့ကုတာတောင် မသက်သာတော့တဲ့အတွက် အဘိုးဖြစ်သူက သာသနာ့ရိပ်သာကိုခေါ်လာပါတယ်။ မောင်ဝင်းမြင့်ခမျာ စပြီး အားထုတ်လို့ ၂ မိနစ်ပဲရှိသေးတယ် ယားလာပါရော။ မှတ်လို့လည်း မပျောက်။ ဒါနဲ့ ကိုးရက်ရှိတော့ ယားလွန်းလို့ မနေနိုင်တာနဲ့ အိမ်ကိုထွက်ပြေးခဲ့ပါတယ်။ အိမ်မှာလည်း တစ်ညလုံး ထထကုတ်လိုက်၊ မှတ်လိုက်နဲ့ မိုးလင်းခဲ့ပါတယ်။

အဘိုးဖြစ်သူက ရိပ်သာကို အတင်းပြန်ပို့ပါတယ်။ ယားလွန်းလို့ မမှတ်နိုင်ကြောင်း ဆရာတော်ကိုလျှောက်ပါတယ်။ ဆရာတော်က နိုင်အောင်မှတ်၊ ပျောက်

http://www.dhammadownload.com



သွားလိမ့်မယ်လို့ အားပေးပါတယ်။ ဒီလိုနဲ့ ထိုင်လာတာ ငါးမိနစ်လောက်ပဲ ရှိသေးတယ်။ ယားလာပါရော။ မှတ်တော့ သက်သာလာတာတွေ့ရပြီး တစ်နာရီလောက် အယားပျောက်သွားပါတယ်။ နောက်တစ်ကြိမ်ထိုင်ရာမှာ ယားပုံက ပြင်းထန်လှပါတယ်။ မျက်ရည်ကျအောင် ယားတယ်။ ခန္ဓာကိုယ်ဟာ နတ်ပူးသလို တုန်ရီနေတယ်။ မလှုပ်ဘဲ ရှုစိုက်ပြီးမှတ်ပေမယ့် မပျောက်တာနဲ့ ဖောင်းတာပိန်တာပြောင်းပြီး ရှုမှတ်ပါတယ်။ ယားတာက ဘယ်ပျောက်သွားမှန်းတောင် မသိအောင် အံ့သြရပါတယ်။

ယားလိုက်မှတ်လိုက်၊ ပျောက်သွားလိုက်နဲ့ စိတ်ထဲမှာ ပျော်လာပါတယ်။ ဒါပေမယ့် နောက်တစ်ပတ်မှာ ပြန်ယားလာလိုက်တာ မှတ်လို့တောင် မပျောက်တော့ပါဘူး။ ချွေးနဲ့ မျက်ရည်တွေ ရောထွေးကျဆင်းလာတာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာတယ်။ အတင်းပေပြီးမှတ်ရလိုက်တော့ ပျောက်သွားပြန်ရော။ နောက်ရက်ပေါင်း နှစ်ဆယ်လောက်မှ ယားနာပြန်ပေါ်လာတယ်။ ခြေ လက်၊ ကျော၊ ခေါင်းတို့က ယားလာပါတယ်။ မှတ်လိုက်တော့ ပျောက်သွားပါတယ်။ အဲဒီလို မှတ်နေရင်း တစ်ကိုယ်လုံးမှာ ပြွန်းကနဲ ယားလာပါတယ်။ ရှုစိုက်ပြီး မှတ်လိုက်တော့ အဲဒီယားနာဝေဒနာတွေဟာ တစ်ပေါင်းတည်းခေါင်းကနေ ထွက်သွားသလို ထင်ရပါတယ်။ တစ်ကိုယ်လုံး အပူချိန်တွေ တစ်ခါတည်းထွက်သွားပါတယ်။

နေ့ ၁၁ နာရီလောက်မှာ ရေချိုးဖို့ အပြင်ထွက်ပြီး ခေတ္တခဏထိုင်နေတုန်း ခွေးတစ်ကောင်က အနားမှာ လာထိုင်ပါတယ်။ ခွေးစော်နံ့လို့ မခံနိုင်တဲ့အတွက် ခွေးကို မောင်းထုတ်လိုက်ပါတယ်။ ဒါပေမယ့် ခွေးနံ့ကတော့ နံမြဲနံနေတယ်။ အခန်းအပြင်ဘက်က ဝင်လာတော့လည်း နံဆဲပဲ။ ဘာကနံတာပါလိမ့်လို့ စူးစမ်းကြည့်လိုက်တော့ မိမိကိုယ်က နံတာဖြစ်ကြောင်း တွေ့လိုက်ပါတယ်။ ဒါနဲ့ ရေမိုးချိုးဆပ်ပြာတိုက်သည့်တိုင်အောင် ခွေးနံ့ကမပျောက်ဘူး။ ခွေးနံ့နံနေတာကတော့ နှစ်ရက်တိတိ။

http://www.dhammadownload.com



ရှက်လို့ ဆရာတော်ကို မလျှောက်ရဲဘူး။

ဒါပေမဲ့ နောက်ရက်တွေမှာ ဆက်လက်ရှုမှတ်တော့ ချွေးနံ့က ပျောက်သွားတယ်။ ပြီးတော့ ယားနာတွေလည်း ပျောက်သွားတယ်။ သွေးသားသန့်စင်ပြီး ခရုသင်းကွက်ကြီးလည်း မရှိတော့ဘဲ အသားအရေတိုစိုပြေပြေဖြစ်လာပါတယ်။ အရေပြားအထူးကုကို သွားပြတယ်။ ဘယ်သူမှ ယုံနိုင်စရာ မရှိပါ။ ရောဂါဘယ်လို ပျောက်သွားသလဲမေးတော့ "မဟာစည်ရိပ်သာမှာ တရားအားထုတ်ပါတယ်၊ ပေါ်လာသမျှ ရုပ်နာမ်တွေကို မလွှတ်တမ်းမပြတ်ရှုမှတ်နေရင်း အဲဒီရောဂါတွေ အကုန်လုံး ပျောက်သွားတာပဲ" လို့ မောင်ဝင်းမြင့်က ရှင်းပြပါတယ်။ ဒီတော့ "ဟင် ဒီတရားက တော်တော်စွမ်းတဲ့ တရားပါလား" တဲ့။

ဟုတ်ပါတယ်။ မေ့ဂုဏောအနန္တောပါ။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဝိပဿနာရဲ့ဂုဏ်ကျေးဇူးကို ရောဂါထူးရောဂါဆန်းများ လက်ငင်းပျောက်ကင်းပုံဖြင့်လည်း အမွှန်းတင်တော်မူခဲ့ကြောင်း ....။ ။

ညွှန်း

၂၀၀၂ ဒီဇင်ဘာလထုတ်၊ တက္ကသိုလ်ဝိပဿနာတရားတော်၊ဆွေးမအကြိမ်

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏
## မေတ္တာအင်အားထူးခြားသောသာဓကများ

ဒါန၊ သီလ၊ သထမ စတဲ့ ကုသိုလ်ကောင်းမှုတွေထဲမှာ "ဝိပဿနာကုသိုလ်" ဟာ အမြတ်ဆုံး၊ အမြင့်ဆုံးဖြစ်ကြောင်း မှတ်သားခဲ့ရပါတယ်။ ဝိပဿနာကုသိုလ် ပြီးလျှင် ဒုတိယအား အကြီးဆုံးကုသိုလ်ဟာ မေတ္တာဘာဝနာ(မေတ္တာပို့ခြင်း၊ မေတ္တာပွားခြင်း)ဖြစ်တယ်လို့ ဆိုပါတယ်။ သမထဝိပဿနာ ဘာပဲကျင့်ကျင့် မေတ္တာဘာဝနာမပါလျှင် အောင်မြင်မှုမရတတ်ပါ။ အလုံးစုံသောတရားတို့၏ ပိုင်ရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကို ရှေးဦးစွာ ပူဇော်ကန်တော့ခြင်း (ဗုဒ္ဓါနုဿတိ)ပြုပါမှလည်း မိမိတို့ရဲ့ကျင့်စဉ်များ လျင်မြန်စွာ ပေါက်မြောက်အောင်မြင်နိုင်ပါတယ်။ ချုပ်လိုက်ရင် ဗုဒ္ဓါနုဿတိနဲ့ မေတ္တာဘာဝနာမပါရင့် ကျင့်သလောက် ခရီးမရောက်နိုင်ဘူးဆိုတာပါပဲ။

ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝမှာလည်း မေတ္တာမပါလျှင် ဘာပဲလုပ်လုပ် မအောင်မြင်၊ မိသားစုတွင်း သွေးချင်းသားချင်း ဆက်ဆံရေးကအစ ဖုထစ်နေတတ်ပါတယ်။ ဒါကြောင့် ပုထုဇဉ်လူဝတ်ကြောင်တွေဟာ ကိုယ်ကျင့်တရားအားဖြင့် ငါးပါးသီလ ထိန်းပြီး ပတ်ဝန်းကျင်နဲ့နေတဲ့အခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့

http://www.dhammadownload.com



ပြဟ္မစိုရ်တရားလေးပါးနဲ့ နေကြ ရမယ်လို့ သူတော်ကောင်းတို့ လမ်းညွှန်ခဲ့ပါတယ်။ ပြဟ္မစိုရ် တရားလေးပါးကသာလျှင် ကမ္ဘာလောကကြီးရဲ့ငြိမ်းချမ်းသာယာရေးကို ပေးစွမ်းပြဋ္ဌာန်းနိုင်ပါတယ်။

ဒါကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးဟာ ပြဟ္မစိုရ် တရားလေးပါးကို "ပြဟ္မဝိဟာရတရားတော်" ဆိုတဲ့ ခေါင်းစဉ်နဲ့ အကျယ်ဖွင့်ဆို ဟောကြားတော်မူ ခဲ့ပါတယ်။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဓလိယဉ်မွှာရုံ ကြီးမှာ ၁၃၂၇ ခုနှစ် ဝါဆိုလပြည့်နေ့မှ တန်ဆောင်မုန်းလကွယ်နေ့အထိ ဥပုသ်နေ့တိုင်း ဟောကြားခဲ့ရာ ၁၆ ကြိမ် တိုင် ဟောခဲ့ရတဲ့ တရားတော်ဖြစ်ပါတယ်။ (စာအုပ်အဖြစ် ပုံနှိပ်တဲ့အခါ စာမျက်နှာပေါင်း ၄၀၀ ကျော်ရှိပါတယ်။) အဲဒီ စာမျက်နှာပေါင်း ၄၀၀ ကျော်ထဲက မေတ္တာတရားနဲ့ပတ်သက်ပြီး ထူးခြားဆန်းသစ်တယ်လို့ထင်တဲ့ အကြောင်းအရာများကို ရွေးနုတ်တင်ပြပါမယ်။

မေတ္တာသုတ်အဖွင့်ကျမ်းတွေလည်း အများကြီးပေါ်ထွက် ခဲ့ပြီးပါပြီ။ မေတ္တာ ပို့နည်း၊ ပွားနည်းတွေလည်း တော်တော်များများ သင်ယူလေ့ကျင့်ခဲ့ဖူးပါပြီ။ ဒီနေ့ တစ်တိုင်းပြည်လုံး (မူကြိုကလေးတွေကအစ) နှုတ်တက်ရထားတဲ့ မေတ္တာပို့နည်း ဟာ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ မေတ္တာပို့နည်းဖြစ်ပါတယ်။ အင်မတန်ကောင်းပါတယ်။ မင်းကွန်းဆရာတော်ကြီးရဲ့ မေတ္တာပို့နည်း နိုင်မာပြီး ဖြစ်လို့ မဟာစည် ဆရာတော်ကြီးရဲ့ မေတ္တာပို့နည်းကို သီးခြားမဖော်ပြတော့ပါ။

ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ "အောင်ခြင်းရှစ်ပါး" ဇာတ်ကြောင်းများဟာ မေတ္တာတရားရဲ့ အောင်ခြင်းသင်္ကေတများပဲ ဖြစ်ပါတယ်။ အင်မတန်ကြမ်းတမ်း ခက်ထန်တဲ့ အာဠာဝကဘီလူးနဲ့ဆင်မိုက်ကြီး နာဠာဂီရိတို့ဟာ မြတ်စွာဘုရားရဲ့ မေတ္တာတော်ကြောင့် ပိုးပုဝါခကလေးလို နူးညံ့သိမ်မွေ့သွားကြကာ သာသနာတည် သူများ ဖြစ်သွားခဲ့ကြပါတယ်။ ဒါက ထင်ရှားတဲ့ လူတိုင်းသိတဲ့ သာဓက

http://www.dhammadownload.com



သက်သေများ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက မထင်မရှား လူတစ်ယောက်ကို ရှာရှာဖွေဖွေ ဆွဲထုတ်ပြီး မေတ္တာတရားရဲ့အာနိသင်ကို ဖော်ထုတ်ခဲ့ပါတယ်။ သူ့နာမည်က ရောဇတဲ့။

အခါတစ်ပါး မြတ်စွာဘုရားဟာ အာပဏဆိုတဲ့အရပ်မှ ကုသိနာရုံသို့ နောက်ပါသံဃာတစ်ထောင့်နှစ်ရာ့ငါးဆယ်နဲ့တကွ ကြွချီတော်မူပါတယ်။ အဲဒီအခါ ကုသိနာရုံက မလ္လမင်းတို့က ဘုရားကြွလာမည့်အကြောင်းကြားရတဲ့အတွက် "ဘုရားကြွတော်မူလာတဲ့အချိန် မကြိုတဲ့လူအား ဒဏ်ငွေငါးရာ ထမ်းဆောင်ရမယ်" လို့ စည်းကမ်းသတ်မှတ်ထုတ်ပြန်ကြေညာ လိုက်ပါတယ်။ ဘုရားကြွလာတော် မူတဲ့အခါ ကြိုဆိုဖူးမြော် သူတွေထဲမှာ "ရောဇ" ဆိုတဲ့သူလည်း ပါလာပါတယ်။ သူဟာ အရှင်အာနန္ဒာရဲ့ သူငယ်ချင်းမိတ်ဆွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် အရှင်အာနန္ဒာက သူ့ကိုတွေ့တဲ့အခါ "မြတ်စွာဘုရားကို ဒီလိုခရီးဦးကြိုပြုတာ အလွန်ကောင်းမြတ်တဲ့အကြောင်း ဝမ်းမြောက်ဝမ်းသာ ပြောပါတယ်။ ဒီမှာ ရောဇက "ကြည်ညိုလွန်းလို့ကြိုတာမဟုတ်ကြောင်း၊ မကြိုဆိုရင် ဒဏ်ငွေငါးရာပေးဆောင်ရမယ်ဆိုလို့ ကြိုရတာဖြစ်ကြောင်း" ပြန်ပြောပါတယ်။

အရှင်အာနန္ဒာမှာ "ရောဇဟာ ဘာကြောင့် ဒီလိုစကားမျိုး ပြောပါလိမ့်" လို့ဆင်ခြင်ပြီး နှလုံးမသာမယာဖြစ်ရှာသတဲ့။ ရောဇဟာ တော်တော်ရိုင်းတာပဲ။ ဘုရား၊ တရား၊ သံဃာကိုကြည်ညိုရမှန်းတောင်မသိဘူး။ ဒီအတိုင်း သာဆိုရင် သူ့မှာ ရသင့်တဲ့အကျိုးစီးပွားတွေ ဆုံးရှုံးသွားရှာတော့မှာပဲ" လို့ ဆင်ခြင်ပြီး ဒီအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားတယ်။ ရောဇဟာ သာသနာကိုကြည်ညိုလာရင် သူ့မှာ အကျိုးများမယ့်အကြောင်း လျှောက်တယ်။

အဲဒီမှာ မြတ်စွာဘုရားက ရောဇတစ်ဦးတည်းကို စူးစိုက်ပြီး မေတ္တာဘာဝနာ

http://www.dhammadownload.com



ပွားတယ်။ မြတ်စွာဘုရားဟာ အားလုံးသောသတ္တဝါတွေကို ညီတူညီမျှ မေတ္တာပွား နေကျပါပဲ။ ဒါပေမဲ့ ဒီအခါမှာတော့ "ရောဇဟာ ငါဘုရားကိုတွေ့နေရတဲ့ အခါမှာတောင် ဘုရား၊ တရား၊ သံဃာကို ကြည်ညိုရမှန်း မသိလို့ရှိရင် သူ့မှာ ဖြစ်သင့်တဲ့ ကုသိုလ်တရားတွေ ဖြစ်ခွင့်မရှိဘဲ ဆုံးရှုံးသွားရှာတော့မှာပဲ" စသည်ဖြင့် ဆင်ခြင်တော်မူပြီးတော့ သူတစ်ဦးတည်းကိုသာ ရှုးစိုက်ပြီး မေတ္တာပွားတော်မူပါတယ်။

အဲဒါဟာ ဘာနဲ့တူသလဲဆိုတော့ ယနကာလမှာ အင်မတန်အားကြီးတဲ့ ဆလိုက်မီးဆိုတာရှိတယ်။ အဲဒါတွေဟာ အကျယ်ဖြန့်ပြီးထိုးထားရင်တော့ အလင်းရောင်လည်း သင့်တော်ရုံပဲ။ အပူဓာတ်လည်း သိပ်မထင်ရှားဘူး။ နေရာကျဉ်းကျဉ်းကလေးစုပြီး ထိုးထားရင်တော့ အလင်းရောင်လည်း အင်မတန် အားကောင်းတယ်။ နှဲ့ခင်းလိုလိုပင် လင်းနေတတ်တယ်။ အပူရှိန်ကလည်း ပြင်းထန်တယ်။ ဒီလိုပဲ မြတ်စွာ ဘုရားက အားလုံးသတ္တဝါတွေအပေါ်မှာ ပွားနေကျမေတ္တာကို ရောဇတစ်ဦးတည်း အပေါ်မှာသာ ရှုးစိုက်ပြီးပွားလိုက်တော့ အလွန်အားကောင်းတာပေါ့။

အဲဒီမေတ္တာဓာတ်ကြောင့် ရောဇမှာ မြတ်စွာဘုရားအပေါ် အလွန်ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပွားလာတယ်။ ကြည်ညိုစိတ်အားကြီးပုံကတော့ မွေးခါစနွားငယ်လေးဟာ မိခင် နွားမကြီးကို ချစ်ခင်သလို မခွဲမခွာနိုင်သလိုပါပဲတဲ့။ ဒါကြောင့် ရောဇဟာ ပရဝုဏ်ခေါ်တဲ့ ကျောင်းဝင်းငယ်တစ်ခုမှ ကျောင်းဝင်းငယ်တစ်ခုသို့ အလျင်အမြန်သွားပြီး မြတ်စွာဘုရားကို ရှာတယ်။ ဘုရားသီတင်းသုံးရာ ဂန္ဓကုဋီတိုက်ကိုရောက်ပြီးတော့ မြတ်စွာဘုရားကို အလွန်ရိုသေစွာရှိခိုးပြီး ထိုင်နေသတဲ့။ အဲဒီအခါ ဒါနကထာ၊ သီလကထာ စသည်ဖြင့် သူနဲ့သင့် လျော်တဲ့တရားကို ဟောကြားတော်မူတယ်။ တရားနာပြီးတော့ ရောဇဟာ သောတာပန်ဖြစ်သွားပါတယ်။ ဒီတော့ သံဃာတော်များကို သူလှူတဲ့ပစ္စည်းကိုသာ ခံယူတော်မူကြပါစေ။ အခြားသူတို့လှူတဲ့ပစ္စည်းကို မခံယူကြပါစေနဲ့လို့တောင် လျှောက်ပါသေးသတဲ့။

http://www.dhammadownload.com



အဲဒါဟာ မေတ္တာစာတဲ်ဖြင့် ဆွဲဆောင်ပြီး အကျိုးများစေတာပါပဲ။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ စာပေပရိယတ် နှံ့စပ်သူပီပီ အဲဒီလို ထူးခြားဖြစ်စဉ်ကလေးတွေနဲ့ သာဓကဆောင်ဟောပြတတ်ပါတယ်။ ပါဠိတော်အဂ္ဂိုအကားများသာမက ဘိုးဘွားစိုးသာကထုတ်တဲ့ စာစောင်တစ်ခုထဲမှာ ထူးခြားတဲ့အကြောင်းအရာတစ်ခုတွေ့တယ်ဆိုပြီး ထုတ်နုတ်ဟောပြောခဲ့ပါသေးတယ်။

ဦးဘထူးဆိုတဲ့ လူတစ်ယောက်ဟာ တိရစ္ဆာန်တွေကို အလွန်သနားတတ်ပါသတဲ့။ အထူးအားဖြင့် ခွေးတွေကို အလွန်သနားတတ်ပါသတဲ့။ ဒါကြောင့် သူက ပိုင်ရှင်မရှိတဲ့ ခွေးတွေကို သနားပြီး အထူးကျွေးမွေးစောင့်ရှောက်လေ့ရှိတယ်။ ကျိုက္ကဆံစေတီဝင်းထဲက ခွေးတွေကို သူသတ်မှတ် ထားတဲ့ရက်တိုင်း ကောင်းမွန်စွာ ချက်ပြုတ်ပြီး သွားကျွေးလေ့ ရှိသတဲ့။ ဟိုကခွေးတွေကလည်း သူလာတဲ့အခါ လာရောက်ပြီး ကြိုဆိုကြသတဲ့။ ဒါကတော့ သိပ်မထူးလှပါဘူး။ ထူးတဲ့ အကြောင်းကတော့..

တစ်ချိန်မှာ ဦးဘထူးဟာ သူ့အဖော်များနဲ့အတူ ကျိုက်ထို၊ တောင်စွန်းဆိုတဲ့ဒေသက ကေလာသ၊ မြသပိတ်ဆိုတဲ့ စေတီတော်များကို ဖူးမြော်ဖို့သွားတယ်။ ဘုန်းကြီးကိုယ်တိုင်လည်း အဲဒီ ကေလာသနဲ့ မြသပိတ်ဆိုတဲ့အရပ်တွေကို ရောက်ဖူးပါတယ်။ သုံးညလောက်လည်း အိပ်နေခဲ့ဖူးပါတယ်။ အဲဒီတောင်ခြေရွာများကိုလည်း ဆွမ်းခံသွားဖူးပါတယ်။ အဲဒီ တောင်ခြေရွာတွေမှာ ခွေးတွေက ကိုက်တတ်တယ်။ တယ်ဆိုးတယ်တဲ့။ လူစိမ်းဆိုရင် ပိုင်းကိုက်တာတတ်တယ်။ တောင်ပေါ်စေတီရှိရာသွားရင် အဲဒီရွာထဲက ဖြတ်သွားရတယ်။

ဒါကြောင့်ဦးဘထူးကခေါင်းဆောင်ပြီး အဲဒီခွေးဆိုးတွေရှိတဲ့ရွာထဲက ဖြတ်သွားတဲ့အခါ ခွေးဆိုးတွေက အတင်းပြေးလာကြသတဲ့။ ကိုက်တော့မှာပဲလို့ စိုးရိမ်

http://www.dhammadownload.com



နေကြတယ်။ ဒါပေမဲ့ ခွေးတွေက ဦးဘထူးကို မိမိတို့အရှင်သခင်လိုပင် မှတ်တယ်ရယ် ပြီး နှုတ်ဆက်ကြသတဲ့။ (ရန်ကုန်ကခွေးတွေကို မေတ္တာရှေ့ထား ကရုဏာပွားခဲ့တဲ့ မေတ္တာတုံ့ပြန်မှုကို ကာလဒေသအပိုင်း အခြားကျော်လွန်ပြီး ရရှိခဲ့တာ အံ့ဩစရာ ဖြစ်ပါတယ်။)

ဒါကြောင့် မေတ္တာသုတ္တရော အနန္တောမေတ္တာသည် အပိုင်းအခြားမရှိ အောင်နိုင်၏လို့ ဆိုခြင်းပဲဖြစ်ပါတယ်။ ဝိပဿနာကုသိုလ်ပြီးရင် ဒုတိယအား အကြီးဆုံးကုသိုလ်ဖြစ်ပါတယ်။

ညွှန်း

၁၉၉၄ ဒီဇင်ဘာလထုတ် မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြူဝိဟာရ တရားတော် (ပဉ္စမအကြိမ်)

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏ နတ်ရထားများ ဆိုက်ရောက်လာခြင်း

ဒီဘဝမှာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုတွေလုပ်ရင် သေပြီး နောက်ဘဝမှာ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံဆိုတဲ့ သုဂတိဘုံများသို့ရောက်ရှိနိုင်ကြောင်း ဗုဒ္ဓဘာသာဝင်များ နားလည်ယုံကြည်ပြီး ဖြစ်ပါတယ်။ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတွေဆိုတာ မက်လုံးပေးထားတဲ့ဘုံတွေမဟုတ်ဘဲ တကယ်ရှိနေတဲ့ ဘုံတွေဖြစ်ကြောင်း ဘုရား ဟောပိဋကတ်တော်တွေမှာ သက်သေထင်ရှားပါတယ်။ တချို့က(ဒီနေ့သိပ္ပံ ခေတ်မှာ) နတ်ဘုံ၊ နတ်ပြည်ဆိုတာ တကယ်ရှိမရှိ သံသယဝင်တတ်လာကြပါ တယ်။ ဗုဒ္ဓဘုရားလက်ထက်တော်ကတည်းက နတ်ဖြစ်သွားကြတဲ့ ကျောင်းအမ ကြီးဝိသာခါတို့၊ အနာထပိဏ်သူဌေးကြီးတို့ဟာ ဒီနေ့ထိ နတ်ပြည်မှာ အသက်ရှင် နေကြတုန်း၊ နတ်စည်းစိမ် ခံစားနေကြတုန်းပါ။ ဒီနေ့ခေတ်မှာလည်း သာသနာပွင့် ထွန်းရှိန့်ဖြစ်တာမို့ ကုသိုလ်ကောင်းမှုတွေ တကယ်လုပ်ရင် တကယ့်နတ်ပြည်ကို ရောက်နိုင်ကြောင်း ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ခေတ်သစ်ပုံ သက်သေတစ်ခုနဲ့ သာဓကဆောင်ထားပါတယ်။

### ရွှေဘိုနယ် ဝက်လက်တောင်ဘက်နားက ခေါဲတောရွာမှာ နတ်ရထားကြီး ဆိုက်ခဲ့ခြင်း

ဒါဟာ စိတ်ကူးယဉ်ဖော်ပြချက်မဟုတ်ပါ။ နတ်ရထား အမှန်တကယ်ဆိုက် ရောက်ခဲ့တာကို ဘုန်းကြီးတစ်ပါးအပါအဝင် မိသားစုများ မျက်မြင်တပ်အပ်

http://www.dhammadownload.com



တွေ့လိုက်ရတာပါ။ မျက်မှောက်ခေတ် နတ်ရထားကြီးဆိုက်ရောက်လာတာကို မတင်ပြမီ ဗုဒ္ဓဘုရားရှင်လက်ထက်ကလည်း ဒီလိုပဲ နတ် ရထားကြီးဆိုက်ရောက် လာခဲ့ပုံကို မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားခဲ့တဲ့ မေ့သာဝကဇာတ်ကြောင်းတစ်ပုဒ် နဲ့ ပုံဆောင်ပြချင်ပါတယ်။

ဗုဒ္ဓခေတ် သာဝတ္ထိပြည်မှာ မဟာဓမ္မိက ဥပသကာကြီး ဆိုတာရှိတယ်။ ရတနာသုံးပါးကို အတိုင်းထက်အလွန် ကိုးကွယ်ဆည်းကပ်ကြတယ်။ သူ့ရဲ့ဇနီးသားသမီးတွေအားလုံး သီလနဲ့ပြည့်စုံကြပြီး ကလျာဏဓမ္မ ကောင်းတဲ့သဘောလည်း ရှိကြတယ်။ သိဝိဘာဂရေတ ခွဲခြမ်းလှူဒါန်းရာမှာလည်း မွေ့လျော်ကြတယ်။ သူတို့ပြုနိုင်သမျှ ကောင်းမှုကုသိုလ်မှန်သမျှ နေ့နေ့ညည ပြုလုပ်အားထုတ်ကြပါတယ်။

တစ်နေ့တော့ မဟာဓမ္မိက ဥပါသကာကြီးမှာ ရောဂါကပ်ရောက်လာတယ်။ မသေခင် တရားနာမှပဲဆိုပြီး မြတ်စွာဘုရားထံတော်မှာ သံဃာတော်များကို ပင့်တယ်။ မြတ်စွာဘုရားကလည်း ရဟန်းတော်များကို လွှတ်ပေးတယ်။ ဥပါသကာကြီးရဲ့ တောင်းပန်ချက်အရ ရဟန်းတော်များက မဟာသတိပဋ္ဌာနသုတ္တန်ကို ဟောတော်မူကြတယ်။ ဒီလိုဟောနေစဉ်မှာပဲ နတ်ပြည်ခြောက်ထပ်က နတ်ရထားခြောက်စီး ဆိုက်ရောက်လာသတဲ့။ အဲဒါဟာ ဥပါသကာကြီးပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့စွမ်းအင်ပါပဲ။

အဲဒီ နတ်ရထားတွေမှာ လှပတင့်တယ်နေအောင် အပြိုင်အဆိုင် တန်ဆာဆင်ထားတယ်။ မိမိတို့နတ်ပြည်သာလျှင် ပျော်မွေ့စရာအကောင်းဆုံးဖြစ်ကြောင်း အလုအယက် ပြောဆိုပြီး သက်ဆိုင်ရာနတ်ရထားပေါ် တက်ရောက်လိုက်ပါဖို့ ခေါ်ငင်ကြတော့တယ်။ နတ်ပြည်ခြောက်ထပ်က နတ်ရထားခြောက်စင်း အပြိုင်အဆိုင် အလုအယက်ခေါ်ငင်နေ ကြပြီ။ ဥပသကာကြီးက "ဆိုင်းငံ့ကြပါဦး" ဆိုတဲ့

http://www.dhammadownload.com



သဘောနဲ့ နတ်တွေကို လက်ကာပြလိုက်တယ်။ ဒီတော့ ရဟန်းတော်များက သူတို့ရွတ်ဆိုတာကို တားတယ်ထင်ပြီး ရွတ်ဆိုတာကို ရပ်တန့်လိုက်ကြတယ်။ သားတွေသမီးတွေလည်း သူတို့အဖေသေတော့မယ်ထင်ပြီး ငိုကြတယ်။ ရဟန်းတော်များကလည်း ဆက်လက်ရွတ်ဆိုဖို့ အခွင့်မသာတော့လို့ ထပြန်သွားကြပါတယ်။ ဒီမှာ ဥပါသကာကြီးက သားသမီးတွေကို "ဟဲ့.. ဘာလို့ငိုနေကြတာတုန်း" လို့မေးတယ်။ "သေမှာကို ဘယ်သူ မဆိုကြောက်ကြပါတယ်။ ဖခင်သေမှာကြောက်လို့ငိုပါတယ်။ ပြီးတော့ ဖခင်ကိုယ်တိုင် ရဟန်းတော်များရွတ်ဆိုနေတာကို လက်ကာပြပြီး တားမြစ်တာကိုး" လို့ သားသမီးတွေက အဖြေပေးပါတယ်။

"ဟဲ့.. ငါက ရဟန်းတော်တွေကို ပြောတာမဟုတ်ဘူး"

"ဒါဖြင့် ဖခင် ဘယ်သူကိုပြောတာပါလဲ"

"ငါက နတ်တွေကိုပြောနေတာ။ သူတို့က သူ့ရထားနဲ့ လိုက်ပါ၊ ငါ့ရထားနဲ့လိုက်ပါနဲ့ လုယက်ခေါ်ငင်နေကြလို့တရားနာယူက်မှာစိုးတာကြောင့် နေကြပါဦးလို့ လက်ကာပြ တားမြစ်တာပဲ" လို့ဖခင်ကြီးက ရှင်းပြတယ်။

"နတ်ရထားတွေဆိုတာ ဘယ်မှာပါလဲ။ ကျွန်တော်၊ ကျွန်မတို့ မမြင်ရပါလား" လို့ သားသမီးတွေက မေးကြပြန် တယ်။

ဒီတော့ ဥပါသကာကြီးက "အေး..ငါပြမယ်။ ပန်းကုံး ရှိရင်ပေး" ဆိုတာနဲ့ သားသမီးတွေက ပန်းကုံးရှာပေးကြပါတယ်။ ပန်းကုံးကလေးလက်ထဲကိုင်ပြီး ဥပါသကာကြီး "နတ်ပြည်ခြောက်ထပ်ရှိတယ်။ ဘယ်နတ်ပြည်က အကောင်းဆုံးလဲ" လို့ မေးတယ်။ "တုသိတာနတ်ပြည်က အကောင်းဆုံးပါ" ဆိုတဲ့ ဖြေသံ ကိုကြားရတော့ "အေး..ဒါဖြင့် တုသိတာနတ် ပြည်ကနတ်ရထားကို ချိတ်ပါစေ" လို့ အဓိဋ္ဌာန်ပြီး ပန်းကုံးလေး ကို ပစ်မြှောက်လိုက်တယ်။ အဲဒီပန်းကုံးလေးဟာ တုသိတာနတ်ပြည် က နတ်ရထားအစွန်းမှာ တန်းလန်းကလေးချိတ်နေသတဲ့။

http://www.dhammadownload.com



သားသမီးတွေဟာ လေထဲဝဲနေတဲ့ ပန်းကုံးလေးကို မြင်ကြတယ်။ နတ်ရထားကိုတော့ မမြင်ရဘူးတဲ့။ "အဲဒါ တုသိတာနတ်ပြည်က နတ်ရထားပဲ။ ကဲ..ငါသွားတော့မယ်။ နင်တို့လည်း နတ်ပြည်ရောက်ချင်ရင် ငါလိုပဲ ကုသိုလ်ကောင်းမှုတွေ ပြုရစ်ကြ" လို့မှာထားပြီး ဥပါသကာကြီးဟာ ဘဝတစ်ပါး ပြောင်းသွားပါရောတဲ့။ ဘဝတစ်ပါးဆိုတာ တုသိတာနတ်ပြည်မှာ နတ်သားဖြစ်သွားတာပါ။

*(မဟာစည်ဆရာတော် ပံ့သကူတို့ဖြင့် ပြောပြသောအဆုံးအမများ -၅)*

## ဤမှာဘက်ခေတ်တွင် ရွှေဘိုနယ်၌ နတ်ရထားဆိုက်ခြင်း

အခုမျက်မှောက်ကာလမှာ ကြားသိရတဲ့ သာဓကဝတ္ထု တစ်ခုလည်း ရှိသေးတယ်။ အဲဒါကတော့ တစ်ဆင့်ကြားပေါ့လေ။ ဦးတိသသက ပြောဖူးတယ်။ သူတို့ဝက်လက်တောင်ဘက်နားက ခေါ်တောရွာမှာတဲ့၊ ဘိုးကျော်အောင်ဆိုတဲ့ ဒကာကြီးဟာ မဟာစည်က ဥပသကာလိုပါပဲ။ သူသေခါနီးမှာ နတ်ရထားတွေ ဆိုက်ရောက်လာပါသတဲ့။

သူဟာ သူ့လယ်ကွက်ထဲ သူ့ရှားနွားက ဝင်စားလည်း တရားစွဲခြင်း ဘာခြင်းမရှိဘဲ စားနေတဲ့နွားကို ကြည့်နေတာပဲ လို့ဆိုတယ်။ စားလွန်းမကစားရင် "ကိုင်းမင်းတို့ ဒီလောက် စားရရင် တော်ကြဦး။ တို့စားဖို့လည်း ရှိသေးတယ်" ဆိုပြီး နွားတွေကို မောင်းထုတ်လိုက်သတဲ့။ ပင်ကိုယ်ပင္ဒသန္ဓေစိတ်ကိုက ကောင်းပုံပေါ်ပါတယ်။ သူ့ဇနီး စုန်းအတတ်တတ်နေမှန်း သိလည်း...

"မင်းအတတ်ဟာ မကောင်းပါဘူး။ ဘုရားလှူလိုက်ပါ" လို့ပြောသတဲ့။

သူ့ဇနီးက အဖွားမိန်းတဲ့။

သူကလည်း သူ့ခင်ပွန်းတိုက်တွန်းတဲ့အတိုင်း "ငါဟာ စုန်း အတတ်ကိုတတ်ပါတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ မပြုစားဖူး ပါဘူး။ ဒီအတတ်ကို ဘုရားအားလှူပါတယ်။ နောက်လည်း ဘယ်သူ့ကိုမှ မပြုစားပါဘူး" လို့ ရွာရှိလူတွေကို ဖိတ်မန္တ

http://www.dhammadownload.com



ကပြုပြီး သူတို့မျက်မှောက်မှာပဲ သူ့အတတ်ကို ဘုရားလှူလိုက်သတဲ့။ သူတို့နှစ်ဦးလုံး အဲဒီလောက် စိတ်ကောင်းရှိကြတယ် တဲ့။ ဦးတိဿက ရိုးကျူးလိုက်သေးတယ်။

အဲဒီ ဘိုးကျော်အောင် သေခါနီးမှာလည်း ဂတိနိမိတ်အနေနဲ့ နတ်ရထားတွေဆိုက်ရောက်လာတာကို သူမြင်တွေ့ရသတဲ့။ နတ်ရထားတွေဆိုက်ရောက်နေတယ်လို့ သူကပြောတော့ အနားကလူတွေက ဂယောင်ချောက်ချားပြောတာပဲဆိုပြီး မယုံကြည်ဘူးပေါ့လေ။ ဒီတော့ သူက "မင်းတို့မယုံရင် ငါ့ဖိနပ်တဲ့ပုတီးပေးပါ" လို့တောင်းပြီး အဓိဋ္ဌာန်နဲ့ ပုတီးကုံးကလေးကို ပစ်လိုက်တာ နတ်ရထားမှာ တန်းလန်းကလေး ချိတ်နေတာ မြင်ကြရသတဲ့။ ရထားကိုတော့ ဘေးလူတွေ မမြင်ကြ ရဘူးပေါ့။

အဲဒါကတော့ မျက်မှောက်ကာလ မကြာမီကမှ ဖြစ်ဖူးတဲ့ သာဓကပဲလို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အခိုင်အမာ မိန့်ကြားတော်မူခဲ့ပါတယ်။ ကိုယ့်မှာ သေချာတဲ့ ကုသိုလ်ကောင်းမှုရှိမယ်ဆိုရင် ထိုက်တန်ရာ ဘုံဘဝတွေဆီ အထူးရည်မှန်းပြီး ဆုတောင်းနေစရာတောင် မလိုတော့ပါ။ အကျိုးပေးကအလိုလိုရောက်လာတာ မြေကြီး လက်ခတ်မလွဲဘူးဆိုတာ "ဘိုးကျော်အောင်ဆီ နတ်ရထား ဆိုက်ရောက်လာခြင်း" ဖြစ်ရပ်မှန်က သက်သေခံနေပြီ မဟုတ် ပါလား။

ညွှန်း

- ၁၉၉၆ ဩဂုတ်လထုတ် သာမဏေကျော်၏ မဟာစည် ဆရာတော်ဘုရားကြီး ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများ။
- ၁၉၉၅ ဒီဇင်ဘာထုတ် သာမဏေကျော်၏ မဟာစည် ဆရာတော်ကြီး ကိုယ်တိုင် ပြောပြသော သူ့အကြောင်းနှင့် သူတို့အကြောင်း။

http://www.dhammadownload.com

http://www.dhammadownload.com

## • မဟာစည်ဆရာတော်ဘုရားကြီး၏
## အံ့ဖွယ်သပိတ်ထူးနှင့် သာရဏီယကျင့်စဉ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ စပ်လျဉ်းသမျှ မွေ့ဒေသနာတွေကို ဖတ်မှတ်ကြည်ညိုရတဲ့အခါ တစ်ခါမှ မကြားဖူး၊ မနာဖူးတဲ့ ပညာဗဟုသုတ အသစ်တွေ တိုးပွားလာပါတယ်။ ကျွန်တော်တို့ လက်လှမ်းမမီတဲ့ အဋ္ဌကထာကျမ်းတွေကို မွှေနှောက်ပြီး သာသနာတော်ကြီးရဲ့ အံ့ဖွယ်ထူးခြားချက်များကို ဖော်ထုတ်ပေးခဲ့ပါတယ်။

ပရိသတ် ရာထောင်သိန်း သန်းများ စွာတို့ကို သပိတ်တစ်လုံးထဲက ဆွမ်းတွေနဲ့ လောက်ငအောင်၊ မျှတအောင်၊ ဝလင်အောင် ကျွေးမွေးနိုင်တယ်ဆိုရင် လွယ်လွယ်နဲ့ ယုံကြမယ်မထင်ဘူး။ သို့သော် ဒါဟာ တကယ့်ကေနံကေ မွေ့စစ်ဖြစ်နိုင်ကြောင်း မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖော်ထုတ်မိန့်ကြားခဲ့ပါတယ်။ သန်းရှိတဲ့ ပရိသတ်ကို သပိတ်တစ်လုံးတည်းနဲ့ ကျွေးမွေးလှူဒါန်းနိုင်တယ်ဆိုတာ ဒီလိုသပိတ် မျိုးက လွယ်လွယ်နဲ့တော့ ရနိုင်မည်မဟုတ်ပါ။ ဒီလို သပိတ်ထူးကြီးဟာ နတ်၊ သိကြားတွေက ဖန်ဆင်းဆက်ကပ်လို့လည်း မရနိုင်ပါ။

ကျင့်ရမှာ၊ ဒီလိုသပိတ်မျိုး ၁၂ နှစ်ကြာအောင် ကျင့်ပြီးမှ အစွမ်းသတ္တိပြ

http://www.dhammadownload.com



လာတာလို့ ဆိုပါတယ်။ ဘယ်လိုကျင့်ရမယ်ဆိုတာ မဟာစည်ဆရာတော်ဘုရားကြီးက အဋ္ဌကထာ ကိုးကားပြီးတော့ ဒီလိုရှင်းပြတော်မူခဲ့ပါတယ်။

"ဝေဖန်ပေးကပ်မှုဆိုတဲ့ ဒီသာရဏီယကျင့်ဝတ်ကိုကျင့်တဲ့ရဟန်းဟာ ဆွမ်းခံခြင်း စသောကျင့်ဝတ်ဖြင့် ရလာတဲ့ ဆွမ်း အစရှိသောပစ္စည်းများကို သီလဝန္တ သံဃာတော်အရှင်မြတ်တို့အားလှူပြီးမှ ကျန်တဲ့ပစ္စည်းကို သုံးဆောင်ရတယ်။

"ဆွမ်းခံလို့ရလာတဲ့ဆွမ်းကို ဂိလာနရဟန်း၊ ဂိလာနပြုစုတဲ့ရဟန်း၊ အာဂန္တုရဟန်း၊ ခရီးသွားဆဲရဟန်းများအား ပေးလှူရတယ်။ သင်္ကန်း၊ သပိတ်ကိုင်မှု၊ ရှုံမှု မကျွမ်းကျင်သေးတဲ့ ရဟန်းသစ်များအားလည်း ပေးလှူရတယ်။ အဲဒီလိုပေးလှူပြီး ကျန်သေးလို့ရှိရင် မထေရ်ကြီးမှစပြီး အစဉ်အတိုင်း အလိုရှိသလောက်ယူရန် ပေးလှူရတယ်။ ကုန်သွားရင် တစ်ဖန် ဆွမ်းခံသွားပြီးတော့ ရလာတဲ့ဆွမ်း အကောင်းအမြတ်တွေကို မထေရ်ကြီးမှစပြီး နည်းတူပင် အစဉ်အတိုင်း လှူရတယ်။ အဲဒီလိုလှူပြီးတော့ ကျန်တဲ့ဆွမ်းကိုမှ မိမိစားသုံးရတယ်။ ပါဠိတော်မှာ သီလဝန္တလို့ ဆိုတဲ့အတွက် သီလမရှိတဲ့ရဟန်းကိုတော့ မပေးလှူဘဲ ထားနိုင်ပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း ရလာသမျှကို မထေရ်ကြီးမှစပြီး အစဉ်အတိုင်း ပေးလှူပြီးတော့ အကြွင်းအကျန်ကိုသာ စားရမယ်ဆိုတော့ အလိုက်မသိတတ်တဲ့ ရဟန်းများရှိနေရာမှာ ကျင့်ဖို့ အလွန်ခက်ပါလိမ့်မယ်။ ဒါကြောင့် အဋ္ဌကထာမှာ အယံပန သာရဏီယဓမ္မော - ရဟန်း၊ သံဃာအား ပေးလှူ ပြီးမှ အကျန်ကိုသာ သုံးဆောင်ရသော ဤသာရဏီယ အကျင့်သည် သုသိက္ခိတာယမရှိသာယ - ကောင်းစွာကြား ထားပြီး၍ အလိုက်သိတတ်သော ရဟန်းပရိသတ်၌ သုပူရော ဟောတိ - ပြည့်စေရန်လွယ်ကူပေ၏။ အသိက္ခိတာယပရိသာရ - သင်ကြားမှုမရှိ၍ အလိုက်မသိတတ်သောရဟန်း ပရိသတ်၌၊ နသုပူရော - ပြည့်စုံစေရန် မလွယ်ပေဘူးလို့ပြဆိုထားပါတယ်"

http://www.dhammadownload.com



အဲဒီအကျင့်က ဘယ်လောက်ကြာမှ ပြည့်စုံသလဲဆိုတော့ ၁၂ နှစ်ကြာမှ ပြည့်စုံပါသတဲ့။ ၁၂ နှစ်ပြည့်မည့် နောက်ဆုံးရက်မှာတောင် သံဃာမထေရ်က သူ့ဆွမ်းယူပြီး ဘုဉ်းပေးလို့ ကုန်သွားတဲ့အတွက် စိတ်နှလုံးမသာဖြစ်ရင် အဲဒီ သာရဏီယကျင့်ဝတ် ပျက်သွားပါသတဲ့။ (ပျက်သွားလျှင် အစက ပြန်ကျင့်၊ နောက်ထပ် ၁၂ နှစ်ကြာအောင် တစ်ဖန်ပြန်ကျင့်ရမယ်တဲ့) အလွန်ခဲယဉ်းတဲ့ ကျင့်ဝတ်ပါပဲ။

၁၂ နှစ်ပတ်လုံး တစ်ရက်မျှ နှလုံးမသာမဖြစ်ဘဲ ပြီးစီး အောင်မြင်သွားရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ အကောင်းမြတ်ဆုံး ပစ္စည်းတွေကို ရတတ်ပါတယ်။ အငတ်ဘေးသင့်နေတဲ့ အရပ်ပေမယ့် ဆွမ်းခံသွားရင် နတ်များက ဆွမ်းလောင်းပါသတဲ့။ တောထဲမှာလည်း နတ်များက ဆွမ်းလောင်းပါသတဲ့။ သူ့သပိတ်ထဲကဆွမ်းကို ရာထောင်သိန်းများစွာတို့အား ပေးလှူသော်လည်း ကုန်သွားတယ်လို့ မရှိဘူးတဲ့။

ဝိပဿနာကျင့်စဉ်များကိုသာ ဟောတော်မူလေ့ရှိတဲ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ကျွေးမကုန်တဲ့သပိတ်ကြီးနဲ့ သာရဏီယကျင့်စဉ်ကိုလည်း ဖော်ထုတ် ပေးခဲ့ပါတယ်။ သိန်းသန်းမက များပြားလှတဲ့ ပရိသတ်ကြီးကို လှူဒါန်းပေးကမ်း ကျွေးမွေးချင်စမ်းလှလို့ တစ်ဘဝမဟုတ် တစ်ဘဝမှာတော့ ဒီအကျင့်မျိုး ကျင့်ကြည့်စမ်းချင်ပါဘိတော့တယ်။

*ညွှန်း* - ၁၉၉၆ ဩဂုတ်လထုတ် မဟာစည်ဆရာတော်ဘုရားကြီး ပုံဝတ္ထုတို့ဖြင့် ပြောပြသော အခဲအမများ(သာမဏေကျော်)

http://www.dhammadownload.com

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာအတုနှင့် ဒါနပြုခြင်း လောကီပညတ်နှင့် ဖြဟ္မာစိုရ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ဗုဒ္ဓဘာသာဝင်များရဲ့ အခြေခံဒါနစန်းကစပြီး အဆင့်မြင့် ဝိပဿနာလက္ခဏာတင်ပြီး ရှင်းလင်းအောင် စွမ်းဆောင် တော်မူခဲ့ပါတယ်။ ဥပမာ – သင်္ကန်းကပ်လှူတယ်ဆိုပါစို့။ သင်္ကန်းလည်း မမြဲ၊ ရဟန်းသံဃာလည်းမမြဲ၊ လှူတဲ့ဒကာလည်းမမြဲလို့ နှလုံးသွင်းဆင်ခြင်ပြီး လှူဒါန်းခဲ့ဖူးပါတယ်။ ဒီလိုလှူမှ ဉာဏသမ္ပယုတ် (ဉာဏ်နဲ့ယှဉ်တဲ့ကုသိုလ်)ဖြစ် တယ်လို့ မှတ်ယူသင်ယူခဲ့ကြဖူးပါတယ်၊ ဒီလို မှတ်ယူလှူဒါန်းနေပုံမျိုးနဲ့ပတ်သက်ပြီး မဟာစည်ဆရာတော်ဘုရားကြီးက ဒီလို ရှင်းလင်းတော်မူခဲ့ဖူးပါတယ်။

"အဲဒီလို နှလုံးသွင်းပုံကိုပြတာဟာ ဉာဏသမ္ပယုတ်ဖြစ်ရေးအတွက် ပြတာ မဟုတ်ပါဘူး။ ဘာဝနာမယကုသိုလ်ဖြစ်ရေးအတွက် ပြတာပါ၊ ခယံဂစ္ဆိသတိ – ကုန်ခြင်းသို့ရောက် လတ္တံ့၊ ဝယံဂစ္ဆိသတိ – ပျက်ခြင်း ပျောက်ကွယ်ခြင်းသို့ရောက် လတ္တံ့လို့နှလုံးသွင်းပုံဟာ ပေးလှူပြီးမှ နှလုံးသွင်းပုံပါ။ မလှူခင်က နှလုံးသွင်းပုံမဟုတ် ပါဘူး။ လှူဆဲမှာ နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး"

သုသဏ္ဍာန်သျှမ်စာစဉ်

http://www.dhammadownload.com



"နောက်တစ်ခု စဉ်းစားစရာကတော့ ဘုရားအလောင်းတော် အလှူပေးတဲ့ အခါမှာ ခယဝယတင်ပြီး (အပျက်ကို ဆင်ခြင်ပြီး) လှူကြောင်း ဘယ်မှာမှ ပြဆိုချက် မရှိဘူး။ မြတ်စွာဘုရား ဟောတော်မူတဲ့တရားတွေထဲမှာလည်း အလှူဒါန ပြတဲ့အခါ ခယဝယတင်ပြီး အလှူခံပုဂ္ဂိုလ်ရဲ့ဂုဏ်တွေ မြင့် မြတ်ရင် မြင့်မြတ်သလောက် အကျိုး ကြီးကြောင်း ဟောပြောချက်သာရှိပါတယ်။ ဒီတော့ အလှူခံပုဂ္ဂိုလ်၏ဂုဏ်ကိုသာ အာရုံပြုပြီး စိစစ်ရွေးချယ်ဖို့ရှိပါတယ်။ အလှူခံပုဂ္ဂိုလ်လည်း ရုပ်နာမ်တရားမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှဟု တကယ် ထင်မြင်ပါလျှင် ဂုဏ်ရှိအလှူခံပုဂ္ဂိုလ်နှင့် ဂုဏ်မဲ့အလှူခံပုဂ္ဂိုလ်တန်းတူဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ကြည်ညိုဖွယ်မရှိတဲ့ အတွက် ဒါနကုသိုလ်လည်း ထက်သန်ဖွယ်မရှိ၊ အကျိုးပေးလည်း ထက်သန်ဖွယ် မရှိဖြစ်ပါလိမ့်မယ်"

"ဒီနေရာမှာ ခယဝယတင်ပြီး (အပျက်ကိုဆင်ခြင်ပြီး) လှူရင် ဝိပဿနာဖြစ်လို့ မဂ်ဖိုလ်နဲ့ပိုပြီးနီးစပ်တယ်မဟုတ်လားလို့ စောဒကတက်ဖွယ်ရှိပါတယ်။ ဝိပဿနာ အစစ်ဖြစ် ရင် မဂ်ဖိုလ်နဲ့ ပိုပြီးနီးစပ်တာမှန်ပါတယ်။ အဲဒီလိုဆိုရင် ပစ္စည်း အကုန်ခံပြီး ပေးလှူနေဖို့ မလိုပါဘူး။ မလှူဘဲနဲ့ ဝိပဿနာချည်းသက်သက် လှူနေရင် အဲဒီ ခယဝယတင်တဲ့ဝိပဿနာအတုထက် ပိုပြီးမဂ်ဖိုလ်နဲ့ နီးစပ်ပါတယ်။ အမှန်ကတော့ ပေးလှူတယ်ဆိုတာ ဝိပဿနာရှုဖို့ ရည်ရွယ်ရင်းမဟုတ်ပါဘူး။ ဒါနကုသိုလ်၏ အကျိုးကို ရည်ရွယ်ပြီး ပေးလှူတာဖြစ်ပါ တယ်"

"ဒါကြောင့် မြတ်စွာဘုရားက အလှူဒါနပြရာမှာ အကျိုး ကြီးမြတ်စေနိုင်တဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလည်း သံဃေ ဒိန္နံ မဟပ္ဖလံ - သံဃာအားလှူလျှင် အကျိုး ကြီးသည် စသည်ဖြင့် ညွှန်ကြားထားပါတယ်။ နလုံးသွင်းပုံမှာလည်း သဒ္ဒါယ ဒါန် ဒေတိ - ကံ,ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူသည် စသည်ဖြင့် ညွှန်ကြားထား ပါတယ်။ ရုပ်.နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုရှုပြီးလှူရန် ဟောကြားထားတာတော့

http://www.dhammadownload.com



မရှိပါဘူး။

ဝိသာခါဝတ္ထုမှာ အထူးသတိပြုစရာကတော့ အလှူခံရဟန်းတော်တို့ကို ခယဝယတင်ပြီးမလှူဘူး။ ဂုဏ်ထူးဝိသေသရှိတဲ့ သောတာပန်၊ သကဒါဂါမ်၊ ရဟန္တာပုဂ္ဂိုလ်အနေနဲ့သာ နှလုံးသွင်းအာရုံပြုပါတယ်။ အဲဒီလို နှလုံးသွင်းဖို့ ပါမောဇ္ဇ ပီတိ စသည်ဖြစ်ပြီး ကုသိုလ်၊ ဗိုလ်၊ ဇောချွင် တိုးပွားစေခြင်းဖြစ်တယ်ဆိုတာကို အထူး သတိပြုသင့်ပါတယ်။

ဒါကြောင့် ဒါနအရာမှာ ဘုရားကို လှူဒါန်းပူဇော်လျှင် မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်တွေကိုတတ်သိသမျှ နှလုံးသွင်းတာဟာ အကောင်းဆုံးပါပဲ။ သံဃာတော်ကိုလှူဒါန်းလျှင် သံဃာတော်၏ သုပ္ပဋိပန္န အစရှိသောဂုဏ်တော်တွေ ကို နှလုံးသွင်းပြီး အဲဒီပုဂ္ဂိုလ်၏ သီလအစရှိသောဂုဏ်ကို အာရုံပြုပြီး လှူတာဟာ အကောင်းဆုံးပဲဆိုတာ မှတ်ထားကြရမယ်"

(မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်တရားတော်မှ)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ "သာရသုတ္တန်" တရား ကို ဟောစဉ်အခါမှာလည်း ဒါနနဲ့ ဝိပဿနာ မရောထွေးအောင် သတိပေးတော် မူခဲ့ပြန်ပါတယ်။

"တချို့က ဝိပဿနာအတုအပရှုပြီးလှူလျှင် ပိုကောင်းတယ်လို့ ထင်မှတ်ပြီး တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရုပ်နာမ် ခန္ဓာမျှဖြစ်သော အကျွန်ုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အန တ္တ ရုပ်နာမ်မျှဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တရုပ်တရား မျှဖြစ်သော လှူဖွယ်တို့ကို လှူပါကုန်၏ဆိုတဲ့ ဝေါဟာရမျိုးဖြင့် ရေစက်ချလှူတာကို ကြားရဖူးတယ်။ အဲဒါ ဟာ ဘဂဝါမြတ်စွာဘုရားသည် ဒက္ခိဏာဝိဘင်္ဂ ဒီပနတ္တံ - အလှူ၏စင်ကြယ်ခြင်းအကျိုးကြီးခြင်းကို ပြခြင်းအကျိုးငှာ၊ ပုဂ္ဂလကထံ - ပုဂ္ဂိုလ်အနေဖြင့် ပြောဆိုသောစကားကို၊ ဂထေတိ - ဟောတော်မူတယ်ဆိုတဲ့

http://www.dhammadownload.com



အဌကထာစကားနဲ့ မညီဘူး။ သေသေချာချာ စဉ်းစားကြည့်ရင်လည်း သဘာဝ မကျဘူး။ ဘယ်လိုလဲဆိုရင် ပေးလှူခြင်း၏အကျိုးကို အလိုရှိလို့ပဲမဟုတ်လား။ ဝိပဿနာရှုဖို့ လှူတာတော့ မဟုတ်ပေဘူး"

"ဒီနေရာမှာ တချို့က ဒီလိုချေပကြတယ်။ ဒါနထက် ဝိပဿနာကသာပြီး မြတ်တဲ့အတွက် အကျိုးကြီးပါတယ်လို့ ချေပကြပါတယ်။ အဲဒီလိုဆိုရင် မလှူဘဲနဲ့ သက်သက်ဝိပဿနာရှုနေရင်ကော အကျိုးမကြီးပေဘူးလား။ ပေးလှူဖို့ ကြောင့် ကြစိုက်နေရတဲ့အတွက် ဝိပဿနာရှုဖို့ အချိန်တွေလျော့သွားတယ်လို့ မဆိုသင့် ပေဘူးလားလို့ ဒီလိုပဲ စဉ်းစား ကြည့်သင့်ပါတယ်။ အမှန်ကတော့ ဒါနပြုတာဟာ ဝိပဿနာရှုဖို့ မဟုတ်ပါဘူး။ ဒါန၏အကျိုးကို အလိုရှိတဲ့အတွက် အဲဒီဒါနကုသိုလ် ထက်သန်အောင် နှလုံးသွင်းဆင်ခြင်ဖို့သာ လိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အလှူဒါန၏ စင်ကြယ်ပုံ အကျိုးကြီးပုံ ပြတဲ့အခါ ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူ ခဲ့တယ်။ (သာရသုတ္တန်)

## မေတ္တာပို့ရာမှာ လောကီပညတ်ကို မပယ်ရ

ဒါန၊ သီလ အခြေခံကစပြီး ဘာဝနာခန်းသို့ရောက်တဲ့ အခါ ဝိပဿနာအား ထုတ်ရမြဲ ဖြစ်ပါတယ်။ သို့သော် ဝိပဿနာဉာဏ်စဉ် ရင့်သန်ခြင်းမရှိဘဲ ကြားဖူး ရုံမျှဖြင့် လောကီပညတ်တွေပယ်ပြီး လောကုတ္တရာပရမတ် သဘောတွေချည်း ပြောဆိုနေလေ့ရှိတာကို မဟာစည်ဆရာတော်ဘုရားကြီးက လက်မခံပါဘူး။ မေတ္တာပို့တဲ့ ဥပမာနဲ့ မဟာစည် ဆရာတော်ဘုရားကြီးက ရှင်းပြပါတယ်။

"ခန္ဓာတွေက ခန္ဓာတွေကို ချမ်းသာကြပါစေလို့ မေတ္တာ ပို့ကြတယ်။ ဆင်းရဲမှ လွတ်ကြပါစေလို့ ကရုဏာပွားကြတယ် စသည်ဖြင့်ပြောလျှင် နားမလည်နိုင်ဘူး။ ရဟန်းပုဂ္ဂိုလ်၊ ဥပါသကာ၊ ဥပါသိကာမက သတ္တဝါတွေ ချမ်းသာကြပါစေလို့မေတ္တာ ပို့တယ်။ ဆင်းရဲမှလွတ်ကြပါစေလို့ ကရုဏာပွားတယ် စသည်ဖြင့်ပြောမှ နားလည်

http://www.dhammadownload.com



နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ဗြဟ္မဝိဟာရခေါ်တဲ့ တရားပွားပုံကို ပြလိုတဲ့ အခါမှာ ဗြဟ္မာစိုရ်တရားပွားတဲ့ ကမ္မဋ္ဌာန်းပုဂ္ဂိုလ်ကိုရော ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူပါတယ်။ ဒီနေရာမှာ ဒေသနာနည်းကို မသိနားမလည်တဲ့ သူအချို့က ပရမတ်နဲ့က ပိုကောင်းတယ်ထင်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေ ချမ်းသာကြပါစေလို့ ဒီလို မေတ္တာပို့ နေတာလည်း ကြားရဖူးတယ်။

အဲဒီလိုတော့ မေတ္တာမပို့ရဘူး။ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ သာ ပို့ရပါတယ်။

ဒါကြောင့် သဗ္ဗေသတ္တာ စသည်ဖြင့် သာမညအနေနဲ့ရော သဗ္ဗကာယတ္ထိယော စသည်ဖြင့် ဝိသေသအနေနဲ့ရော မေတ္တာပို့ပုံကို ပညတ်ဖြင့်သာ ဟောထားပါတယ်။ နောက်ပြီးတော့ မေတ္တာအစရှိသော ဒီဗြဟ္မာစိုရ်ကမ္မဋ္ဌာန်းက သတ္တဝါ ပညတ်ကိုသာ အာရုံပြုပါတယ်။ ရုပ်နာမ်ခန္ဓာ ပရမတ်ကို အာရုံပြုရိုး မရှိပါဘူး။ ရုပ်နာမ်ခန္ဓာ ပရမတ် သဘောတရားမျှ အနေနဲ့ ထင်နေလျှင် မြေကြီး၊ ကျောက်ခဲများကိုပဲ ထင်နေမှာပေါ့။ မြေကြီး၊ ကျောက်ခဲတွေနဲ့စပ်ပြီး ချမ်းသာပါစေလို့ မေတ္တာပွားသင့်ပါမည်လား။ ကရုဏာဖြင့် သနားသင့်ပါမည်လား။ မုဒိတာဖြင့် ဝမ်းမြောက်သင့်ပါမည်လား။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ မပွားသင့်ကြောင်း ထင်ရှားပါတယ်။ ဘာကြောင့်လဲ၊ အသက်ဝိညာဉ်မရှိတဲ့ ဓာတ်သဘောမျှဖြစ်နေလို့ပါပဲ။ အဲဒီ မြေကြီး၊ ကျောက်ခဲ တွေမှာလိုပင် ပရမတ်သဘော တရားတွေမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားဖို့ အခွင့်မရှိကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် မေတ္တာအစရှိတဲ့ ဗြဟ္မာ စိုရ်တရား ကိုပွားရင် ပုဂ္ဂိုလ်သတ္တဝါအနေနဲ့သာ ပွားသင့်တယ်ဆိုတာ တစ်ထစ်ချမှတ် ထားကြရမယ်။ (မဟာစည်ဆရာတော် - ဗြဟ္မဝိဟာရတရားတော်)

တရားမှာ သူ့နေရာ သူ့အဆင့်နဲ့သူ ရှိပါတယ်။ ဝိပဿနာ ဘယ်လောက်ပဲ အားထုတ်ပါစေ လောကီပညတ်မပယ်အပ်တာတွေ အများကြီးရှိပါတယ်။ ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ယောဂီတွေကို ကိုယ့်အဆင့်

http://www.dhammadownload.com



ကိုယ့်နေရာကို အမှန်အတိုင်းသိမြင်အောင် တည့်မတ်ညွှန်ပြ ပေးခြင်း ဖြစ်ပါတယ်။

ညွှန်း - ၁၉၉၅ ဒီဇင်ဘာထုတ် သာမဏေကျော်၏
မဟာစည် ဆရာတော်ဘုရားကြီး၏ ထူးခြားသောအတွေးအမြင်များ

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏ ဘဝအကျိုးပေးနှင့် ဝိပဿနာအမြင်
## မဟာစည် ရာပြည့်(၁၉၀၄-၂၀၀၄)

မွေပူဇာ

ဝိပဿနာတရား အားထုတ်ခြင်းနှင့်ပတ်သက်လာရင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ကျေးဇူးနဲ့ကင်းတဲ့သူ အတော်ရှားပါလိမ့်မယ်။ မဟာစည်ရိပ်သာ မဝင်ဖူးတောင်မှ မဟာစည်ဆရာတော်ဘုရားကြီးပြုစုခဲ့တဲ့ ဝိပဿနာတရား အားထုတ်ခြင်းဆိုင်ရာ ကျမ်းစာအုပ်တွေကို လေ့လာသင်ယူခဲ့ကြတဲ့ယောဂီတွေ အများကြီးပါ။ မဟာစည်ဆရာတော်ဘုရားကြီးဟာ ကျမ်းစာအုပ်ပေါင်း ၈၉ အုပ် ပြုစုတော်မူခဲ့ပြီး အင်္ဂလိပ်ဘာသာနဲ့ ပြန်ဆိုခဲ့တာ ၂၉ အုပ်ရှိပါတယ်။ ဒီနေ့ မဟာစည်ဆရာတော်ဘုရားကြီး ၁၉၀၄-၂၀၀၄ ရဲ့ ရာပြည့်ချိန်ခါနဲ့တိုက်ဆိုင်ပြီး ကျွန်တော်လည်း ဆရာတော်ဘုရားကြီးရဲ့စာပေကျေးဇူး၊ မွေကျေးဇူးတွေကို အထူးပင် နှလုံးသွင်းပူဇော်နေမိပါတယ်။ ဆရာတော်ဘုရားကြီး ရေးသားပေးသနားခဲ့တဲ့ ကျမ်းစာအုပ်ပေါင်း ၂၀ ကျော်လောက် ဖတ်မှတ်ခဲ့ပြီး အများသိစေချင်တာတွေကို ကောက်နုတ်ကိုးကား ရေးသားပူဇော် ဖြစ်ခဲ့ပါတယ်။

သုသဏ္ဍာသျှမ်စာစဉ်

http://www.dhammadownload.com



ဝိပဿနာအားထုတ်ခြင်းနဲ့ပတ်သက်ပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အကျဉ်း၊ အကျယ်၊ အခြေခံသိစရာ၊ ကျင့်စရာ မကြွင်း မကျန်ရအောင် လမ်းညွှန်တော်မူခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့် အနေနဲ့ ဆရာတော်ဘုရားကြီးရဲ့ဝိပဿနာရှုနည်းရယ်လို့သီးသီးသန့်သန့် မရေး ဖြစ်တော့ ပါ။ ကျွန်တော်ရေးချင်နေတာတွေက ဆရာတော်ဘုရားကြီးရဲ့ထူးခြားတဲ့ ရှုမြင်သုံး သပ်ချက်များ ဖြစ်ပါတယ်။

## နိုင်ငံခြားတွင် လူဖြစ်လျှင်

ကုသိုလ်အကျိုးပေးပုံနဲ့စပ်ပြီး ဘုန်းကြီးက စိုးရိမ်တာတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုရင် ယခုနေအခါမှာ ဟိုဥရောပ၊ အမေရိက အစရှိတဲ့ အခြားနိုင်ငံတွေက တိုးတက်ထွန်းကားနေတယ်။ မြန်မာနိုင်ငံက ကောင်းမှုရှင်တွေဟာ အခြားနိုင်ငံတွေ စိတ်ညွတ်ပြီး အဲဒီနိုင်ငံတွေမှာ လူဖြစ်ကုန်မှာ ဘုန်းကြီးက စိုးရိမ်မိတယ်။ အဲဒီလို ဖြစ်နေတယ်လို့လည်း ဘုန်းကြီးက ယူဆထားတယ်။

တချို့က မေးကြတယ်။

"ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှုတွေကိုပြုနေပါလျက်နဲ့ ဗုဒ္ဓ ဘာသာဟာဘာကြောင့် မကြီးပွား၊ မတိုးတက်ရသလဲ" လို့မေးကြတယ်။ သူတို့က မြန်မာနိုင်ငံကသေရင် မြန်မာနိုင်ငံမှာပဲဖြစ်တယ်လို့ဒီလိုထင်နေကြပုံရတယ်။ အမှန် ကတော့ အဲဒီလိုမဟုတ်ဘူး။ ကုသိုလ်ကံနဲ့ ပြည့်စုံနေတဲ့သူဟာ သူ့အလိုရှိရင် ဘယ် မှာမဆိုဖြစ်နိုင်တာချည်းပဲ။ မြန်မာနိုင်ငံက ကုသိုလ်ကံရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ တိုးတက်ကြီးပွားနေတဲ့ ဟိုနိုင်ငံတွေမှာ ဖြစ်ချင်ရင် အဲဒီလို နိုင်ငံတွေမှာသွားပြီး ဖြစ် နိုင်ပါတယ်။ ဒါကြောင့် ယခုနေအခါမှာ အခြားနိုင်ငံတွေက ကြီးကျယ်ခမ်းနားနေတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ဒီမြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင် ကောင်းမှုရှင်တွေ ဖြစ်နိုင်တာ ပါပဲ။ ယခုအခါ မြန်မာနိုင်ငံမှာ သန့်ရှင်းစင်ကြယ်တဲ့ ကောင်းမှုအကြီးအကျယ်တွေကို

http://www.dhammadownload.com



ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေ အလွန်များပါတယ်။ အဲဒီပုဂ္ဂိုလ်တွေမှာ သူတို့ပြုထားတဲ့ ကုသိုလ်အားလျော်စွာ အကြီးအကျယ် အကျိုးပေးခွင့်ရအောင် သူတို့ရဲ့မိဘဖြစ်မည့် သူတွေဟာလည်း အင်မတန်ပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရလိမ့်မယ်။ မြန်မာ နိုင်ငံမှာတော့ ဒီလိုပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ်က တယ်များများမရှိဘူး။ အခြားနိုင်ငံ တွေမှာမှ ဒီလို ပုဂ္ဂိုလ်တွေကများတယ်။ ဒီတော့ မြန်မာနိုင်ငံက မိဘလောင်းတွေ မလုံလောက်တာကြောင့်လည်းပဲ မြန်မာနိုင်ငံက ကောင်းမှုရှင်တွေဟာ (သေပြီး နောက် အကျိုးပေးခံစားရာမှာ) တခြားနိုင်ငံ ရောက်သွားဖို့ရာ အကြောင်းရှိနေပါ တယ်။

အဲဒီလို တစ်နည်းနည်းနဲ့ နိုင်ငံခြားဘာသာခြားတွေထဲမှာ သွားဖြစ်တယ် ဆိုရင် ယခုဘဝက ဗုဒ္ဓဘာသာဝင်သူတော်စင်ကြီး ဖြစ်နေပေမယ့်လို့၊ ဘုရား ဒါယကာ၊ ကျောင်းဒါယကာကြီး ဖြစ်နေပေမယ့်လို့ အဲဒီဘာသာခြားတွေထဲ သွားဖြစ်တဲ့သူက ပုထုဇဉ်ဘဝနဲ့ဆိုရင် အဲဒီက မိဘအသစ်တွေရဲ့ ဘာသာ အသစ်ကို လက်ခံယုံကြည် သွားမှာပဲ။ လက်မခံဘဲ ဖြစ်နိုင်ပါ့မလား အဲဒါဟာ အလွန်ပဲ အရေးကြီးပါတယ်။ (ဝိပဿနာအခြေခံတရားတော်မှ)

## ဘဝပြဿနာမှ လူဆင်းရဲများ

၁၉၇၇ ခုနှစ် ဒီဇင်ဘာလထုတ် "ဘဝပြဿနာ" ဆိုတဲ့ စာအုပ်ငယ်မှာလည်း

"အကြမ်းအားဖြင့်ပြရလျှင် ပစ္စည်းမဲ့ လူဆင်းရဲများမှာ သားသမီးပေါများ၏။ အများအားဖြင့် ပစ္စည်းရှိသူ လူချမ်းသာများမှာ သားသမီးနည်း၏။ ထိုသို့ဖြစ် ခြင်းမှာ မိဘများ၏ ဗီဇမျိုးစေ့ရုပ်ကြောင့်ချည်းမဟုတ်တန်ရာ။ လူချမ်းသာဖြစ် ရန် ကုသိုလ်ကံရှိသူတို့ နည်းပါးသောကြောင့်လည်း ဖြစ်သည်ဟု ဗုဒ္ဓဘာသာ တရားတော်အရ ယူဆအပ်၏" လို့ မဟာစည်ဆရာတော်ဘုရားကြီးက ဖြေရှင်း ဖော်ထုတ်ခဲ့ဖူးပါတယ်။

http://www.dhammadownload.com



## ဘဝအကျိုးပေးနှင့် ဝိပဿနာ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်းပြုစုတဲ့ "၃၃ နှစ် မဟာစည်သာသနာပြုခရီး" စာအုပ်ကြီးမှာလည်း ဘဝအကျိုးပေးနှင့် ဝိပဿနာ ဆက်စပ်မိအောင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူခဲ့ပါတယ်။ ဦးပွင့်ကောင်းရဲ့ မွေးမိတ်ဆွေတစ်ဦးကို ဆရာတော်ကြီးက ဒီလို ဩဝါဒပေးတော်မူခဲ့ပါတယ်။

"ဒကာကြီး...ခုလုပ်နေတဲ့ ကုသိုလ်ကောင်းမှုတွေဟာ သိပ်ကောင်းပါတယ်။ မြန်မာနိုင်ငံမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတွေဟာဖြင့် ဒကာကြီးတို့လို အဆက်မပြတ် ကုသိုလ်ကောင်းမှုတွေ ပြုနေတာကြောင့် နောက်ဘဝအကျိုး ပေးတဲ့အခါကျတော့ မြန်မာနိုင်ငံတွင် အကျိုးပေးလို့မဆံ့နိုင်အောင် ကြီးကျယ်တဲ့အတွက် အခြားတိုးတက်တဲ့ နိုင်ငံကြီးတွေမှာသွားပြီး သူဌေးကြီးတွေ၊ စက်မှုလုပ်ငန်းရှင်ကြီးတွေ၊ အာဏာတန်ခိုး အင်မတန်ပြည့်ဖြိုးတဲ့ အစိုးရအဖွဲ့ဝန်ကြီးတွေတောင် ဖြစ်နိုင်ကြတဲ့သဘောရှိပါတယ်။

အဲဒီမှာ လူသွားဖြစ်ပြီးတော့ ယခု ကောင်းမှုတွေကြောင့် အင်မတန်ချမ်း သာကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်တော့ သူတို့ဆီမှာရှိတဲ့ အလေ့အကျင့် အတိုင်း ကာမဂုဏ်တွေ ခံစား၊ စံစားရမှာတော့ မလွဲပါဘူး။

အဲဒီ ကာမဂုဏ်တွေ ခံစား၊ စံစားရတဲ့ အခြေအနေပေါ်တည်ပြီး အကု သိုလ်တွေက ဟိုဘဝမှာ ဆက်တိုက်ဖြစ်ကြမှာမို့ အဲဒီ အကုသိုလ်တွေကြောင့်ပဲ နောင်ဘဝတွေ ရောက်ပြန်တော့လည်း အဲဒီ အကုသိုလ်အကျိုးဆက်ကြောင့် အပါယ်လေးပါး မှချလားရတော့မယ်ဆိုတာတော့ ယုံကြည်သင့်တယ်။

ယခုဘဝမှာ ယခု ဒါန၊ သီလ၊ ကုသိုလ်ကောင်းမှုချည်းမဟုတ်ဘဲ ဝိပဿနာ တရားကို ဆရာသမားကောင်းနဲ့ စနစ်တကျအားထုတ်လို့ အဆင့်တော်တော်မြင့်

http://www.dhammadownload.com



တဲ့ သင်္ခါရုပေက္ခာဉာဏ်(သို့မဟုတ်) အနည်းဆုံး ဥဒယဗ္ဗဉာဏ် အဆုံးလောက် ထိအောင် ကျေကျေလည်လည် အားထုတ်ထားနိုင်မယ်ဆိုရင် ဝိပဿနာပညာ ဦးစီးတဲ့ဉာဏ်ကြောင့် နောက်ဘဝမှာ ဘယ်အခြေပဲရှိရှိ မှေးမှေးလျှော့လျှော့ မဖြစ်ဘဲ ပြန်လည်သတိရပြီး မှတ်တဲ့အကြံဉာဏ်တို့ စိတ်ကူးစဉ်းစားဉာဏ်မျိုး ဖြစ်ပေါ်တတ် ပါတယ်။

ဒီအခါမှာ မှန်ကန်တဲ့ အသိတရားလည်း ရလာတဲ့အတွက် အကုသိုလ် ကာမ ဂုဏ်အာရုံတွေကို မလိုက်စားချင်ဘဲ သတိရလာတဲ့စိတ် ဖြစ်ပေါ်လာတဲ့ အတွက် နည်းမှန်လမ်းမှန်တဲ့ အကျင့်တွေကို ရှာဖွေတတ်တဲ့သဘော ဖြစ်ပေါ် လာတတ် ပါတယ်။ အဲဒီလို ဝိပဿနာကုသိုလ်ကြောင့် တချို့နိုင်ငံခြားသားတွေဟာ သတိပြုမိ တဲ့အတွက် ရိပ်သာကြီးလိုနေရာတွေမှာ ယခုလို ဝိပဿနာတရား အားထုတ်မယ် ဆိုရင် ဝိပဿနာဉာဏ်ကြောင့်ရရှိတဲ့ ပညာဉာဏ်ဟာ ဘဝဆက်တိုင်း မပျောက် ပျက်ဘဲ တဖြည်းဖြည်း တိုးတက်သွားနိုင်ပါတယ်"

## နိုင်ငံခြားမှ စိတ်ချရ

ဝိပဿနာအားထုတ်ရာမှာလည်း အနိမ့်ဆုံး ဥဒယဗ္ဗယဉာဏ်မှသည် သင်္ခါ ရုပေက္ခာဉာဏ်စဉ် တက်နိုင်သည်အထိ အားထုတ်ထားဖို့လိုအပ်ကြောင်း မဟာ စည်ဆရာတော်ဘုရားကြီးက မိန့်မှာတော်မူခဲ့ပါတယ်။ သင်္ခါရုပေက္ခာဉာဏ်ရှင် ဟာ အရိယာအရှင်မြတ်ကြီးရဲ့ ဉာဏ်အမြင်နဲ့ တစ်စိတ်တစ်ဒေသအားဖြင့် သွား တူနေတယ်လို့ဆိုပါတယ်။ ဒီဉာဏ်စဉ်မှ မရရင် ဘဝအမြင်၊ လောကအမြင် မကြည်လင်မှုန်ဝါး သွားရောက်ရမည့် ဘဝဂတိ ဘဝအလားဟာလည်း မရေရာ ဘူး။ စိတ်မချရသေးဘူးလို့ ဆိုလိုပါတယ်။

"ယခုကာလမှာ နိုင်ငံခြားသွားနေပြီး ပြန်လာတဲ့အခါ အချို့မှာ အယူအဆတွေ တစ်မျိုးဖြစ်လာတယ်။ တချို့ကတော့ နိုင်ငံခြားသာသနာပြုအနေနဲ့ သွားတယ်။

http://www.dhammadownload.com



ပြန်လာတဲ့အခါ အယူအဆတွေဟာ ရှေးကလို မဟုတ်တော့ဘဲ ဖောက်ပြန်လာတယ်။ အဲဒါဟာ အရိယမဂ်ဖြင့် နိုင်မြဲတဲ့အသိအမြင်နှင့် မပြည့်စုံသေးလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသိအမြင်တွေဟာ ဘယ်လိုပဲကောင်းနေတယ်ဆိုပေမယ့်လို့ စိတ်မချရသေးဘူး။ ယခုဘဝမှာ မပျက်တောင် နောင်ဘဝတွေကျတော့ ပျက်သွားနိုင်တယ်။ ယခုနေအခါမှာ မြန်မာပြည်က ကုသိုလ်ကောင်းမှုတွေနဲ့ ပြည့်စုံတဲ့သူတွေဟာ တိုးတက်နေတဲ့ အခြားနိုင်ငံတွေမှာ သွားဖြစ်နိုင် တယ်။ အဲဒီလိုဖြစ်ရင် အဲဒီဖြစ်ရာဘဝက မိဘဆွေမျိုးတွေ၏ အယူအဆ အတိုင်းဖြစ်သွားဖို့ သေချာပါတယ်။ အဲဒါဟာ အရိယာနှင့် ဉာဏ်ဖြင့် မတူတဲ့အတွက် စိတ်မချရတာ၊ မနိုင်မြဲတာပါပဲ။

ဒါကြောင့် အရိယာနှင့် ဉာဏ်ဖြင့်မတူအောင်လို့ အရိယာမဂ်ဉာဏ်အမြင်ကိုရအောင် ကျင့်သုံးအားထုတ်ဖို့ဟာ အလွန်ပင် အရေးတကြီးလိုအပ်ပါတယ်။ ခုနက ပြောခဲ့တဲ့အတိုင်း ဖြစ်ဓိုက်ရုပ်နာမ်ကို ရှုမှတ်လို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိပြီး အရိယာမဂ်ဉာဏ်ဖြင့် သဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိပြီး အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားရင်တော့ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တအသိဟာ တစ်ခါတည်း နိုင်မြဲသွားတယ်။ မရှုမှတ်ဘဲ၊ မဆင်ခြင်ဘဲနေတဲ့အခါ သူများလိုပင် မထူးခြားဘူးထင်ရသော်လည်း ရှုမှတ် လိုက်၊ ဆင်ခြင်လိုက်ရင် ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောမျှ အနိစ္စ၊ အနတ္တ သဘောမျှပဲဆိုတာ ဉာဏ်ထဲ ရှင်းနေတယ်။ အဲဒါဟာ မျက်မှောက်မှာရော၊ မျက်ကွယ်မှာရော အရိယာနှင့် အသိအမြင်ဉာဏ်ပညာချင်းတူနေပုံပါပဲ။

(မဟာစည်ဆရာတော်ဘုရားကြီး ပုဝဏ္ဏတို့ဖြင့် ပြောပြသော အဆုံးအမများမှ)

ယခုဘဝ နိုင်ငံခြားသား၊ တစ်ခါက ဗုဒ္ဓဘာသာဝင်များ

အခုအနေမှာဆိုရင် အနောက်နိုင်ငံသားတွေဟာ တရားတွေကို လိုက်ပြီး

http://www.dhammadownload.com



ရှာကြံနေကြပါတယ်။ သူတို့ မိရိုးဖလာ ဘာသာဝါဒလောက်နဲ့ အားရကျေနပ်မှုမရှိဘဲ ဖြစ်လာကြတယ်။ ဘာသာရေးအမှန်တရားရောက်အောင်ဆိုပြီး လိုက်ရှာသူတွေလည်းရှိပါတယ်။ သူတို့ဟာ ဘာသာရေးစာပေတွေကို ကြည့်ရှုလေ့လာကြတယ်။ ပြီးတော့ ဗုဒ္ဓတရားတော်တွေကိုတကယ်ဟုတ်လောက်တယ် ဆိုပြီး တကယ်ရှုမှတ်အားထုတ်ကြတာတွေလည်း ရှိတယ်။ တချို့ကလည်း စမ်းသပ်ကြည့်တဲ့အနေနဲ့ အားထုတ်ကြတာလည်း ရှိကောင်း ရှိကြပါလိမ့်မယ်။ ဒီလိုနဲ့ တရားတော်ရဲ့ ထူးခြားချက်တွေကို သဘောကျလောက်အောင် တွေ့သွားကြတာဖြစ်လို့စမ်းသပ်ရာကနေ တကယ်ယုံကြည်သွားတာတွေလည်း ရှိပါ တယ်။ အဲဒီကနေ တရားတော်ကို ဆက်လက်အားထုတ်နေကြတာတွေဆိုတာလည်း မနည်းလှပါဘူး။ ဘုန်းကြီးတို့ သာသနာ့ရိပ်သာမှာဆိုရင် တရားအားထုတ်ဖို့ မကြာမကြာ ရောက်လာကြပါတယ်။

အဲဒီပုဂ္ဂိုလ်တွေဟာ သာမန်ပုဂ္ဂိုလ်တွေတော့ ဟုတ်ပုံမရပါဘူး။ သူတို့ဟာ ရှေးဘဝတွေတုန်းက ဗုဒ္ဓတရားတော်တွေကို တော်တော်လေးလေးနက်နက် စိတ်ပါဝင်စားလာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေလို့ ယူဆရပါတယ်။ အခု ဒီမှာ လာအားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ တချို့ဆိုရင် တော်တော် တရားကောင်းသွားကြတာပဲ။ သူတို့ယူလာတဲ့ မိရိုးဖလာ အယူဝါဒတွေကိုစွန့်ပြီးတော့ ရဟန်းအဖြစ်ထိ တက်ရောက်ကြပါတယ်။ အခြားသောအယူဝါဒရှိကြသူတွေထဲ ရောက်သွားကြပေမယ်လို့ ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်လာကြတာဟာ သာမန်ပုဂ္ဂိုလ် တွေ မဟုတ်နိုင်ပါဘူး။

ဒါကြောင့် ယခုဘဝမှာ တရားထူးမရနိုင်ရင်အောင် ဒီလိုဗုဒ္ဓသာသနာနဲ့ စပ်တဲ့ ဝါသနာလေးပါသွားတယ်ဆိုရင်တောင် တော်သေးတာပေါ့။ ဒီလို ဝါသနာလေး ပါသွားရင် မိစ္ဆာအယူတွေကို သဘာဝမကျမှန်းသိပြီး မိရိုးဖလာပေမယ်လို့ စွဲစွဲ

http://www.dhammadownload.com



လမ်းလမ်း ယုံကြည်သက်ဝင်မယ် မဟုတ်တော့ဘူး။ (မဟာစည်ဆရာတော်ဘုရားကြီး၏ သူ့အကြောင်းနှင့် သူတို့အကြောင်းမှ)

ကုသိုလ်ပြုရင် သံသရာရှည်သလား

တချို့က "ဒါန အစရှိသော ကုသိုလ်တွေပြုရင် သံသရာရှည်တယ်။ ကုသိုလ်ဟာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရပဲ။ ဒါကြောင့် သင်္ခါရပစ္စယာဝိညာဏံ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ကုသိုလ်သင်္ခါရက ဘဝသစ်ဝိညာဏ် အကျိုးကို ဖြစ်စေတယ်။ ဒါကြောင့် ကုသိုလ်ကိုလည်း ပယ်ရမယ်" စသည်ဖြင့် ဘုရားအလိုတော်နဲ့ဆန့်ကျင်တဲ့ အလွဲအမှားတွေကို ဟောပြောနေကြတယ်။

အမှန်ကတော့ ကုသိုလ်ကိုပယ်ရင် အကုသိုလ်တွေချည်း ဖြစ်နေတော့မှာပဲ။ အဲဒါကမှ သံသရာရှည်ရုံမျှမကဘဲ အပါယ်လေးပါးမှာချည်း ဖြစ်သွားဖို့အကြောင်းပဲ။ သံသရာရှည်စေတာက အဝိဇ္ဇာ + တဏှာ အစရှိတဲ့ ကိလေသာတွေကြောင့်ပဲ။ ကုသိုလ်က အဲဒီ ကိလေသာတွေကို ပယ်နိုင်တယ်။ အဲဒီလို ပယ်နိုင်အောင် ကုသိုလ်တရားတွေ ဖြစ်ပွားစေရတာပဲ။ သာမန်ကုသိုလ်ကလည်း သုဂတိဘဝကို ရောက်စေပြီးတော့ အဲဒီ သုဂတိမှာ သူတော်ကောင်း တရားကြားနာခြင်း၊ တရားကျင့်ခြင်းဖြင့် အရိယာအဖြစ်သို့ ရောက်စေလျက် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲများမှ လွတ်မြောက်စေနိုင်ပါတယ်။

အဲဒါဟာ ဖားနတ်သားဝတ္ထုဖြင့် ထင်ရှားပါတယ်။

အဲဒီနတ်သားဟာ ဖားဘဝတုန်းက မြတ်စွာဘုရားဟောတဲ့တရားကို အနက်အဓိပ္ပာယ်နားမလည်ဘဲ ကြည်ညိုမှုဖြင့် နာခဲ့တဲ့ကုသိုလ်ကြောင့် နတ်ဘဝရောက်ရတယ်။ အဲဒီနတ်ဘဝမှာ ဘုရားထံ၌ တရားနာပြန်တော့ သောတာပန်ဖြစ်သွားပါသတဲ့။ ဒါကြောင့် မဖြစ်ဖူးသေးတဲ့ ကုသိုလ်ဟူသမျှကို ဖြစ်အောင် အားထုတ်ရတယ်။ အထူးသဖြင့် အရိယမဂ်ကုသိုလ်ဖြစ်အောင် ဝိပဿနာကုသိုလ်ကို ဖြစ်ပွား

http://www.dhammadownload.com



စေရတယ်။ အဲဒီလိုဖြစ်ပွားအောင် အားထုတ်တိုင်း အားထုတ်တိုင်း သမ္မာဝါယာမမဂ္ဂင် ဖြစ်ပွားနေပါတယ်။ (မေ့စကြာတရားတော်မှ)

## အင်မတန်ကောင်းတဲ့တရား

သာသနာ့ရိပ်သာမှာ ဝါတွင်းကအားထုတ်တဲ့ အမေရိကန်သား မစ္စတာ ဒုဗော ရဲ့အကြောင်းကို သတိပြုမိကြရဲ့မဟုတ်လား။ သူအားထုတ်တာ ခုနစ်လလောက် ကြာသွားပါတယ်။ ပထမလူဝတ်နဲ့ စပြီးအားထုတ်တယ်။ နောက် ဝိပဿနာ တရားတွေ ကောင်းကောင်းပြည့်စုံပြီလို့ အားရကျေနပ်လောက်တဲ့ အခါမှာ ရဟန်း ဝတ်ပြီးတော့လည်း ဆက်လက်အားထုတ်သွားပါတယ်။ သူက စိတ်တိုင်း စိတ်တိုင်း ကိုလိုက်ပြီး မပြတ်ရှုရတဲ့ ဒီသတိပဋ္ဌာန်တရားအလုပ်ဟာ အင်မတန်ကောင်း တဲ့အကြောင်း၊ သူတို့ဥရောပနဲ့ အမေရိကန်နိုင်ငံတွေမှာ လောကီပစ္စည်းတွေနဲ့ ကြွယ်ဝပြည့်စုံနေသော်လည်း စိတ်ကို ပြုပြင်တဲ့နည်းမရှိလို့ လူတွေဟာ ရာခိုင်နှုန်း ၆၀ ကျော်လောက်က စိတ်ဆင်းရဲနေကြောင်း သူက ပြောပါတယ်။

ဒီ သတိပဋ္ဌာန် ရှုမှတ်နည်းဟာ ဘယ်သူဖြစ်ဖြစ် တကယ်အားထုတ်ကြည့်ရင် မစ္စတာဒုဗောလိုပဲ စိတ်ကို တကယ်ချမ်းသာစေတဲ့ တရားပဲဆိုတာ ကိုယ်တိုင်တွေ့ရ ပါတယ်။ အင်မတန်ကောင်းတဲ့ တရားပါပဲ။

ညွှန်း

- ၁၉၉၅ ခုနစ် ဒီဇင်ဘာလထုတ် မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြား သောအတွေးအမြင်များ(သာမဏေကျော်)
- ၁၉၉၅ ခုနစ် ဒီဇင်ဘာလထုတ် မဟာစည်ဆရာတော်ကြီးပြောပြသော သူ့အကြောင်းနှင့် သူတို့အကြောင်း (သာမဏေကျော်)

သုသဏ္ဌာသျှမ်စာစဉ်

http://www.dhammadownload.com



- ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် မဟာစည် ၁၃ နှစ် သာသနာပြုခရီး (ဦးပွင့်ကောင်း)
- ၁၉၉၆ ခုနှစ် ဩဂုတ်လထုတ် မဟာစည်ဆရာတော် ပုံဝတ္ထုတို့ဖြင့်ပြောပြသော အဆုံးအမများ (သာမဏေကျော်)
- ၁၉၉၇ ခုနှစ် ဒီဇင်ဘာလထုတ် မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားခဲ့ရသော ဘဝပြဿနာ
- မွေ့စကြာတရားတော်ကြီး

❀ ❀ ❀

http://www.dhammadownload.com

## မဟာစည်ဆရာတော်
## အင်ဒိုနီးရှားမှာ ဗုဒ္ဓသာသနာ ပြန်လည်ရှင်သန်စေခဲ့ပြီ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ်ကျမ်းပြု အကျော် အရှင်မဟာဗုဒ္ဓဃောသရဲ့ ဂုဏ်တော်များကို ချီးကျူးပူဇော်ဖော်ပြရာမှာ ပင်လယ်သမုဒ္ဒရာထဲ ကရေတွေကို လက်နဲ့ပက်ထုတ်လို့ မကုန်နိုင်သလို အရှင်ဗုဒ္ဓရဲ့ ဂုဏ်တော်တွေဟာလည်း ချီးကျူးပူဇော်လို့ မကုန်နိုင်ပါဘူးတဲ့။ ဒီလိုပါပဲ။ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်တွေလည်း ကြည်ညိုပူဇော်လို့ မဆုံးနိုင်အောင် ရှိနေပါတယ်။ ဖိုးသူတော်မျက်စိလည်လေ ဆွမ်းဆန်ပိုရလေဆိုတာလိုပဲ မဟာစည် ဆရာတော်ဘုရားကြီးနဲ့စပ်သမျှ အထပ်ထပ်ဖတ်လေ ကြည်ညိုစရာတွေ၊ သိမှတ် စရာတွေ ပိုများလာလေပါပဲ။

နေလကျာနယ်မှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မဒေသနာတော်များကို အတော်အသင့်ရေးခဲ့ပြီးပြီဖြစ်လို့ တော်လိုက်တော့မလို့ပါပဲ။ သို့သော် နေလကျာနယ် တာဝန်ခံစာတည်း ဆရာနွယ်ဦးလှိုင်ကရော မဟာစည်ယောဂီများနဲ့ ပရိသတ်များ ကပါ ရေးစရာရှိရင် ဆက်ရေးပါလို့တိုက်တွန်းကြတာကြောင့် ဆက်ရေး နေဖြစ် ပါတယ်။ (အားလုံးကိုကျေးဇူးတင်ပါတယ်။) အဲဒီမှာ နေလကျာနယ်ရဲ့ ပင်တိုင်

http://www.dhammadownload.com



ဆောင်းပါးရှင်တစ်ဦးဖြစ်တဲ့ အရှင်ဝိစိတ္တသာရ(သာသနာ့တက္ကသိုလ်) ကလည်း ရေးသင့်တာကို အကြံပေးလမ်းညွှန်ရင်း ကျွန်တော့်မှာမရှိသေးတဲ့ စာအုပ်တစ်အုပ် ပေးလာပါတယ်။

အရှင်သီလာနန္ဒာဘိဝံသပြုစုတဲ့ မဟာစည်ဆရာတော် ဘုရားကြီး၏ ထေရုပတ္တိ(အကျဉ်း - ပထမပိုင်း)ဖြစ်ပါတယ်။ ဝဏ္ဏကျော်ထင် ဦးဘသန်းရဲ့ မဟာစည် ထေရ်မြတ် အထုပ္ပတ်၊ အရှင်ကေလာသရဲ့ မဟာစည်ထေရုပ္ပတ္တိ ဝိလာသိနီ စတဲ့ စာအုပ်တွေကို ဖတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆရာတော် အရှင်သီလာနန္ဒာ ဘိဝံသ ပြုစုတဲ့စာအုပ်မှာ အကြောင်းအရာသစ်တွေ ပါလာပါတယ်။ မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင်က "ကိုယ်တိုင်ရေးလျှင်တောင် ဤမျှလောက် စေ့စပ်ချင်မှ စေ့စပ်မည်" လို့ ချီးကျူးခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ စာပေပညာထူးချွန် ခြင်း၊ ဝိပဿနာအကျင့်တရားကို မြန်မာ၊ ကမ္ဘာပြန့်နှံ့အောင် သာသနာပြုနိုင်ခြင်း တို့ကြောင့် "Who's who in the world" ဆိုတဲ့ ကမ္ဘာတစ်လွှား ထင်ပေါ် ကျော်ကြား သူများဆိုတဲ့ ကမ္ဘာ့မှတ်တမ်းစာအုပ်ကြီးမှာ ဂုဏ်ပြုဖော်ပြခြင်း ခံရ ကြောင်း ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ ပြုစုတင်ပြထားပါတယ်။
(ထေရုပတ္တိ - စာ - ၁၈၀ ရှု)

တကယ်တော့ ကမ္ဘာကို သာသနာပြုရတယ်ဆိုတာ မလွယ်ပါဘူး။ ကမ္ဘာကို မဆိုထားပါနဲ့ဦး။ ကိုယ့်ပြည်တွင်းမှာတောင် အောင်အောင်မြင်မြင် သာသနာပြုနိုင် ဖို့ဆိုတာ လုံးဝ မလွယ်ပါဘူး။ အတိုက်အခိုက် အနှောင့်အယှက်တွေကို သည်းခံပြီး သာသနာပြုရတာပါ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ အာရှ ဥရောပ ၁၈ နိုင်ငံလောက် သာသနာပြုခဲ့ရာမှာ အင်ဒိုနီးရှားမှာ သာသနာပြုခဲ့ပုံဟာ တစ်မျိုးတစ်ဖုံ ထူးကဲနေတယ်လို့ ဆိုရပါမယ်။ မဟာစည် ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



ကိုယ်တိုင်က "အင်ဒိုနီးရှားသာသနာပြုမှတ်တမ်း" ရယ်လို့တစ်သီးတစ်သန့် စာအုပ်ရေးခဲ့ရလောက် အောင် ထူးခြားနေပါတော့တယ်။ အင်ဒိုနီးရှားဆိုတာ အများသိကြတဲ့အတိုင်း ကမ္ဘာပေါ်မှာ မွတ်ဆလင်ဘာသာဝင် အများဆုံးနေထိုင်တဲ့ နိုင်ငံကြီးပါ။ ဗုဒ္ဓဘာသာဝင် မရှိသလောက်ရှားပါးတဲ့နိုင်ငံဖြစ်ပါတယ်။ ရှိတဲ့ ဗုဒ္ဓဘာသာဟာလည်း မဟာယနဂိုဏ်းဝင်တွေက များပါတယ်။ ထေရဝါဒ ရယ်လို့ မရှိသလောက်ရှားပါတယ်။ ဒီလိုအခြေအနေတွေကြားထဲက "ဘွန်အန်" ဆိုတဲ့ အင်ဒိုနီးရှားအမျိုးသားတစ်ယောက်ဟာ ထေရဝါဒဗုဒ္ဓဘာသာအတွက် မွေးဖွားလာသလိုရှိပါတော့တယ်။

သူဟာ တရားစစ်တရားမှန်ကိုရှာရင်း ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကို ရောက်လာပါတယ်။ မစ္စတာဘွန်အန်ဟာ မဟာစည်ဆရာတော်နဲ့ ဆရာတော်ဦးဇနကာဘိဝံသတို့ရဲ့ညွှန်ကြားပြသချက်အတိုင်း လေးလေးစားစား လိုက်နာ အားထုတ်တဲ့အတွက် ဝိပဿနာဉာဏ်စဉ်ထူးများကို အားရကျေနပ်ဖွယ် ရရှိခဲ့ပါတယ်။ တရားလက်ကိုင် ပိုင်ပိုင်ရပြီဖြစ်လို့ မစ္စတာဘွန်အန်ဟာ လူ့ဝတ်ကြောင်နဲ့ မနေလိုတော့ဘဲ မဟာစည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာ သူ့ဒွေးကြီး ဆာဦးသွင်ရဲ့ပစ္စယာနုဂ္ဂဟနဲ့ ရဟန်းဘောင်သို့ တက်လှမ်းနိုင်ခဲ့ပါတော့တယ်။

သူ့ရဲ့ဘွဲ့မည်ကို "ဇနရက္ခိတ" လို့ မဟာစည်ဆရာတော် ဘုရားကြီးကိုယ်တိုင် ချီးမြှင့်ပါတယ်။ အဓိပ္ပာယ်ကတော့ "အောင်မြင်သူမြတ်စွာဘုရားကိုယ်တိုင် စောင့်ရှောက်အပ်သူ" တဲ့။ မစ္စတာဘွန်အန်ဟာ အရှင်ဇိနရက္ခိတရဟန်းအဖြစ်နဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို တက်ရောက်ကြည်ညိုနိုင်ခဲ့ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးထံတော်မှာ သာသနမွေကို တစ်နှစ်ကျော်မျှ ဆည်းပူးလေ့လာပြီးနောက် အင်ဒိုနီးရှားသို့ ပြန်ကြွတော်မူပါတယ်။ ထွက်လာတုန်းက လူ့ဝတ်ကြောင်၊ ပြန်လာတော့ သင်္ကန်းဝါဝါနဲ့ဆိုတော့ ဇာတိမြေနဲ့ပြန်ပြီး မျက်နှာချင်း ဆိုင်ရတာ

http://www.dhammadownload.com



အင်မတန်ခက်ခဲပါလိမ့်မယ်။

အရှင်ဇိနရက္ခိတဟာ ဗုဒ္ဓဘာသာတရားဓမ္မကို ဖြည်း ဖြည်းချင်း ဟောပြောပြသခဲ့ပါတယ်။ အခက်အခဲတွေကြားက ငါးနှစ်မျှ ဖွံ့လုံ့လကြီးစွာ သာသနာပြုခဲ့ရာ သရဏဂုံတည်ပြီး ငါးပါးသီလ ခံယူကျင့်သုံးသူ ခြောက်ရာကျော်ရှိလာခဲ့ပါ တယ်။ ရှစ်ပါးသီလ ဆောက်တည်သူ၊ သမထဝိပဿနာ အားထုတ်သူများလည်း ပါဝင်လာခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင် အဖြစ် မခံယူကြသေးသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညို လေးစား ညွတ်ကိုင်းနေသူများလည်း ရှိလာပါတယ်။ ဗုဒ္ဓသာသနာကို အားပေးရန် အသင်းအဖွဲ့များလည်း ပေါ်ပေါက်လာပါတယ်။

အင်ဒိုနီးရှား ပြန်ရောက်စက နေစရာကျောင်းမရှိသော်လည်း ငါးနှစ်အတွင်းမှာ ဝိဟာရလို့ခေါ်တဲ့ သာသနာ့အဆောက်အအုံကျောင်းနှစ်ကျောင်း ရှိလာခဲ့ပါပြီ၊ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များကြားမှာ ရဟန်းဝတ်လိုသူများပင် ပေါ်ပေါက်လာပြီဖြစ်ပါတယ်။ သို့သော် ရဟန်းခံစရာ အင်ဒိုနီးရှားမှာ သိမ်မရှိ။ သိမ်ရှိမှ ရဟန်းပြုလို့ရပါတယ်။ သိမ်မရှိရင် သာသနာတည်ပြီလို့ မဆိုနိုင်ပါဘူး။

ဗုဒ္ဓသာသနာမှာ "သိမ်"ဟာ ဘယ်လောက်အထိအရေး ကြီးတယ်ဆိုတာ သီရိလင်္ကာ(သီဟိုဠ်)သမိုင်းကို ကိုးကားပြီး ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက တင်ပြထားပါတယ်။

"သောဝိနံ့ တိဿမင်းကြီးသည် မိမိကိုယ်တိုင် သာသနာဝင်ဖြစ်ပြီးနောက် မဟာမေဃဝန်ဥယျာဉ်ကို သာသနာပြု အရှင်မဟိန္ဒအား လှူဒါန်းခဲ့၏။ ထိုအခါတွင် အနုဠာဒေဝီ မိဖုရားနှင့်တကွ အမျိုးသမီးငါးရာတို့ သင်္ကန်းဒါကမ်တည်ပြီး ဖြစ်သည်။ အရှင်မဟိန္ဒထေရ၏ တရားကိုပင်နာ၍ အခြား များစွာသောယောကျ်ားတို့လည်း သောတာပန်အဖြစ်သို့ ရောက်ခဲ့ကြ၏။ ထိုသို့ဖြစ်ပြီးနောက် မင်းကြီးသည် "သီရိလင်္ကာကျွန်း၌ ဘုရားရှင်သာသနာတည်ပါပြီလား" ဟု မေး လျှောက်သည်။ ထိုအခါ

http://www.dhammadownload.com



အရှင်မဟိန္ဒက "ဘုရားရှင်အာဏာတော်ဖြစ်သော ဥက္ကာကမ္မဝါစာဖြင့် သိမ်သမုတ်ပြီးမှသာလျှင် ဘုရားရှင်သာသနာတည်လိမ့်မည်"ဟု ဖြေကြားတော်မူခဲ့သည်။

တရားထူးရပြီးဖြစ်သော လူဝတ်ကြောင်များ မည်မျှပင်များပြားစွာရှိနေသော်လည်း ထိုသူတို့သည် သာသနာတော် တည်တံ့ရေးကို မဆောင်ရွက် နိုင်ကုန်။ ရဟန်းတော် များသာ ဆောင်ရွက်နိုင်သည်။ ရဟန်းအဖြစ်ရောက်ရန်မှာလည်း ကံပြုရာသိမ်ရှိမှ ဖြစ်နိုင်မည်။" (၄င်းစာ - ၁၃၅)

အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များ ရဟန်းပြုရေးအတွက် အရှင်ဇိနရက္ခိတဟာ ထေရဝါဒငါးနိုင်ငံက ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပါတယ်။ အရှင်ဇိနရက္ခိတဟာ မိမိရဲ့ဆရာရင်းဖြစ်တဲ့ မဟာစည်ဆရာတော်ကိုလည်း ပင့်ဖိတ်ပါတယ်။ မြန်မာပြည်မှ မဟာစည်ဆရာတော်တစ်ပါးတည်းသာ အင်ဒိုနီးရှားသို့ကြွတော်မူပါတယ်။ ဂျာကာတာမြို့တော်ရှိတဲ့ ဂျာတားကျွန်းမှာ မဟာစည်ဆရာတော်အပါအဝင် ထေရဝါဒ ရဟန်းတော် ၁၄ ပါး စုဝေးမိကြပါတယ်။ (လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်အတွင်း ထိုကျွန်း၌ ဤမျှများပြားသော ထေရဝါဒရဟန်းတော်တို့စုဝေးမိဖူးမည် မဟုတ်ရကား အံ့ဖွယ်တစ်ပါးအဖြစ် မှတ်တမ်းတင်ရမည့် ထေရဝါဒရဟန်းတော် အစုအဝေးဖြစ်တော့သည်)လို့ ဆိုပါတယ်။

"အင်ဒိုနီးရှားနိုင်ငံ၏ ရှေးသမိုင်းကို ပြန်ကြည့်မယ်ဆိုလျှင် ယခု မွတ်ဆလင်နိုင်ငံဖြစ်နေခြင်းကပင် အံ့သြဖွယ်ဖြစ်နေပါတော့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဂျာဗားကျွန်းကြီးပေါ်တွင် "ဗောရောဗုဒူး"ခေါ် ကမ္ဘာကျော်စေတီကြီးတစ်ဆူ ရှိသည်။ အမြင့်ဉာဏ်တော် ၁၈ ပေရှိ၍ ဖိနပ်တော်အကျယ်မှာ အလျား၊ အနံ ၃၉၄ ပေစီရှိလေသည်။ ပစ္စယံများမှအစ အားလုံးကျောက်ဖြင့်တည်ဆောက်ထားသည်။ အောက်ပစ္စယံ လေးဆင့်တွင် အတွင်းနံရံများ၌ ငါးရှေ့ငါးဆယ်ဇာတ်ဝတ္ထုမှ ရုပ်ပုံများ

http://www.dhammadownload.com



ဘုရားလောင်းအကြောင်းအရာ ရုပ်ပုံများ၊ ဘုရား ဖြစ်ပြီးနောက် ရုပ်ပုံများကို ရုပ်လုံးကားအဖြစ် ထွင်းထုထားသည်။ ဤစေတီတော်ကြီးကိုကြည့်လျှင် ရှေးက အင်ဒိုနီးရှား နိုင်ငံ၌ ဗုဒ္ဓသာသနာ မည်မျှထွန်းကားခဲ့ကြောင်း ခန့်မှန်းနိုင်ပေသည်" (၄င်းစာ - ၁၃၀)

မဟာစည်ဆရာတော်ကိုယ်တိုင်ရေး "အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း" တွင်လည်း ထိုစဉ်ကာလ ဂျာဗားကျွန်းတစ်ကျွန်းလုံးမှာ ဗုဒ္ဓဘာသာဝင်တွေချည်း လိုလိုဖြစ်ခဲ့မည်မှာလည်း မှားဖွယ်ရာမရှိပေ" လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီကာလဟာ ခရစ်နှစ် ၇ ရာစုမှ ၉ ရာစုအတွင်းမှာပင် အာရေဗျ ပါရှား၊ အိန္ဒိယအနောက်ဘက် ကမ်းခြေတို့မှ မွတ်ဆလင်ကုန်သည်များ အင်ဒိုနီးရှားသို့ ရောက်လာရာမှ အစပြု၍ မွတ်ဆလင်တို့တစ်စတစ်စ ကြီးစိုးလာခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်တော့သည်" လို့ ထေရုပ္ပတ္တိစာ - ၁၃၁ မှာ ဖတ်မှတ်ရပါ တယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ အင်ဒိုနီးရှားမှာ ၁၄ - ၅ - ၁၉၅၉ မှ ၃၀ - ၆ - ၁၉၅၉ အထိ လှည့်လည်သာသနာပြုတော်မူခဲ့ပါတယ်။ ဗောရောဗုဒူးစေတီတော်ကြီးကိုလည်း ကြည်ညိုဖူးမြော်ခဲ့ပါတယ်။ မဟာစည်ဆရာတော် အပါအဝင်ဖြစ်သော ထေရဝါဒရဟန်းတော် ၁၄ ပါး ဟာ အင်ဒိုနီးရှားမှာ ပထမဆုံးခေါ်ဆိုရမည့် ဗုဒ္ဓသိမ်တော်ကိုလည်း သမုတ်တော်မူခဲ့ကြပါတယ်။ သာမဏေသုံးပါးနဲ့ ရဟန်းနှစ်ပါးတို့ကိုလည်း သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးတော်မူခဲ့ကြပါတယ်။ နှစ်ပေါင်း တစ်ထောင်ကျော်ကြာ ငုပ်ကွယ်နေတဲ့ သာသနာတော် အင်ဒိုနီးရှားမှာ ပြန်လည်ရှင်သန်အမြစ်တွယ်အောင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက စွမ်းဆောင်တော်မူခဲ့ပါကြောင်း...။

*ညွှန်း*

၁၉၇၉ ဒီဇင်ဘာထုတ် အရှင်သီလာနန္ဒာဘိဝံသ၏
မဟာစည်ဆရာတော်ဘုရား ကြီး၏ ထေရုပ္ပတ္တိ။
သုသဏ္ဍာသျှမ်စာစဉ်

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး
## ကမ္ဘာ့သာသနာပြုခရီးမှ
## အမေးပုစ္ဆာများ ရှင်းလင်းချက်

ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီးဟာ လွန်ခဲ့သောနှစ်ပေါင်း (၇၀)နီးပါးခန့်၊ ၁၉၃၈ - ခုနှစ် (မြန်မာနှစ် - ၁၃၀၀ပြည့်)လောက်ကစပြီး ဇာတိမြေ ဆိပ်ခွန်ရွာမှာ ယောဂီ ၃ ယောက်နဲ့ တရားပြခဲ့ပါတယ်။ ၁၉၄၉ - ခုနှစ် ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွတော်မူပြီး ယောဂီ ၂၅ ယောက်နဲ့စပြီး တရားပြခဲ့ပါတယ်။ ဖွံ့လှံ့လ ကြီးမားစွာနဲ့ ဝိပဿနာတရားတော်ကြီးကို ဖြန့်ချိသာသနာပြုတော်မူခဲ့ရာ ၁၉၈၉ - ခုနှစ်သို့ ရောက်တဲ့အခါ ပြည်တွင်းပြည်ပတွင် တရားအားထုတ်ပြီးသော ယောဂီပေါင်း တစ်သန်းသုံးသိန်းကျော်အထိ ရှိလာခဲ့ပါတယ်၊ ဒါဟာ အရေအတွက်မျှသာ မဟုတ်ပါ။ အရည်အချင်းဘက်ကလည်း ဘယ်လောက်ထိ တိုးတက် ခဲ့ကြောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ဒီလိုမိန့်ကြားတော်မူခဲ့ပါတယ်၊

"ဝိပဿနာထူး မဂ်တရားထူးတွေကို ကိုယ်တိုင်တွေ့ရပြီး အားရကျေနပ်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်သိန်းမက များလှပါပြီ၊" (ကမ္ဘာ့သာသနာပြုတရားတော်၊

http://www.dhammadownload.com



စာ - ၂၃၃)

"တစ်လ နှစ်လခန့်မျှ အားထုတ်သူတွေ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သွားကြရတာ များစွာပင် ရှိနေပါပြီ။" (၄င်း စာ - ၅၀)

ဒီနေ့ မြန်မာမှာရော ကမ္ဘာမှာပါ ဝိပဿနာတရားစခန်းတွေဖွံ့ဖြိုးတိုးတက်လာနေပေမယ့် လွန်ခဲ့တဲ့ နှစ် ၅၀ လောက်ကဆိုရင် ဝိပဿနာဆိုတာ လူဝတ်ကြောင်တွေနဲ့ မဆိုင်၊ မထေရ်ကြီးများ၊ ရဟန်းတော်များ၊ စာတတ်ပုဂ္ဂိုလ်များနဲ့သာဆိုင်တယ်လို့ ထင်မှတ်ခဲ့ကြပါတယ်။ ဒါကြောင့် လူဝတ်ကြောင်တွေ ဝိပဿနာလုပ်ကောင်းတယ်လို့ မဟာစည်ဆရာတော်ကြီးက စတင်ပြီး အင်မတန် ဇွဲနပဲကြီးကြီးနဲ့ ဟောခဲ့ရတာပါ။ ဒီနေ့တော့ ဘာသာခြားလူမျိုးခြားတွေက အစ ဝိပဿနာကို စိတ်ဝင်စားလာကြပြီ၊ လက်တွေ့အားထုတ်ပြီး စိတ်ငြိမ်းချမ်းမှုရကုန်ကြပြီ။

မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ၁၉၅၂ - ခုနှစ်ကစပြီး သာသနာပြုတော်မူခဲ့ပါတယ်။ ၁၉၇၉ - ခုနှစ်မှာတော့ ယိုးဒယား၊ ဟောင်ကောင်၊ ဂျပန် စတဲ့ အာရှ နိုင်ငံတွေကတစ်ဆင့် ဥရောပ၊ အမေရိက၊ အနောက်ကမ္ဘာဆီ သာသနာဖြန့်ချိခဲ့ပါတယ်။ အမေရိကမှာရှည်း အတော်ကြာပါတယ်။ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ အီတလီ၊ ဟော်လန် စတဲ့ နိုင်ငံပေါင်းများစွာသို့ လှည့်လည်ပြီး ဝိပဿနာအလုပ်ပေးတရား (ဝါ) သတိပဋ္ဌာန်တရားတော်ကြီးကို ကိုယ်တော်တိုင် ရှင်းလင်းမိန့်ကြားသာသနာပြုတော်မူခဲ့ပါတယ်။

## ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်မှာ

ဟားဗတ် Harvard တက္ကသိုလ်ကြီးလို ကမ္ဘာ့ပညာရှင်များ စုဝေးရာ နေရာမျိုးမှာတောင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်နဲ့ ပတ်သက်ပြီး သီဟနာဒ (ခြင်္သေ့ကဲ့သို့ရဲရင့်စွာ) မိန့်မြွက်နည်းဖြင့် မိတ်ဆက်ဟောကြား

http://www.dhammadownload.com



တော်မူခဲ့ပါတယ်။

"အကျဉ်းချုပ်အားဖြင့် မိမိသန္တာန်မှာ ဖြစ်တိုင်းဖြစ်တိုင်း ကိုယ်အမူအရာတွေ ရှုမှတ်ဖို့ ခံစားမှု ဝေဒနာတွေ ရှုမှတ်ဖို့ စိတ်ကူးကြံစည်တိုင်း ရှုမှတ်ဖို့၊ မြင်မှု ကြားမှုတွေကို ရှုမှတ်သိဖို့ လို ပါတယ်။ အဲဒီလို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ပေမယ့် စခါစမှာတော့ အကုန်မမှတ်နိုင်ပေဘူး။ အဲဒါဟာ သမာဓိမဖြစ်သေးလို့ပေပဲ။ သမာဓိဖြစ်အောင် နည်းနည်းကာစရှိ၊ ထင်ရှားတဲ့နည်းနဲ့ လှုပ်ရှားမှုအနည်းငယ်ကစပြီး ရှုရိုင်းရတယ်။ ဝမ်းဗိုက်မှာ ဖောင်းတာ ပိန်တာက စပြီးရှုရမယ်၊ ဝေဒနာပေါ်လာတိုင်း ဖြစ်တိုင်း ရှုရမယ်၊ စိတ်ကူးကြံစည်မှုတွေ ဖြစ်တိုင်းရှုရမယ်၊ ရုပ်နဲ့နာမ်တရား အကြောင်းတရားနဲ့ အကျိုးတရားတွေဖြစ်တိုင်း ရှုရမယ်။ စိတ်ကူး စဉ်းစားရတာ မဟုတ်ဘူး ပေါ်လာသမျှရှုမှတ်ရုံပါပဲ။ သမာဓိဖြစ်လာတော့ အကုန်ရှုမှတ်နိုင်ပါလိမ့်မယ်၊ ဖြစ်ပြီးပျက်သွားတာ အမှန်အတိုင်း တွေ့ရပါလိမ့်မယ်၊ အဲဒီလိုတွေ့သိရာကနေ အရိယာမဂ်ဖိုလ်ကိုရောက်ရင် ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားမယ်"

## တရားရှုမှတ်ရင် ရောဂါဝေဒနာပျောက်တယ်

စိတ်ရောဂါ အထူးကုဆရာဝန်ကြီးများ၊ ပညာရှင်များ နားလည်လက်ခံနိုင်အောင် အမေရိကမှာ မဟာစည်ဆရာတော်ဘုရားကြီးက ဒီလို ထည့်သွင်း မိန့်ကြားတော်မူခဲ့ပါတယ်။

"ဘုန်းကြီးတို့ ညွှန်ကြားထားတဲ့အတိုင်း အားထုတ်လို့ ရောဂါဝေဒနာ ပျောက်သွားခဲ့တာတွေ ရှိပါတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးမှာပင် အကြီးအကျယ် ဝေဒနာ ဖြစ်ခဲ့တယ်။ အဲဒါကို ဘုရားကိုယ်တော်တိုင် ဝိပဿနာရှုမှတ်လို့ ရောဂါဝေဒနာ ခံစားမှု မရှိတော့ဘဲ ပျောက်သွားတယ်။ ဘာကြောင့် ပျောက်သွားသလဲ ဆိုရင် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဆိုတာဟာ ရှိတယ်။ ရှုမှတ်နေရင် ရှုမှတ်နေတဲ့စိတ်က အင်မတန် စင်ကြယ်တယ်၊ အင်မတန်ကောင်းတယ်။ ဒီလို စိတ်သန့် စိတ်ကောင်း

http://www.dhammadownload.com



တွေကြောင့် ရုပ်သန့်ရုပ်ကောင်းတွေ တစ်ကိုယ်လုံး ပြန့်ပြီးတော့ ရုပ်ညှိုတွေ ကင်း ပျောက်ပြီး ကျန်းမာကြတာပဲ။ စိတ်ပျော်ရွှင်နေရင် ရုပ်ကြည်လင်နေတာ လူတိုင်း သိနိုင်ပါတယ်။ တချို့လူတွေမှာ နည်းအမျိုးမျိုးနဲ့ ရောဂါ ကုလို့ မပျောက်ပေမယ့် တရားအား ထုတ်တာနဲ့ တစ်ခါတည်း ပျောက်သွား တာလည်း ရှိပါတယ်။"

အဲဒီလို ကမ္ဘာလှည့်ပြီး သာသနာ ပြုခဲ့ရာမှာ နိုင်ငံခြားသား ပညာရှင်များ ရဲ့ အမေးပုစ္ဆာများကို မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားခဲ့ရပုံတွေ ဆက်လက် ဖော်ပြလိုက်ပါတယ်။

## သမာဓိကောင်းအောင် မည်သို့ လုပ်ရပါသနည်း

ဝင်သက် ထွက်သက် သို့မဟုတ် ဝင်လေ ထွက်လေကို ဝင်တယ် ထွက်တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေပါကလည်း စိတ်တည်ငြိမ်မှု သမာဓိအား ကောင်းလာ နိုင်ပါတယ်။ သမာဓိအားကောင်းတယ်ဆိုတာ ရှုမှတ်ရာ အာရုံ၌သာ မပြတ်ရှုမှတ် လျက် တည်ငြိမ်နေတာပါပဲ။ ဒီလို သမာဓိကောင်းလာတဲ့အခါ ကိုယ်ထဲက အတွေ့ အထိဟူသမျှကိုလည်း ရှုမှတ်ကြည့်သင့်ပါတယ်။ မြင်တာကြားတာ စသည်တို့ ကိုလည်း ရှုမှတ် ကြည့်နိုင်ပါတယ်။ ဒွါရ ၆ - ပါးက ပေါ်လာသမျှကို မြင်တယ်၊ ကြားတယ်၊ ထိတယ်၊ သိတယ် စသည်ဖြင့် မပြတ်ရှုမှတ်နေလျှင် သမာဓိ အထူး ကောင်းလာတဲ့အခါမှာ သိစရာရုပ်နဲ့ သိတဲ့နာမ်ကိုလည်း ခွဲခြားပြီးသိတယ်။ အကြောင်းနဲ့အကျိုးကိုလည်း ခွဲခြားပြီး သိတယ်။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရ တာရော၊ ရှုသိတာရော အသစ် အသစ်ဖြစ်ဖြစ်ပြီး ချက်ခြင်းပျက် ပျက် သွားတာ ကိုလည်း သိတယ်။ အသံကြားတဲ့အခါ ကြားတယ် ကြားတယ်လို့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အသံရော ကြားတာရော ချက်ခြင်းပျောက်ပျောက်သွားတာ ထင်ရှား သိရတယ်။ အဲဒီလို ကိုယ်တိုင်တွေ့ပြီးသိတာဟာ သမာဓိ ကြောင့်ဖြစ်တဲ့ ဝိပဿနာ

http://www.dhammadownload.com



ဉာဏ် အစစ် ပါပဲ။ အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြစ်အောင် လို့ ရှုမှတ်ရတာပါပဲ။

## ကိလေသာဆင်းရဲ ရုပ်နာမ်ဆင်းရဲ လုံးဝကင်းငြိမ်းအောင် ဘယ်လိုအား ထုတ်ရပါသလဲ၊ ဘယ်လောက်ကြာအောင် အားထုတ်ရပါသလဲ

သွားဆဲ့ရပ်ဆဲ့ထိုင်ဆဲ့ လျောင်းဆဲ့ကွေးဆန့်လှုပ်ရှားဆဲမှာ သွားတယ့် ရပ်တယ့် ထိုင်တယ့် လျောင်းတယ့်ကွေးတယ့် ဆန့်တယ့်လှုပ်ရှားတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက ကိုယ်အမူအရာ ရှုမှတ်ပုံ ကာယာနုပဿနာ ပွားစေပုံပဲ၊ ကိုယ်ထဲက နာကျင်မှု မခံသာမှုဖြစ်ရင် နာတယ့် အခံခက်တယ့် ဆင်းရဲတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ အတွေ့အထိ ကောင်းရင့် ကောင်း တယ့် ချမ်းသာတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ စိတ်ထဲက စိတ်ပျက်ခြင်း့ စိတ်ညစ်ခြင်း့ ဆင်းရဲခြင်းဖြစ်ရင် စိတ် ပျက်တယ့် စိတ်ညစ်တယ့် ဆင်းရဲတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဝမ်းသာပျော်ရွှင်ရင် ဝမ်းသာတယ့် ပျော်တယ် စသည်ဖြင့် ရှုမှတ်ရ တယ်။

မဆိုးမကောင်း အလယ်အလတ် ဖြစ်နေရင် နေသာရုံမှုပဲ စသည်ဖြင့် ရှုမှတ် ရတယ်။ ဒါက ခံစားမှု ဝေဒနာကို ရှုပုံ ဝေဒနာနုပဿနာပွားစေပုံပဲ၊ စိတ်ကူးကြံစည်မှု့ နှစ်သက်မှု့ စိတ်ဆိုးမှု ဖြစ်ရင် စိတ်ကူးတယ့် ကြံစည်တယ့် နှစ်သက်တယ့် စိတ်ဆိုး တယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက စိတ် အမူအရာရှုပုံ စိတ္တာနုပဿနာပွားစေပုံပဲ၊ မြင်နိုက့် ကြားနိုက် စသည်မှာတော့ မြင်တယ့် ကြားတယ့် နံတယ့် စား သိတယ့် ထိသိတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက သဘောတရားကို ရှုပုံ ဓမ္မာနုပဿနာ ပွားစေပုံ အကျဉ်းချုပ်ပဲ။

အဲဒီလို ရှုမှတ်ပုံ ဖြစ်ပွားစေပုံကို တစ်စက္ကန့်မျှ မပြတ်မခြားစေဘဲ အမြဲ

http://www.dhammadownload.com



ဖြစ်အောင် အားထုတ်နေရတယ်။ ညဥ့်အိပ်ချိန် လေးငါးခြောက်နာရီလောက်သာ အိပ်လျက် အနားယူပြီး ယခုပြောခဲ့တဲ့အတိုင်း မပြတ်ရှုမှတ်အားထုတ်နေလျှင် အကြာဆုံးအားဖြင့် (၇)နှစ်၊ အလတ်စားအားဖြင့် (၇)လ၊ အမြန်ဆုံးအားဖြင့် (၇)ရက်မျှဖြင့် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားနိုင်ကြောင်း၊ ရဟန္တာ မဖြစ်သေးခင်တောင် အနာဂါမ်ဖြစ်သွားနိုင်ကြောင်း မြတ်စွာဘုရားက အတိ အလင်းဝန်ခံဖော်ပြထားပါတယ်။

အကယ်၍ အနာဂါမ်အထိ မဖြစ်သေးတောင် သောတာပန်ဖြစ်ဖို့ကတော့ အင်မတန် နီးစပ်ပါတယ်။ ဒါဟာ ပါရမီ အလတ်စားပုဂ္ဂိုလ်အတွက်ပါပဲ။ ပါရမီ အထူးရင့်ကျက်နေတဲ့ ပုဂ္ဂိုလ်မှာတော့ တစ်နေ့တစ်ညဥ့်အတွင်းမှာတောင် မဂ်ဖိုလ် တရားထူးများရနိုင်ကြောင်း မြတ်စွာဘုရားက ဖော်ပြထားပါသေးတယ်။ ဒီလို ဖော်ပြခဲ့တဲ့အတိုင်း ယခုအခါ တစ်လနှစ်လ အတွင်းမှာပင် ဝိပဿနာဉာဏ် အပြည့် အစုံဖြစ်ပြီး မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်တွေ့ပုံကိုပြောကြတဲ့ ယောဂီတွေလည်း တော်တော်များပါတယ်။

ညွှန်း

- ၁၉၇၉ - ခုနှစ်၊ ဒီဇင်ဘာလထုတ်၊
  မဟာစည်ကမ္မဋ္ဌာနသာသနာပြု စရိုးစာတမ်း
- မဟာစည်နှစ် ၅၀ ပြည့် သမိုင်း မှတ်တမ်း (၁၉၄၉ - ၁၉၉၉)

http://www.dhammadownload.com

## မဟာစည်ဆရာတော်ဘုရားကြီး၏
## သာသနာ့ငါးထောင်ရှင်းတမ်း

သာသနာငါးထောင်ဆိုတဲ့စကားကို ဗုဒ္ဓဘာသာဝင် အတော်များများ ကြားဖူးပါတယ်။ မြတ်စွာဘုရားက ကိုယ်စားတော်အဖြစ် သာသနာငါးထောင်ထားတော်မူခဲ့တယ်ဆိုတာ ပိဋကသုံးပုံနဲ့ မွေခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မှာ ဘယ်မှာမှ ရှာလို့မတွေ့ဘူးလို့ အချို့သောရဟန်းပညာရှိ၊ လူပညာရှိများက ထောက်ပြကြပါတယ်။ စိတ်ကူးယဉ်ပြီး ခန့်မှန်းပြောဆိုနေသယောင် အချို့ပညာရှိများက အစထောင်ကြပါတယ်။ တကယ်တော့ သာသနာငါးထောင်ဆိုတာ ခိုင်ခန့်တဲ့ စကား၊ ထင်ရှားတဲ့စကား၊ သို့သော် အထောက်အထားမရှိဆိုပြီး ပြက်ရယ်ပြုသလို အပြောခံနေရပါတယ်။ ဒီအချိန်မှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသား ပြုစုခဲ့တဲ့ကျမ်းတွေကို ရေစက်ချစာတမ်းကအစ မကျန်ရအောင် ကျွန်တော် လက်လှမ်းမီသလောက် ဖတ်မှတ်ကြည့် ညှိနေချိန် ဖြစ်ပါတယ်။

ရဟန်းသံဃာတော်များနဲ့သာ သက်ဆိုင်ပြီး လူတွေနဲ့ သိပ်မဆိုင်ဘူးလို့ထင်ရတဲ့ "ဝိနယဝိနိစ္ဆယသင်္ဂဟ" ဆိုတဲ့ကျမ်းကို ဖတ်မိတဲ့အခါ "သာသနာငါးထောင်" နဲ့ ပတ်သက်တဲ့ အ ချက်အလက်တွေ ထင်ရှားစွာပေါ်ထွက်လာပါတော့တယ်။

သုသဏ္ဌာသျှမ်စာစဉ်

http://www.dhammadownload.com



သာသနာငါးထောင် အယူအဆ ဘယ်ကမြစ်ဖျားခံလာပါသလဲဆိုရင် မြတ်စွာဘုရား ရှိစဉ်ကတည်းကပါပဲ။

မြတ်စွာဘုရား ကပိလဝတ်ပြည်မှာ သီတင်းသုံးတော်မူစဉ် ဘုရား၏ မိထွေးတော်ဖြစ်တဲ့ မဟာပဇာပတိဂေါတမီက မာတုဂါမများ ရဟန်းပြုခွင့်ရအောင် အကြိမ်ကြိမ်တောင်းပန် ခဲ့ပါတယ်။ ထိုစဉ်ကာလ မြတ်စွာဘုရားခွင့်မပြုခဲ့ပါ။ နောက် ကပိလဝတ်မှ ဝေသာလီသို့ ဘုရားရှင်ကြွသွားတော်မူချိန် မိထွေးတော်ဂေါတမီနဲ့ သာကီဝင်မင်းသမီးငါးရာတို့ဟာ ခေါင်းရိတ်၊ ဖန်ရည်စွန်းအဝတ်တွေဝတ်ပြီး ဝေသာလီကို လိုက်လာကြပါတယ်။ အဲဒီအခါမှာ အရှင်အာနန္ဒာ လျှောက်ထား တောင်းပန်ပေးလို့ မြတ်စွာဘုရားက "ဂရုဓမ္မရှစ်ပါး" လက်ခံကျင့်သုံးနိုင်ရင် ဂေါတမီအား ပဉ္စင်းဖြစ်စေလို့ ခွင့်ပြုလိုက်ပါတယ်။ ဂရုဓံ(ဂရုဓမ္မ)ရှစ်ပါးမှာ -

၁။ ရဟန်းမိန်းမ(ဘိက္ခုနီမ)သည် ယနေ့မှရဟန်းဖြစ်သော ယောကျ်ားကိုပင် ရှိသေညွတ်တွားရခြင်း၊

၂။ ရဟန်းယောကျ်ားကင်းသော ကျောင်းအရပ်၌ ဝါမကပ်ရခြင်း၊

၃။ လခွဲတစ်ကြိမ် ရဟန်းယောကျ်ားတို့အား နှစ်ပါးသောဓမ္မတို့ကို တောင်းပန်ရခြင်း၊

၄။ ဝါကျွတ်သောအခါ ဥဘတောသံဃာ၌ ပဝါရဏာပြုရခြင်း၊

၅။ ပက္ခမာနတ်ကို နှစ်ဖက်မပြတ် ကျင့်ရခြင်း၊

၆။ သိက္ခမာန်အဖြစ်၌ ၂ နှစ်တိုင်အောင်တည်ပြီးမှ ဥဘတောသံဃာ၌ ဥပသမ္ပဒကံဆောင်ရခြင်း၊

၇။ ရဟန်းယောကျ်ားတို့အား ပရိယာယ်စကားမျှဖြင့်လည်း မဆဲရေး မခြိမ်းခြောက်ရခြင်း၊

၈။ ရဟန်းယောကျ်ားတို့ ပေါကြားဆုံးမတိုင်း လိုက်နာရခြင်း

http://www.dhammadownload.com



တို့ဖြစ်ပါတယ်။ (ဝိနည်းပကာသနီကျမ်း၊ စာ - ၃၄၄ မှ)

ဂရုဓမ္မရှစ်ပါးကို အရှင်အာနန္ဒာပြောတဲ့အတိုင်း မိထွေး ဂေါတမီက လက်ခံရယူပါတယ်။ ဒီလို လက်ခံကြောင်း မြတ်စွာဘုရားထံပြန်ပြီးတော့ လျှောက်ထားတဲ့အခါ မြတ်စွာ ဘုရားက -

"မာတုဂါမ အမျိုးသမီးများဟာ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းအဖြစ် မဝင်ရောက်ရဘူးဆိုလို့ရှိရင် မြတ်သောအကျင့် = သာသနာတော်ဟာ ရှည်မြင့်စွာတည်တံ့ မည်၊ အနှစ်တစ်ထောင်တည်မည်၊ သို့သော် ယခုအခါ အမျိုးသမီးများရဟန်းပြုလိုက်တဲ့အတွက် မြတ်သောအကျင့်ဟာ ရှည်မြင့်စွာမတည်တံ့တော့ဘူး၊ အနှစ်ငါးရာမျှသာ တည်တံ့မယ်" လို့ အဲဒီလို မိန့်မြွက်စကားဟာ ပါဠိတော်မှာရှိပါတယ်။

ဘာ့ကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ ယောက်ျားနည်းပါး ပြီး အမျိုးသမီးမိန်းမတွေများပြားတဲ့နေအိမ်ကို သူခိုးခိုးရန် လွယ်ကူသလိုပဲတဲ့။ ကောက်စပါးများကောက်နာကျရင် ကြာ ရှည်စွာမတည်ဘဲ ပျက်စီးသလိုပဲတဲ့။ ကြံခင်းမှာ ကြံနာကျလို့ရှိရင် ကြာရှည်စွာမတည်ဘဲ ပျက်စီးသလိုပဲတဲ့။

မိုးမကျမီ တစ်ဖက်ဆည်ကန်များ ကြိုတင်ပြုပြင်မှ ရေဝင်မယ်၊ ရေတည်မယ်၊ ဒီလိုပဲ ဂရုဓမ္မရှစ်ပါး ကြိုတင်ပြဌာန်းထားခြင်းဖြင့် အမျိုးသမီးများဝင်ရောက်လာသော သာသနာတော်ဟာ တစ်ဖက်ဆည်ကန်ထဲ ရေတည်သလိုတည် မှာဖြစ်ပါတယ်တဲ့။ မာတုဂါမတွေ သာသနာ့ဘောင်မှာ ဝင်လာတဲ့အတွက် အနှစ်တစ်ထောင်မှာ အနှစ်ငါးရာလျော့သွား ဖို့ရှိပါတယ်။ အဲဒီ အနှစ်ငါးရာ လျော့မသွားဖို့ရာ ဂရုဓမ္မရှစ်ပါး ကို ကြိုတင်ပညတ်လိုက်တဲ့အတွက် လျော့သွားမည့်ငါးရာလည်း လျော့မသွားတော့ဘဲ အနှစ်တစ်ထောင်တည်မြဲတည်မယ်ဆိုတဲ့ အဓိပ္ပာယ်ကို အဋ္ဌကထာက ဖွင့်ပြပါတယ်။

သုသဏ္ဌာသုမ်စာစဉ်

http://www.dhammadownload.com



အဲဒီစကားထဲမှာ အနှစ်တစ်ထောင်တည်မယ်ဆိုလို့ရှိရင် "အနှစ်တစ်ထောင်ရဲ့ နောက်ကျလျှင် သာသနာဟာ ဘာမျှ မရှိတော့ဘဲ လုံးလုံးကွယ်သွားမှာလား" လို့ မေးစရာရှိပါတယ်။

ဒီမှာ အနှစ်တစ်ထောင်ဆိုတာ..ပဋိသမ္ဘိဒါပတ္တဖြစ်တဲ့ ရဟန္တာကြီးတွေ အပြည့်အစုံဖြစ်နိုင်တဲ့ ခေတ်ကာလကို ရည် ရွယ်ပြီးဆိုပါတယ်တဲ့။ မြတ်စွာဘုရား၏ သာသနာတည်တယ် ဆိုတာဟာ မြတ်စွာဘုရား၏ သာသနာအတွင်းမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အဆင့်အတန်းတွေ အမြင့်ဆုံးအဆင့်အတန်းထိအောင် အပြည့်အစုံ တည်တာကို ဆိုလိုပါတယ်တဲ့။ ဒါကြောင့် အနှစ်တစ်ထောင်တည်မယ်ဆိုတာဟာ အဲဒီအနှစ် တစ်ထောင်အတွင်းမှာ အမြင့်ဆုံးဖြစ်တဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးများ တိုင်အောင် တည်နေမယ်" လို့ ဆိုလိုပါတယ်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာတွေ တည်ရှိနေမယ်ဆိုလျှင် အဲဒီအထဲမှာ ဆဠဘိည ရဟန္တာတွေလည်း ပါသွားပါတယ်။ တေဝိဇ္ဇရဟန္တာတွေလည်း ပါသွားပါတယ်။ အဲဒီ အနှစ်တစ်ထောင်ပြီးတဲ့ ကာလကျတော့ လုံးလုံး သာသနာပျောက်သွား လို့မဖြစ်နိုင်ပါဘူး။ ပဋိသမ္ဘိဒါပတ္တခေါ်တဲ့ အမြင့်မြတ်ဆုံး ရဟန္တာပုဂ္ဂိုလ်ကြီးတွေ တစ်ဆင့်ပြီးတဲ့နောက် အကုန်လုံးကွယ် သွားဖို့ရန် မဖြစ်နိုင်ပါဘူး။ တဖြည်းဖြည်းချင်း လျော့သွားပြီး တော့မှ ကွယ်သွားဖို့ဖြစ်နိုင်ပါတယ်။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးများခေတ် - နှစ်ပေါင်းတစ်ထောင်
အဲဒီနောက်..

အနာဂါမ်ခေတ် နှစ်ပေါင်းတစ်ထောင်
သကဒါဂါမ်ခေတ် နှစ်ပေါင်းတစ်ထောင်
သောတာပန်ခေတ် နှစ်ပေါင်းတစ်ထောင်

သာသနာတည်ဦးမယ်ဆိုပါတယ်။

http://www.dhammadownload.com



ဒီလိုသာသနာငါးထောင် နှစ်ပေါင်းငါးထောင် ပိုင်းခြားပြီးတော့ ပြထားပါတယ်။

အဲဒီ နှစ်ပေါင်းငါးထောင်မှာ ယခုအခါ သာသနာနှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်သွားပြီဖြစ်တဲ့အတွက် ပထမပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်ကတော့ မရှိတော့ပါဘူး။ နောက် ဒုတိယ သုက္ခဝိပဿက ရဟန္တာခေတ်လည်း ဒီအဋ္ဌကထာ အရဆိုလျှင် ယခု မရှိတော့ဘူးလို့ ဆိုရမှာပဲ။ ဘာခေတ်ရှိနေ သေးသလဲဆိုတော့ တတိယ ထောင်စုဖြစ်တဲ့အတွက် အနာဂါမ်ခေတ် ရှိနေသေးတယ်လို့ ဒီအဋ္ဌကထာက ဆိုပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း အနှစ်ငါးထောင်ပတ်လုံးမဂ်ဖိုလ် ဆိုတဲ့ သဒ္ဓမ္မ သူတော်ကောင်းတရားတွေ တည်နေတယ်ဆို လျှင် ပရိယတ်(စာပေပိဋက) တရားကတော့ ဘယ်လောက် ကြာအောင်တည်ပါသလဲလို့ မေးစရာရှိပါတယ်။ အဖြေကတော့ ပရိယတ်တရားလည်း အဲဒီ ပဋိဝေဓခေတ် အနှစ်ငါး ထောင်ပါပဲတဲ့။ ဒါ့ကြောင့် "တာနိယေဝ" လို့မိန့်ဆိုထားပါ တယ်။

ဒီနေရာမှာ ပရိယတ်လည်း ဒါလောက်ပဲတည်တယ်ဆို တာကို ခိုင်ခိုင်မြဲမြဲ ယုံကြည်ရအောင်လို့ အကြောင်းယုတ္တိကိုလည်း ဆက်ပြထားပါသေးတယ်။ မြတ်စွာဘုရားဟောကြားတဲ့ကျင့်နည်း ပရိယတ္တိဒေသနာတော်တွေမရှိလျှင် ပဋိဝေဓ ဆိုတဲ့ မဂ်တရားဖိုလ်တရားတွေဟာ မရှိနိုင်ပါဘူးတဲ့။ ပရိယတ် ရှိနေလျှင်လည်း ပဋိဝေဓဆိုတဲ့ မဂ်တရားဖိုလ်တရားဟာ မကွယ်နိုင်ပါဘူးတဲ့။ နည်းလမ်း ရှိလျှင် အဲဒီနည်းလမ်းအတိုင်း ကျင့်ကြံတဲ့ပုဂ္ဂိုလ်တွေ သန္တာန်မှာ ပဋိဝေဓဟာ ရှိရပါမယ်တဲ့။ အဲဒါကို ခိုင်ခိုင်မြဲမြဲမိန့်ဆိုသွားပါတယ်။

ပြီးတော့ ရဟန်းအသွင်ဖြစ်တဲ့ လိင်္ဂသာသနာဆိုတာကတော့ ပရိယတ် ကွယ်သွားပြီးတဲ့နောက် အကြာကြီးတည်နေ သေးတယ်ဆိုတာကို ဒီအဋ္ဌကထာ က ပြသွားပါတယ်။ ဝိနည်း မှာလာတဲ့ဒီသာသနာငါးထောင် ပိုင်းခြားပုံဟာ အသေချာ

http://www.dhammadownload.com



ဆုံးပါပြီ။

ညွှန်း

၁၉၉၇၊ စက်တင်ဘာထုတ် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိနယဝိနစ္ဆယသင်္ဂဟ ဝိနည်းစစ်တမ်း။

http://www.dhammadownload.com

စိတ်ကိုနိုင်တာ သတိတစ်လုံးပဲရှိပါတယ်။
ဒီသတိတစ်လုံးနဲ့ စိတ်ကိုစောင့်ကြည့်၊
စောင့်ထိန်းနေတာ တရားအလုပ်ပဲ။

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# အမေ့အတွက်မမေ့တရား

## မောင်သွေးချွန်(စုစည်းပူဇော်သည်)

[စာမူခွင့်ပြုချက်အမှတ်–၅၆၈/၉၉(၁၀)]

ဖြန့်ချိရေး
သုဝဏ္ဏသျှမ်သာသနာပြုစာစဉ်
အမှတ်(၇၄)သာယာအေးလမ်း၊ ၃–ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၆၆၀၆၇၀၊၀၉၅၀၅၆၃၆၉

http://www.dhammadownload.com

ဘုရားအလောင်းလည်း ရုပ်အပိုနာမ်အပိုမပါဘူး။
ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်လည်း ရုပ်အပိုနာမ်အပိုမပါဘူး။
ဒီရုပ်နဲ့ဒီနာမ် ဒီလိုပဲဒုက္ခခံပြီးကျင့်သွားတာပါ။
ထိပေါက်သလိုကောက်ရသလိုတော့ တရားမရနိုင်ဘူး။

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# မသိရာမှသိရာသို့

## နတ်တလှူအလုပ်ပေးတရားစုပေါင်းချုပ်

## မောင်သွေးချွန်(စုစည်းပူဇော်သည်)

[စာမူခွင့်ပြုချက်အမှတ်-၁၁/၂၀၀၄(၁)]

ဖြန့်ချိရေး
သုဝဏ္ဏသျှမ်သာသနာပြုစာစဉ်
အမှတ်(၇၄)သာယာအေးလမ်း၊ ၃-ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၆၀၆၇၀၊၀၉၅၀၅၆၃၆၉

http://www.dhammadownload.com

ဗောဓိရိပ်မှာ ဘိသိက်ခံလိုသူများအတွက်

ကျေးရှူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

# နိဒါန်းသတိပဋ္ဌာန်

[စာမူခွင့်ပြုချက်အမှတ်–၅၉၈/၂၀၀၄(၈)]

---

လေရိုင်းရိုင်း လှိုင်းထန်ထန်

အဆန်လမ်းမပြန်လမ်းပေါ်မှ

ရဟန်းတစ်ပါး၏

ကျေးရှူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

# သံဝေဂလမ်း

[စာမူခွင့်ပြုချက်အမှတ်–၁၀၄၄၈/၂၀၀၃(၁၂)]

ဖြန့်ချိရေး-သုဝဏ္ဏသျှမ်သာသနာပြုစာစဉ်

http://www.dhammadownload.com

ကမ်းကုန်အောင်ဆိုးမိုက်ခဲ့ရာမှ
ကမ်းတစ်ဖက်သို့ အရောက်ကူးပြခဲ့သော
တုံးအောက်ကဖားတမျှ နိမ့်ကျလှသောဘဝမျိုးမှ
တရားဓမ္မကို အရယူပြ ပေးဝေခဲ့ပါသော
စာမတတ်ပေမတတ် အရှင်မြတ်၏
ခန္ဓာကိုယ်တွေ့ဝိပဿနာတရားစု . . .။

ရေနံချောင်းမြို့နယ် ပင်းဘုရားကုန်းရွာအနီး
ကျားကိုက်ချောင်းသုသာန်ကျောင်းတွင်သီတင်းသုံးတော်မူသော
အရှင်ဝိမလ ၏

# ဘဝကြမ်းမှဓမ္မလမ်းသို့

## မောင်သွေးချွန်(စုစည်းပူဇော်သည်)

[စာမူခွင့်ပြုချက်အမှတ်–၃၂၀၆၀၂၀၉၀၉]

ဖြန့်ချိရေး
သုဝဏ္ဏသျှမ်သာသနာပြုစာစဉ်
အမှတ်(၇၄)သာယာအေးလမ်း၊ ၃–ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၆၆၀၆၇၀၊၀၉၅၀၁၆၃၆၉